www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

သင်မြတ်နိုး

ကိုကိုက ကျွန်မရဲ့ ဖူးစာရှင်လား

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

စန္ဒကူးဆိုတာ ရှေးရိုးဆန်လွန်းတဲ့ ခပ်တုံးတုံးနာမည်တစ်ခုဟု ထင်မှတ်ပြီး သူမဘယ်တော့မှ မနှစ်သက်ခဲ့။

ဒက်ဒီ့ကို ကြောက်ရလွန်း၍သာ လက်ခံလိုက်ရသည်။ အဓိပ္ပာယ်မရှိလိုက်တာနော်၊ သူမက ခေတ်နှင့်အမီပြေးလိုက်နေတဲ့ မိန်းကလေးတစ်ယောက်၊ ဒက်ဒီ့သူငယ်ချင်း ဦးမိုးသခင်က သူမကိုယ်ဝန်ရှိပြီး မိန်းကလေးဆိုတာသိပြီးကတည်းက လာပြီးနာမည်ပေးကြတာတဲ့လေ။ ပြီးတော့လည်း သူတို့ချွေးမလေးအဖြစ် သတ်မှတ်သွားလိုက်ပြီတဲ့။

စိတ်ပျက်လိုက်တာ။ သူမက ပိုက်ဆံပေးကာ ဝယ်ချင်တိုင်း ဝယ်လို့ရတဲ့ အရုပ်ဆိုင်က ကော်ပတ်ရုပ်လေးလားပဲ။ ခေတ်



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ကို တစ်လံလောက် ပြေးချင်နေတဲ့ မာမီကိုယ်တိုင်ကလည်း ဒက်ဒီစကားကို မြေဝယ်မကျ နားထောင်တတ်သူ ဖြစ်နေသည်။

'ကျူး… ဦးမိုးသခင် ဒေါ်တိမ်လွှာသခင်မတို့ရဲ့သား မောင်ဇေရတုနဲ့ လက်ထပ်ဖို့ သူတို့ဘက်ကနေ တောင်းဆိုနေပြီလေ'

'ဘာပြောတယ် မာမီ၊ ကိုကိုဇေရတုလို ရှေးခေတ်က လူကြီးတစ်ယောက်နဲ့ လက်ထပ်ရမယ် ဟုတ်လား'

'ဟုတ်တယ် သမီး၊ သူတို့ဘက်ကနေ တောင်းဆိုလာတာ၊ မာမီက သမီးဖေဖေ လူ့လောကကြီးထဲမှာ မရှိတော့ ပွဲကပျက်သွားပြီ ထင်ထားတာ၊ အခုတော့ သူတို့က လာတောင်းတယ်'

'ဒုက္ခပါပဲ မာမီရာ၊ သေချင်တယ်၊ ဒက်ဒီမှ လူ့လောကကြီးထဲမှာ မရှိတော့တာပဲ မာမီ ငြင်းပစ်လိုက်ပါလား'

'မဖြစ်ဘူး ကျူး၊ သမီး ဒက်ဒီ စီစဉ်သွားခဲ့တာလေ၊ မာမီက သူ လူ့လောကကြီးထဲမှာ မရှိတော့မှ သူ့စကားတွေကို ဖယ်ရှားပို့ရမလား၊ မာမီလည်း သဘောမတူချင်ပါဘူး။ သမီးဒက်ဒီက ကတိတည်လွန်းတယ်၊ မေမေ့ကို သေသေချာချာ မှာထား





ခဲ့တာ၊ ကိုမိုးသခင်ရဲ့ ဆန္ဒအတိုင်းပဲ၊ အားလုံး စီစဉ်ပေးရမယ်တဲ့လေ'

စန္ဒကူး သေပစ်ချင်လောက်အောင်ပင် စိတ်ညစ်ရှုပ်ထွေးသွားသည်။ ကိုကိုဇေရတုကို ကူးသိ၏။ ငယ်စဉ်ကတော့ ဒက်ဒီ ခေါ်ခေါ်သွားလို့ ဦးမိုးသခင်နှင့် ဒေါ်တိမ်လွှာသခင်မတို့ မိသားစု နေထိုင်တဲ့ စံအိမ်ကြီးထဲ မကြာခဏ ရောက်ဖူးသည်။

'ညိုမြင်းအုံ့ရဲ့ သမီးလေး စန္ဒကူးက တော်ဝင်သခင်ပန်းလေးတစ်ခက်လိုပဲ အဖိုးတန်ပြီး ချစ်ခင်နှစ်သက်စရာ ကောင်းတယ်ကွယ်၊ ဦးလေးသခင်ရဲ့ ချွေးမလောင်းလေးပဲ၊ တစ်နေ့ကျရင် စန္ဒကူးလေးကို တို့လက်ထဲအပ်ရမယ်နော်၊ မင်း ကတိပဲ'

'စိတ်ချပါ မိုးသခင်ရာ၊ ကိုယ် ကတိပေးထားပြီးပြီလေ၊ မင်းဘက်က ဆန္ဒရှိရင် ကိုယ်က စိတ်ချလက်ချ အပ်ပြီးသားပဲ မောင်ဇေရတုကိုလည်း ချစ်ပါတယ်၊ မင်းသားက ကိုယ့်သားပဲလေ၊ တို့သူငယ်ချင်းနှစ်ယောက်က အသက်ပေးပြီး ချစ်ခင်ခဲ့ကြတာပဲ'

စန္ဒကူးကတော့ အဲဒီလောက် ရှေးရိုးဆန်လွန်းနေတဲ့ မိသားစုကို မကြိုက်ပါဘူး။ ကိုကိုဇေရတုက သူ့မသက် အသက်



www.burmeseclassic.com

www.burmeseclassic.com



ဆယ်နှစ်လောက် ပိုကြီးသည်။ ရုပ်ရည်ရူပကာက ချောမောပေမယ့် ပုံစံကြီးက ခပ်တုံးတုံးပဲ။ နှစ်ဆယ့်တစ်ရာစုခေတ်မှာတောင် လည်ကတုံးရုပ်အင်္ကျီအဖြူနဲ့ အကွက်စိပ်စိပ်ပုဆိုးနဲ့။ ကိုကိုဇေရတု ဘောင်းဘီအရှည်တွေ စပို့ရှပ်တွေ ဝတ်ဆင်တာ တစ်ကြိမ်တစ်ခါမှ မတွေ့ဖူးခဲ့ပေ။

ကူးကတော့ မကြိုက်ပါဘူး။ ဦးမိုးသခင်တို့ ဒေါ်တိမ်သခင်မတို့ရဲ့ နန်းဆန်ပြီး ကြီးကျယ်မြင့်မြတ် ခမ်းနားနေမှုတွေကိုလည်း ရယ်စရာကြီးဟုပဲ ထင်သည်။

'မာမီမှာ ငြင်းပိုင်ခွင့်မရှိဘူး သမီး၊ မာမီလည်း လုံးဝသဘောမတူပါဘူး၊ ဘယ်လိုဟာကြီးတွေမှန်း မသိဘူး၊ ကူးလေးစိတ်ညစ်ရမယ်၊ စိတ်ကျဉ်းကြပ်မယ်၊ ရတောင့်ရခဲတဲ့ လူ့လောကကြီးထဲမှာ ရတောင့်ရခဲ ရောက်လာပြီး ဘယ်လိုတွေနေမှန်း မသိပါဘူး'

'ကူးလည်း စိတ်ညစ်တယ်၊ ဖြစ်ပါ့မလား မာမီရာ ကူးက သူတို့လို တွေ့တဲ့လူတိုင်းကို အရိုအသေပေးပြီး ခပ်တုံးတုံးပုံစံတွေနဲ့ အရုပ်ကြီးတွေလို ပုံစံခွက်ထဲမှာ နေရမလား'

'ကူးလေးရယ် မေမေလည်း လုံးဝမတတ်သာလို့ပါ၊ကူး





ဖေဖေက သမီးကူး အသက်ပြည့်တဲ့နေ့အထိ သူတို့က မတောင်းဆိုဘူးဆိုရင် မြတ်မြတ်သဘောဆန္ဒအတိုင်းပဲ စီစဉ်ပါတဲ့။ အခုသမီးလေးကူး မနေ့ကပဲ (၁၈)နှစ်ပြည့်တယ်၊ ကွက်တိပဲ၊ ဒီနေ့လာတောင်းဆိုတယ်လေ'

တိကျလိုက်တဲ့ သူတွေ၊ စန္ဒကူး နှစ်ဆယ်ပြည့်တဲ့နေ့မှာ မတောင်းဆိုရင် မာမီသဘော ငြင်းပယ်ခွင့် ရှိပေမယ့် သူတို့က တောင်းဆိုနေသည်တဲ့။ ဒက်ဒီကိုယ်တိုင်ကလည်း မာမီဆီမှာရော ကူးဆီမှာပါ ကတိတွေ အထပ်ထပ်တောင်းခဲ့သည်။

'ဒက်ဒီနဲ့ မိုးသခင်တို့က တစ်ယောက်ကျေးဇူး တစ်ယောက် အပြန်အလှန် ရှိခဲ့ဖူးတဲ့အပြင် အသက်ပေးပြီးတောင် ချစ်ကြတာပါ၊ ဒက်ဒီ့ဆန္ဒအတိုင်း အားလုံးဖြည့်စွမ်းပေးကြပါကွာ'

မာမီရော ကူးပါ ရောဂါဝေဒနာတွေ ပြင်းထန်စွာ ခံစားနေရပြီး လူ့လောကကြီးထဲကနေ ထွက်ခွာဖို့ သေမိန့်ပေးထားသလို အသည်းကင်ဆာဖြစ်နေတဲ့ ဒက်ဒီ့ဆန္ဒကို ဖြည့်စွမ်းပေးပါ့မယ်ဟု ကတိတွေ ပေးလိုက်ကြရသည်။

အဲဒီအချိန်တုန်းက ကူးက ဆယ်နှစ်သမီးလေးပါ။ ဒီ



www.burmeseclassic.com

www.burmeseclassic.com



အသက်အရွယ်လေးနှင့် ဦးမိုးသခင်တို့ရဲ့ ချွေးမအဖြစ် နေထိုင်ဖို့ သဘောတူလက်ခံခဲ့ရသည်။

'မာမီကလည်း သမီးကူးကို သူတို့စံအိမ်ကြီးထဲက ပုံစံခွက်ကြီးထဲ မထည့်ချင်ပါဘူးကွယ်၊ ဒါပေမယ့် ဘယ်တတ်နိုင်မလဲနော် ကူးလေး၊ ဒက်ဒီ့ဆန္ဒပဲလေ၊ မိသားစုအပေါ် တာဝန်ကျေပွန်လွန်းတဲ့ ကိုညိုမြင်းအံ့ရဲ့ဆန္ဒကို မာမီ ဘယ်လိုနည်းနဲ့မှ မလွန်ဆန်နိုင်ပါဘူးကွယ်'

မာမီကလည်း ခေတ်နှင့်အမီ နေထိုင်ဝတ်ဆင်သူ၊ သမီးကူးနှင့်အပြိုင် ဂျင်းပင်န်တွေ စကဒ်တွေ ဝတ်တုန်း၊ Party ပွဲတွေလည်းတက်တုန်း၊ Dance မှာလည်း နာမည်အကြီးဆုံး။ လူ့လောကကြီးထဲ ရောက်တုန်းရောက်ခိုက် မာမီနဲ့ကူးတို့ ပျော်ပျော်ရွှင်ရွှင် လွတ်လွတ်လပ်လပ် နေထိုင်ကြရအောင်တဲ့။ အရေးကြီးတာက ကိုယ်ကျင့်တရားကို ထိန်းသိမ်းနိုင်ဖို့ပဲတဲ့။ ဒက်ဒီလည်း ဒီလိုပါပဲ ခေတ်မီသည့်ကူးကို ချုပ်ချယ်ခြင်းမရှိဘဲ လွတ်လပ်စွာ နေထိုင်စေခဲ့၏။

တစ်ခုပဲ ဆိုးဝါးလွန်းတာက ကူးကို ဒက်ဒီ့သူငယ်ချင်း ဦးမိုးသခင်လက်ထဲ အပ်ထားခဲ့ခြင်းပင်။





'သမီးလေးကူး (၂၀)နှစ်ပြည့်ပြီး တစ်ပတ်အတွင်း သူတို့ဘက်က တောင်းဆိုခြင်း မပြုရင်တော့ သမီးလေးဆန္ဒအတိုင်းပဲ ပြင်းဆန်ပစ်နိုင်တယ်၊ ဒက်ဒီတို့ ကတိကဝတ်ရှိပြီးသားလေ'

ကြည့်ပါဦး၊ ကူးကူးအသက် (၁၈)နှစ်ပြည့်တဲ့နေ့ရဲ့ နောက်တစ်နေ့မှာပင် ဦးမိုးသခင်တို့ဘက်မှ တောင်းဆိုလာသည်။

'ကူးလေး'

'ဟင်'

'မနက်ဖြန်ပဲ ကူးကူးက ဦးမိုးသခင်နဲ့ ဒေါ်တိမ်သခင်မတို့စံအိမ်ကြီးထဲ လိုက်သွားရမယ်လေ'

'ဟင်… ဘာဖြစ်လို့လဲ မာမီ၊ အခု ချက်ခြင်းကိုကိုဇေရတုနဲ့ လက်ထပ်ရတော့မှာလားဟင်'

'မဟုတ်သေးပါဘူး၊ သူတို့က သမီးလေးကို ချွေးမအဖြစ် အံဝင်ခွင်ကျနေအောင် သင်တန်းပေးဦးမှာတဲ့လေ'

'ဘုရားရေ'

ဘာချွေးမပုံစံလဲ၊ အမိပွာယ်မရှိလိုက်တာနော်၊ သူတို့လိုပုံစံမျိုးကြီး သွင်းမှာလား။ အင်္ကျီလက်ရှည်နဲ့ ချိတ်ထမီနဲ့ သေဝပ်ပိပြားစွာ နေထိုင်ရမည့် မိန်းမတစ်ယောက်အဖြစ်လား။ သေချင်တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကူးကူးက ငယ်ငယ်လေးကတည်းက Quater Jeans နဲ့ Body Fit တွေပဲ ဝတ်နေကျပါ။ ဘယ်လောက်အထိ စိတ်အိုက်လိုက်မလဲ။ သူတို့လက်ခံနိုင်မယ့် ချွေးမအဖြစ် လေ့ကျင့်ပေးဦးမှာတဲ့။ ကူး လုံးဝလက်မခံနိုင်ဘဲ ဓွေ့ဓွေ့ခုန်သွားသည်။

'အရာအားလုံး ဒက်ဒီရဲ့ ဆန္ဒတွေပဲလေ၊ သမီးကူးလက်ခံလိုက်ပါ၊ သမီးကူးကိုယ်တိုင် ဒက်ဒီ့ဆီမှာ ကတိပေးခဲ့တာဆိုတော့ သွားတော့ သွားရမှာပဲ ကူးလေး'

ဦးမိုးသခင်နှင့် ဒေါ်တိမ်သခင်မကိုယ်တိုင် လာခေါ်မှာတဲ့။ သမီးလေးကူးကို နေ့စဉ် နှစ်ပေါင်းများစွာ သူတို့လေ့လာအကဲခတ်တော့ သူတို့မျက်စိထဲမှာတော့ လုံးဝ ကန့်လန့်ပဲတဲ့။ ဒါပေမဲ့ လေ့ကျင့်သင်ကြားပေးဖို့ လိုအပ်တယ်တဲ့။ မနက်ဖြန် လာခေါ်မယ်တဲ့။ မာမီက လက်ခံလိုက်ပြီးပြီတဲ့။

ကူး လူမှန်းသိတတ်စကတည်းက ကိုကိုဇေရတုနှင့် လက်ထပ်ရမှာရော၊ ဦးလေးမိုးသခင်တို့ စံအိမ်ကြီးထဲ သွားနေရမှာရော အကြောက်ကြီး ကြောက်နေခဲ့သည်။ အခုတော့ ကူး အထိတ်လန့်ဆုံး သေပစ်ချင်လောက်အောင် စိတ်ညစ်ရမယ့် နေ့ရက်တွေကို ရင်ဆိုင်ဖြတ်သန်းရတော့မည် ဖြစ်သည်။





'ဒက်ဒီရဲ့ ဆန္ဒအတိုင်းပဲ သမီးကူး လက်ခံလိုက်ပါ၊ ဖူးစာဆိုတာ အတိတ်ဘဝက ချစ်ခဲ့တဲ့ ရေစက်ဆိုတာရှိမှ ဇနီးမောင်နှံအဖြစ် ပေါင်းသင်းနေထိုင်ကြရတာပါ သမီးရယ်'

'မာမီကလည်း အဲဒီ ကိုကိုဇေရတုနဲ့ ကူးတို့က ရှေးဘဝက ရေစက်တွေချခဲ့ရင် ဘယ်လိုလုပ်မလဲ၊ ဒီလိုမှန်း မသိလို့ပါ၊ ဘုရား သိကြားမလို့ အတိတ်ဘဝက ရေစက်တွေ ဘာတွေမချမိခဲ့ပါစေနဲ့၊ ကူးရဲ့ဖူးစာရှင် မဟုတ်ပါစေနဲ့'

ကူးလက်လေးနှစ်ဖက်ပူးပြီး နဖူးလေးပေါ် လက်တင်၍ ဆုတောင်းနေတာကို ကြည့်ပြီး မာမီ စိတ်မကောင်းဖြစ်သွားရပုံနှင့် မျက်ရည်တွေပင် ဝေ့တက်နေသည်။

'မာမီ စိတ်မကောင်းအောင် ပြောမနေစမ်းနဲ့ ကူးလေးရယ်၊ ဘယ်တတ်နိုင်မလဲ၊ သမီးသွားရမယ်၊ မဖြစ်မနေသွားရမယ်၊ ဒက်ဒီ့စကားကို ဘယ်လိုနည်းနဲ့မှ ပယ်ရှားလို့ မဖြစ်ဘူးနော်'

မာမီကိုယ်တိုင်ကပင် ကူးကို တိုက်တွန်းနေသည်။ ဒက်ဒီ့အပေါ် အသက်ထင်ရှား မရှိရင်တောင် မာမီနှင့်ကူးတို့က လေးစားလိုက်နာကြရမယ်တဲ့။ မာမီ ဘယ်လောက်ပဲ ခေတ်နှင့်အညီလိုက်နေပါစေ။ လင်ယောကျ်ားအပေါ်မှာတော့ ချစ်ခင်နှစ်သက်ပြီး ရိုသေလေးစားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီ သေဆုံးပြီးတဲ့နောက်မှာလည်း မာမီ တခြား ယောကျ်ားတွေနှင့် အရောတဝင်နေထိုင်ခြင်း မရှိခဲ့။ ပျော်ပျော် ရွှင်ရွှင် နေထိုင်တတ်တာ တစ်ခုပါပဲ။

မာမီကိုယ်တိုင်က တိုက်တွန်းပြောဆိုနေတော့လည်း ကူး နှုတ်ခမ်းလေးတွေ စူစူထော်ထော်နှင့် ယူသွားရမည့်ပစ္စည်းတွေကို အိတ်ထဲထည့်ပေးနေတဲ့ မာမီ့ကိုပဲ ထိုင်ကြည့်နေသည်။

'သူတို့က ကူးအတွက် အဝတ်အစားတွေ အသုံးအဆောင်တွေ အားလုံး စီစဉ်ပေးကြမှာလေ၊ ပစ္စည်းသိပ်အများကြီး ယူစရာ မလိုပါဘူး၊ ညအိပ်အင်္ကျီလောက်နဲ့ အသုံးအဆောင်ပစ္စည်းလေး အချို့ပဲ လိုအပ်တာ'

ကူး ဒူးလေးနှစ်ချောင်းထောင်ပြီး ဒူးပေါ်လက်လေးတင်ကာ မျက်နှာလေးပေါ်မှာ အလိုမကျမှုတွေ ပြည့်နှက်နေသည်။ ငိုလည်း ငိုပစ်ချင်နေသည်။

'လောလောဆယ်တော့ ကူးလေး စိတ်ကျဉ်းကြပ်ပြီး အနေရအထိုင်ရ ခက်ခဲမှာပဲ၊ ညဘက်အိပ်ရင်တော့ ညဝတ်အင်္ကျီလေးတွေ ဝတ်အိပ်နော်၊ မာမီကလည်း တကယ့်ကို မလွဲသာ မရှောင်သာလို့ပါကွယ်'





မာမီက စိတ်ပျက်လက်ပျက်လေးနှင့် ညှိုးညှိုးမှိုင်းမှိုင်း ကူးမျက်နှာလေးကို ပွတ်သပ်ချော့မြူရင်း တဖြည်းဖြည်းတော့ ကူးလေး ကျင့်သားရလာမှာပါကွယ်ဟု ပြောသည်။

ကူး သိနေ၏။ လွယ်တော့မလွယ်ဘူးဆိုတာ။ ကူးအကျင့်စရိုက်တွေနှင့်က လုံးဝဆန့်ကျင်ဘက်ပဲလေ။ ညဘက်ဆို စောစော မအိပ်တတ်တာ၊ နေမြင့်မှ အိပ်ရာကနေ ထတတ်တာ၊ ကော်ဖီနဲ့ ပေါင်မုန့်မီးကင်ကလွဲပြီး မနက်စာ မစားတတ်တာ။

ကိုကိုဖေရတုတို့က နံနက်စောစောထကြရပြီး ဘုရားရှိခိုး ပုတီးစိပ်၊ ပြီးတော့ မုန့်ဟင်းခါးတွေ အုန်းနို့ခေါက်ဆွဲတွေ ချက်စားကြသည်။

'မြန်မာ့အစားအစာတွေက ကျန်းမာရေးနဲ့ ညီညွတ်တယ်၊ အရသာရှိတယ်၊ ခံတွင်းလိုက်တယ်လေ၊ ဦးသခင်တို့ရဲ့ အကျင့်ပဲ၊ မြန်မာ့ရိုးရာအစားအစာတွေပဲ စားကြတယ်'

ကူးလေးက ပေါင်မုန့်မီးကင်စားချင်သည်ဟု ဒက်ဒီကို ပူဆာတော့ ဦးသခင်က မရဘူး ရှိတာပဲ စားရမယ်၊ လူကြီးကျွေးတာ စားရတယ်တဲ့။ တွေးမိတိုင်း ကူး ဘယ်လိုနေရမလဲဆိုတာ မတွေးရဲ သေပစ်ချင်သည်။

'ကူးလေးရယ် ဒီလောက်အထိ စိတ်ဓာတ်ကျမနေပါနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကွယ်၊ သူတို့က သမီးလေးကို စောင့်ကြည့်ကြဦးမှာပါ၊ ဖူးစာပါမှပါ။ မျက်နှာလေးက ရှုံ့တွညှို့မှိုင်းနေတာပဲ၊ သနားလိုက်တာ၊ အဆင်ပြေသွားပါလိမ့်မယ်ကွယ်။ ဘာတွေ ထည့်သွားချင်သေးလဲ။ ကိုယ့်အိပ်ခန်းထဲမှာဆိုရင်တော့ သမီးလေး ဝတ်ချင်တာဝတ်နော်၊ အခြေအနေကို စောင့်ကြည့်ပါဦးလေ'

'အဟင့် … ဟင့် … အဟင့် မာမီက အရမ်းရက်စက်တယ်နော်၊ ကိုယ့်သမီးလေး ဒီတစ်ယောက်တည်းရှိနေတာကို ထည့်လိုက်ရက်တယ်၊ ကူးနဲ့အဆင်ပြေမှာမှ မဟုတ်တာဘဲ၊ ငယ်ငယ်က သူတို့စံအိမ်ကို သွားလည်ရတာတောင် ကူးစိတ်ကျဉ်းကြပ်လို့ သေတော့မယ် သိလား'

မာမီ့ရင်ခွင်ထဲ တိုးဝင်ဖက်တွယ်ပြီး တဟင့်ဟင့်ငိုပစ်မိသည်။ မာမီများ စိတ်ပြောင်းသွားပြီး ကန့်ကွက်မလားလို့၊ မာမီက စိတ်ပြတ်သားစွာဖြင့် သမီးလိုက်ကို လိုက်သွားရမှာပဲတဲ့။ လုံးဝ စိတ်ပြောင်းသွားမည့်ပုံ မပေါ်ပေ။ ဒက်ဒီ့စကားကသာ အတည်ပဲတဲ့။ သမီး ကံကြမ္မာပဲလို့ သတ်မှတ်တဲ့။ စိတ်ပေါက်ပေါက်နှင့် မာမီမသိအောင် short pan တွေကို တစ်ထပ်ကြီး ထည့်ထားပစ်လိုက်သည်။

❀



## အခန်း(၂)

'စန္ဒကူးလေးကို စိတ်ချလက်ချနဲ့ အစ်ကိုကြီးတို့လက်ထဲကို ထည့်လိုက်ပါ မြတ်၊ အစ်ကိုကြီးတို့ ပိုင်ဆိုင်သမျှ ဘိုးဘွားစဉ်ဆက်ချမ်းသာ ကြွယ်ဝသမျှ သမီးလေးစန္ဒကူး ခံစားရမှာပါ၊ မိန်းကလေးပီပီသသ မိုင်းကောင်းကျောက်ဖိလေး ဖြစ်ဖို့တော့ လေ့ကျင့်သင်ကြားပေးရဦးမှာပေါ့'

'ဟုတ်ပါတယ် မြတ်ရယ်၊ မမသခင်မတို့ကလေ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲ ဖိတ်စေချင်တာပါ၊ သားရဲ့ဖူးစာရှင် လက်ထပ်ရမယ့် ချစ်သူမိန်းကလေးက အစ်ကိုကြီးသခင်ရဲ့ အချစ်ဆုံးသူငယ်ချင်းရဲ့သမီးလေးပဲ ဖြစ်စေချင်တာပါ၊ ဒါကြောင့်လည်း



www.burmeseclassic.com

www.burmeseclassic.com



မြတ်သိပါတယ်လေ၊ ဘုရားမှာ သစ္စာဆိုပြီး ဆုတောင်းခဲ့ကြတာ၊ ဆုတောင်းပြည့်ခဲ့တယ်လေ၊ တကယ်ပဲ သမီးလေး ဝင်စားတယ်'

ဘုရားရှေ့ သေပြီပဲ၊ သစ္စာဆိုပြီး ဆုတောင်းခဲ့ကြတာတဲ့။ သားရဲ့ ဖူးစာရှင်မိန်းကလေးမှန်ရင် သမီးလေးဝင်စားပါစေလို့တဲ့။ ဒါဆို ကူးက ကိုကိုဇေရတုရဲ့ ဖူးစာရှင်ပေါ့။

အမလေး သေပစ်ချင်လိုက်တာ။ ဒက်ဒီရော မာမီရောက ထိုအကြောင်းအရာတွေကို မပြောပြကြပေ။ ကူး စိတ်ဓာတ်ကျသွားမှာ စိုးရိမ်လို့ထင်တယ်။

ဦးလေးသခင်နဲ့ ဒေါ်လေးသခင်မက အသက်အရွယ်ထက် ပိုမိုနုပျိုနေကာ အဝတ်အစားတွေကအစ ရှေးရိုးဆန်စွာ သေသပ်ခံ့ညားနေသည်။ ဒေါ်လေးသခင်မက ခန္ဓာကိုယ်တစ်ခုလုံးမှာ ဝတ်ထားတဲ့စိန်တွေ ဖျတ်ဖျတ်ခါလက်နေပြီး ခဲသွေးရောင်ထနေ၏။ ချမ်းသာကြွယ်ဝပြီး အထက်တန်းကျလွန်းသည်။ ဒါပေမဲ့လည်း ကူး မနှစ်သက်မိ။ ဣန္ဒြေသိက္ခာကြီးတခွဲသားနှင့် ပြောဆိုနေထိုင်ရနေရတာ ဘယ်လောက် စိတ်ကျဉ်းကျပ်နေလဲ၊ ဘယ်ဘဝက အကုသိုလ်တွေကြောင့်လဲဟယ်၊ ကူးခန္ဓာကိုယ်လေးတစ်ခုလုံးကို ခြေဖျားကနေ ဆံပင်အထိ စေ့စေ့စပ်စပ်ကြည့်သည်။





'ကူးလေးကိုတော့ ပြုပြင်ပေးစရာတွေက အများကြီးပဲ တွေ့နေရတယ်၊ မျက်စိစပါးမွေးစူးစရာ အလွန်ကောင်းတာပဲ'

အမလေးနော်၊ အားမနာပါးမနာဘဲ ကူးကို ဝေဖန်ပြောဆိုသည်။ မာမီက ကူးကို နှစ်သိမ့်ချော့မြူတဲ့ အကြည့်တွေနှင့်ကြည့်နေရင်း သည်းခံလိုက်ပါ ကူးလေးရယ်ဟု အဓိပ္ပာယ်တွေ သက်ဝင်နေသော အကြည့်တွေ ဖြစ်နေသည်။

ရက်စက်တယ်။ ဒက်ဒီရော မာမီရော ရက်စက်ကြတယ်။ ကူးလေး သန္ဓေတည်တာပင် သူတို့သားရဲ့ ဖူးစာရှင်အဖြစ် ဝင်စားလာခဲ့တာတဲ့။ ကူးက တစ်သက်လုံး ပျော်ပျော်ရွှင်ရွှင် ကျော့ကျော့မော့မော့လေးနှင့် အစေအပါးတွေ ဝိုင်းဝိုင်းလည်စွာ ကြီးပြင်းလာခဲ့၏။

ယောက္ခမလောင်းတွေအိမ်မှာ ဘယ်လိုများ အိမ်ရှင်မပီသစေရန် လေ့ကျင့်မှုတွေနှင့် ပုံစံခွက်ထဲလောင်းထည့် သွန်းဆစ်ခံရမလဲ။ ကျောချမ်းလိုက်တာ၊ ကူးရဲ့ရည်မှန်းချက်တွေက စိတ်တူကိုယ်တူ ချစ်မြတ်နိုးကြတဲ့ ချစ်သူနှစ်ယောက် ဟန်ဆောင်မှုကင်းပြီး ပေါ့ပါးလွတ်လပ်တဲ့၊ ချစ်သူနှစ်ယောက်တို့ရဲ့ အချစ်တွေ မြောက်မြားစွာနဲ့ တည်ဆောက်ထားတဲ့ အိမ်ထောင်ရေး။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့်လည်း ကိုကိုရတုဆိုတာက ကူးမတွေ့ဖြစ်တာကြာနေပေမယ့် သေချာနေတာက ကူး ဘယ်လိုမှ ချစ်သူအဖြစ် ခံစားလို့မရနိုင်တဲ့ ယောကျ်ားတစ်ယောက်ပဲ ဖြစ်နိုင်သည်။

'စန္ဒကူး'

'ရှင်'

'မင်းလေးကို လေ့ကျင့်သွန်သင်ပေးနေတဲ့ အချိန်ကာလတွေမှာတော့ မင်းမေမေနဲ့ တွေ့ဆုံခွင့်မရှိဘူးနော်'

'ဟင်… ဘာဖြစ်လို့လဲဟင်၊ မာမီနဲ့ ကူးက ဘာဖြစ်လို့တွေ့ခွင့်မရှိရတာလဲ၊ ကူးနဲ့ မာမီက တစ်နာရီ တစ်စက္ကန့်လေးတောင် ခွဲနေဖူးတာ မဟုတ်ပါဘူး ဦးလေးသခင်'

'မင်း အဲဒီလို ပြန်ပြောတတ်တာကိုက မယဉ်ကျေးတာပဲ စန္ဒကူး၊ အဲဒီ အမူအကျင့်တွေကနေစပြီး ပြုပြင်ပေးရလိမ့်မယ်'

မာမီ့ကို သူမ ကြည့်တော့ မသိမသာခေါင်းကို ခါယမ်းပြသည်။ ကူးတော့ ထွက်ပြေးချင်နေ၏။ စည်းကမ်းတွေကို ပြတ်ပြတ်သားသား ကိုင်တွယ် ကြီးကြပ်တော့မည့်ပုံပင်။ ကူးကျမှ ဘာဖြစ်လို့များ ဒီလို မိသားစုအသိုင်းအဝိုင်းရဲ့ ချွေးမလောင်းဖြစ်နေရတာလဲ။ ကံကိုက ဆိုးပါတယ်။ ဒက်ဒီ့မျက်နှာကို ပြေးမြင်မိ





တော့ ကူး သည်းခံပြီး နေထိုင်ရတော့မှာပဲလေဟု စိတ်ကိုတင်းပစ်လိုက်သည်။

'ဦးလေးသခင်တို့က မျိုးရိုးစဉ်ဆက် စည်းကမ်းကြီးကြီး စနစ်တကျ နေထိုင်ကြီးပြင်းလာရတာလေ၊ ခေါက်ရိုးကျနေပြီ၊ မင်းကတော့ တသီးတခြား ခေတ်နဲ့အမီ လိုက်ချင်နေကြတဲ့ မိဘတွေရဲ့ လက်ထဲမှာ ကြီးပြင်းရတော့ အင်းလေ ဒီလောက်လေးတော့ အချိုးမပြေဖြစ်နေမှာပဲ'

မာမီရေ ကူးတော့ သေပြီပဲ။ ကိုယ့်သေတွင်း ကိုယ်တူးရတော့မယ် ထင်တယ်။ ထွက်တောင် ပြေးချင်လာပြီ။ မာမီက ကူးလက်လေးကို ဆုပ်ကိုင်သည်။

'သမီးကူးကို သမီးလေးတစ်ယောက်လို သဘောထားပြီး အစ်ကိုကြီးသခင်နဲ့ မမသခင်မတို့က သွန်သင်ဆုံးမကြမယ်လို့ မြတ် ယုံကြည်တားပါတယ်၊ တစ်ဦးတည်းသော သမီးလေးဖြစ်နေလို့ မြတ်တို့ အလိုလိုက်ထားမိပါတယ်၊ အမှားအယွင်းရှိနေရင်လည်း ခွင့်လွှတ်ပေးပါနော်'

'မြတ်'

'ရှင်'



www.burmeseclassic.com

www.burmeseclassic.com



'မြတ် သမီးလေးကို ချစ်တယ် မဟုတ်လား'

'ဟုတ်ကဲ့ ချစ်ပါတယ် အစ်ကိုကြီး'

'ချစ်ရင် မြတ်သမီးလေးရှေ့ရေးအတွက် စည်းကမ်းပေးတာကို လက်ခံပါ၊ တစ်နှစ်အတွင်းတော့ တွေ့ခွင့်မရှိဘူး၊ အစ်ကိုကြီးသခင်တို့က ချွေးမကို ပေါ့ပျက်ပျက် စည်းကမ်းမဲ့ ဣန္ဒြေသိက္ခာမဲ့ နေထိုင်တတ်တာတွေကို ပြုပြင်လေ့ကျင့်ပြီးမှ ချွေးမအဖြစ် လက်ခံနိုင်မယ်'

'ဟုတ်ကဲ့ပါ အစ်ကိုကြီး၊ မြတ်နားလည်ပါတယ်၊ အစ်ကိုကြီး သခင်နဲ့ မမသခင်မတို့ လက်ထဲအပ်ပါတယ်'

မာမီကိုယ်တိုင်က ရိုကျိုးပြီး လေးစားဦးညွှတ်နေသဖြင့် ကူးဘာမှ မတတ်နိုင်တော့ဘဲ သူတို့စီမံတာကို နာခံရတော့မည်ဆိုတာ သိလိုက်သည်။ ဘာကြောင့်လဲ ဒက်ဒီရော မာမီရောက ရှိသေပြားဝပ် တစ်ခွန်းတလေပင် တုံ့ပြန်ပြောဆိုနိုင်ခြင်း မရှိကြတာ စဉ်းစားမရ။

ကူးတို့ မိသားစုလည်း ငွေကြေးချမ်းသာကြပါတယ်။ ဒက်ဒီကိုယ်တိုင်က အောင်မြင်တဲ့စီးပွားရေးလုပ်ငန်းရှင်ကြီး မာမီကလည်း ပညာတတ်။ ဒက်ဒီထားခဲ့တဲ့ စီးပွားရေး လုပ်ငန်းတွေ





ကိုပင် အောင်မြင်တိုးတက်စေရန် ဆက်လက်ဦးဆောင်နိုင်သူဖြစ်သည်။

'ကဲ... အပိုစကားတွေ ပြောမနေတော့ဘူး၊ မြတ်စိတ်ချပါ၊ မြတ်သမီးလေးဘဝရှေ့ရေး ကောင်းစားဖို့ပါလေ၊ ခေါ်သွားတော့မယ်'

'ဟုတ်ကဲ့ ခေါ်သွားပါ မမသခင်မ၊ မြတ်ခင်ပွန်းရဲ့ဆန္ဒပဲလေ၊ သမီးလေး မလိမ္မာတာရှိရင်လည်း ဆုံးမပေးပါဦး'

'ကောင်းပါပြီ'

ကူးလေး လိမ်လိမ်မာမာနေနော်၊ လူကြီးမိဘစကားကို နားထောင်ပါဟုပဲ မာမီက ပြောသည်။ ကူး ဟုတ်ကဲ့ဟုပင် မဖြေချင်သဖြင့် ခေါင်းလေးပဲ ညိတ်ပြမိသည်။

ခြံအပြင်အထိ မာမီကိုယ်တိုင် လိုက်မပို့ဘဲ အိမ်ထဲမှာ ကျန်ရစ်ခဲ့၏။ ဒါကလည်း စည်းကမ်းတစ်ခုပဲလား။ စိတ်အိုက်လိုက်တာ။ သူမ အဝတ်အိတ်ကို သူမကိုယ်တိုင် သယ်လာခဲ့ရမည်တဲ့။ ကားပေါ်မှာ အလုပ်သမားကောင်မလေးတွေ ပါလာလျက်နဲ့နော်။

ချွေးမကို ကျွန်စာရင်းသွင်းချင်နေတာလား မသိ။



www.burmeseclassic.com

www.burmeseclassic.com



ကူးစိတ်ထဲမှာ နည်းနည်းလေးမှ မကျေနပ်။ မတရားနိုင့်ထက် စီးနင်း လုပ်နေတာဟုပဲ ထင်သည်။

'စန္ဒကူး'

'ရှင်'

'လေသံမာတယ်၊ ပြင်စမ်း၊ သခင်ကြီးတို့က မင်းမိဘ အရာရောက်လာကြမယ့် သူတွေလေ၊ ရိုသေရမယ်၊ ကြည်ညိုရမယ်၊ တို့ရဲ့ပြောစကားတွေက မင်း တသွေမတိမ်း လက်ခံကျင့်သုံးရမယ့် အချက်ပဲ'

စန္ဒကူး နင့်ဘဝတော့ ဆုံးပြီ ထင်တယ်။ သူတို့ကိုယ်သူတို့ သခင်ကြီးတွေ သခင်မကြီးတွေနဲ့ ဘဝင်ရူးတွေ ထင်တယ်။ သူတို့စီးလာတဲ့ ကားကြီးကတော့ အိစက်ညက်ညောပြီး သိန်းကိုထောင်ချီတန်နေသည်။ ကူး ထွက်ပြေးချင်လာ၏။

သူတို့သားကိုများ ကူးကကြိုက်မယ် ထင်လား။ ချွေးမကို ပုံစံပေးချင်တာပါ။ နင်ကိုက ကံဆိုးတာပါ စန္ဒကူးရယ်၊ သူတို့သားရဲ့ ဖူးစာရှင်ဖြစ်ရတယ်လို့ တကယ်စိတ်ညစ်တယ်။ ကူးက လူကြီးမိဘတွေကို မရိုမသေလုပ်တာ မဟုတ်ပေမယ့် ချွေးမက ကျွန်လား။





အိတ်ကြီးကို ဆွဲလာရတာ လေးလွန်းလို့ ကူးလက်မောင်းလေး ပြုတ်ကျသွားမတတ်ပဲ။ ညောင်းလိုက်တာ လုံးဝ အခိုပွာယ်မရှိဘူး။ ကူးက အရပ်လား။ ဒီလိုမှန်းသိရင် ကူး ချစ်သူထားပြီး စောစောစီးစီး ချစ်သူနောက်လိုက်ပြေးပါတယ်။

မာမီက .ကူးလေးကို တမင်ခေတ်ရှေ့ပြေးနေတဲ့ ကောင်မလေးတစ်ယောက်ရဲ့ Style နဲ့နေစေတာ ဦးမိုးသခင်တို့ ချွေးမအဖြစ် လက်မခံအောင်တဲ့။ ဒါပေမယ့် ဘယ်တတ်နိုင်မလဲ သမီးရယ်။ သူတို့ကလာပြီး ရွေးချယ်တာကိုးတဲ့။ ကားကြီးထဲ ဝင်ထိုင်မိတော့ မွန်းကျပ်ကျပ်ကြီးပဲ။ ပုံစံခွက်ကြီးထဲသို့ စတင် လောင်းထည့်ခံလိုက်ရပြီဟု တွေးပစ်သည်။

'သခင်ကြီးတို့အိမ်က စည်းစနစ်ကြီးပြီး ယဉ်ကျေးသိမ်မွေ့ကြတယ် စန္ဒကူး၊ သားဇေရတုကလည်း တည်ကြည်ခံ့ညားပြီး ယောကျ်ားပီသတယ်၊ လိမ္မာတယ်၊ ပညာတတ်တယ်၊ လူ့အသက်ကို ကယ်တင်စောင့်ရှောက်နေတဲ့ ဆရာဝန်တစ်ယောက်ပဲ'

ကိုကိုဇေရတု ဆရာဝန်တစ်ယောက်ဆိုတာတော့ ဦးလေးသခင်ဇပြောပြမှ သိရသည်။ အဆက်အသွယ် ပြတ်နေတာကြာပါ



www.burmeseclassic.com

www.burmeseclassic.com



ပြီ။ ဒက်ဒီဆုံးပြီးထဲကပဲ အဲဒီအချိန်တုန်းက ကိုကိုဇေရတုက (၁၅)နှစ်၊ စန္ဒကူးက (၅)နှစ်သမီးအရွယ်ပဲ ရှိသေးသည်။

'သခင်ကြီးတို့က သစ္စာဆိုပြီး မင်းကို တို့သားရဲ့ဖူးစာရှင် အဖြစ် ဆုတောင်းခဲ့ကြတယ်၊ တကယ်လည်း သမီးလေးမွေးလာ တယ်'

ကူးကတော့ ခေတ်နောက်ကို အဝေးကြီးချန်နေရစ်တဲ့ လူတွေရဲ့ ရွေးမလောင်းဖြစ်ရတာ ကံဆိုးသည်ဟုပဲ ထင်သည်။

'သားဇေကို လက်ထပ်ချင်တဲ့ ဂုဏ်သရေရှိ အသိုင်း အဝိုင်းက မိန်းမချောလေးတွေ တပုံတပင်ကြီးပဲ စန္ဒကူး'

'အဲဒါဆိုရင်လည်း ကူးလို မိန်းကလေးမျိုးကို ချွေးမ အဖြစ် မရွေးချယ်ဘဲ၊ အဲဒီ မိန်းကလေးတွေကို ရွေးချယ်ပါလား ဟင်'

'တိတ်စမ်း'

'ရှင်'

'လူကြီးမိဘတွေ စကားပြောနေရင် မင်းစောဒကတက် ပြီး ပြန်ပြောစရာ မလိုဘူးနော် စန္ဒကူး၊ မင်းကို ရွေးချယ်တာက တို့သားရဲ့ ဖူးစာရှင်ဖြစ်နေလို့ပဲ'





အမလေး လန့်သွားတာပဲ၊ ဦးလေးသခင် မျက်နှာကြီးက မာမာထန်ထန်ကြီး၊ ကူးအသားလေးပင် ဆတ်ခနဲ တုန်ရီသွားချင် သည်။

သခင်မကြီးကတော့ စန္ဒကူးကို သွန်သင်ဆုံးမစရာတွေ စည်းကမ်းပေးဖို့ အများကြီး လိုအပ်နေသေးတယ်။ ယဉ်ကျေးမှု လုံးဝမရှိသေးဘူးတဲ့။ အမှန်အတိုင်း ပြောပြတာပဲဟာ၊ ချွေးမ လောင်းကို စတင်ပြီး ပုံစံပေးနေတာမျိုးလား။

တွေ့မယ်လေ စန္ဒကူးအကြောင်း ကောင်းကောင်းသိသွား စေရမယ်။ ကိုကိုဇေရတုကိုယ်တိုင်က စန္ဒကူးကို ခါးခါးသီးသီး အကြောက်အကန် ငြင်းပစ်စေရမယ်။ အသာလေး ငြိမ်ကုတ်နေ ပစ်လိုက်သည်။

'မင်းကို လူကြီးဆန်လာအောင် လေ့ကျင့်ပေးရမယ်၊ သားက လူကြီးဆန်တယ်လေ၊ မင်း ဒီလောက်အထိ ပေါ့ပျက် ပျက် နေထိုင်မယ်လို့တောင် မထင်မိဘူး'

'ဟိုလေ… ကူးက…'

'တိတ်တိတ်နေစမ်း၊ မင်းကို ဘယ်နှစ်ခါပြောမှ နား လည်မှာလဲ စန္ဒကူး၊ ပြန်ခံပက်တာ ရိုင်းတယ်'



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တိမ်သခင်မက မျက်ထောက်နီကြီးနဲ့ ဟောက်ပစ်တော့ ကူး ဒေါသတွေ ပေါက်ကွဲချင်သွားရပေမယ့် ဒက်ဒီ့မျက်နှာက ရှိနေသေးတယ် မဟုတ်လား။

ဦးလေးမိုးသခင်မျက်နှာက တင်းမာသယောင်လောက်ပဲ ရှိနေပေမယ့် ဒေါ်တိမ်သခင်မရဲ့ မျက်နှာကတော့ အထင်သေးနှိမ်ချချင်သလို ကျော့ထဲကပင် စိမ့်သွားအောင် ဒေါသတကြီး အော်ဟစ်ပစ်နေသည်။

ဘာဖြစ်လို့လဲ။ စောစောက မာမီ့ရှေ့မှာရှိနေတဲ့ မျက်နှာထားနှင့် လေသံတွေက ပြောင်းသွား၏။ ကြောက်စရာကောင်းလိုက်တာ စည်းစနစ်ကြီးကြီးတွေ၊ နှိပ်ကွပ်မှုတွေနဲ့ ချွေးမလောင်းကို ပြားပြားဝပ်ဆင်းသွားစေရန် ပုံစံခွက်ထဲ အချိုးကျထည့်သွင်းကြတော့မည် ဖြစ်သည်။

'သခင်ကြီးကို သခင်မပြောသားပဲ၊ စန္ဒကူးကို ငယ်ငယ်လေးထဲက ခေါ်ပြီး ပုံစံသွင်းထားကြရအောင်လို့လေ၊ ကြည့်ပါဦး သခင်ကြီးရယ်၊ အဝတ်အစားဝတ်တာကအစ ဘယ်လောက်အထိများ မျက်စိစပါးမွေးစူးချင်စရာကောင်းနေလဲ'

ကူးကတော့ ခပ်တည်တည်လေးနှင့် ငြိမ်ငြိမ်ကုတ်ကုတ်





ပြန်ထိုင်နေသည်။ ထိုးမယ့်ဆင် နောက်တစ်လှမ်း ဆုတ်တယ်တဲ့။ ကူးမှ မတတ်နိုင်တော့တာပဲ။ မျှော်လင့်ချက်တွေ ရှိနေပါသေးတယ်။

ဒက်ဒီရေ သမီးလေးတစ်ယောက်ကို မွေးထားပြီး ဘာဖြစ်လို့များ ရှုးကြောင်ကြောင် အသိုင်းအဝိုင်းတွေကြားထဲမှာမှ အပ်ထားခဲ့ရတာလဲဟင်၊ စဉ်းစားလို့တောင် မရတော့ဘူး။ မာမီကရော သူတို့အပေါ်မှာ ဘာဖြစ်လို့များ မဆီမဆိုင် ရိုသေနာခံနေရတာလဲ။ ဒက်ဒီမှ မရှိတော့တာ ရှေ့ဆက်ပြီး ဘယ်လိုအခက်အခဲဒုက္ခတွေ ရင်ဆိုင်ဖြတ်သန်းနေထိုင်ရဦးမလဲနော်။

ကြီးကျယ်ခမ်းနားခြင်းတွေ ပြည့်နှက်နေတဲ့ ရှေးဟောင်းစံအိမ်ကြီးထဲသို့ ကူးမျက်စိသူငယ် နားသူငယ်နှင့် ထိတ်ထိတ်လန့်လန့် ဝင်ရောက်လာခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

'ငါက ဒီအိမ်ကြီးရဲ့အိမ်တော်ကိစ္စတွေ အားလုံးကို စီမံခန့်ခွဲရတဲ့ သခင်ကြီး၊ သခင်မကြီးတို့ရဲ့ လူယုံတော် ပျိုမဒီပဲ၊ စံအိမ်ကြီးထဲက အလုပ်သမားတွေကိုလည်း အုပ်ချုပ်တယ်၊ ငါ့ကို သခင်ကြီးနဲ့ သခင်မကြီးတို့က အထူးတာဝန်ပေးထားတာကတော့ နင့်ကို လေ့ကျင့်ပေးဖို့ပဲ'

'ဘာပြောတယ်'

ဟွန်း… ဘာယဉ်ကျေးမှုလဲ အိမ်တော်စိုး တာဝန်ယူထားရတဲ့ မိန်းမတစ်ယောက်ရဲ့မျက်နှာပေါ်မှာ ရှိသေလေးစားမှုတွေ ပျောက်ကွယ်နေသည်။ တကယ်ဆို ကူးက အိမ်ကြီးသခင်ပဲ။ ဦးမိုးသခင်နဲ့ ဒေါ်တိမ်သခင်မတို့ရဲ့ ချွေးမလေ။





အိမ်တော်ကို အုပ်ချုပ်ရတာနဲ့ ကူးကို မရှိမသေ တင်းတင်းမာမာဆက်ဆံနေတာ ယဉ်ကျေးမှုလား။ ပြောလိုက်ရင် ယဉ်ကျေးမှု… ယဉ်ကျေးမှုနဲ့ အလုပ်သမားက လာပြီး ကျောတာမျိုးတော့ စန္ဒကူးတို့ မခံနိုင်ပါဘူး။

သူမကလည်း မျက်နှာထားကို ပင့်ချီပစ်လိုက်သည်။

'ဒီမှာ ရှင်ကြီးဟာ ရှင်ကြီး ဘာပဲဖြစ်နေဖြစ်နေ ကျွန်မကိုတော့ လေးလေးစားစား ဆက်ဆံပါ၊ ကျွန်မက ဒီအိမ်ကြီးထဲက အရှင်သခင်တွေရဲ့ ချွေးမလောင်းလေ'

'နှင်'

ပျိုမဒီ ဒေါသတကြီးနှင့် စန္ဒကူးရဲ့ မျက်နှာတည့်တည့်ကို လက်ညှိုးထိုးပြီး နင်က ဘာကောင်မလဲဟု အော်ဟစ်ပြောလိုက်သည်။

'ငါက စန္ဒကူးလေ၊ ဦးမိုးသခင်နဲ့ ဒေါ်တိမ်သခင်မတို့ရဲ့ ချွေးမလောင်းလေ၊ ဒီစံအိမ်ကြီးထဲက ဒေါက်တာဇေရတုရဲ့ ဇနီးလောင်းပဲ၊ ဇနီးဆိုတာတောင် သာမန်ရိုးရိုး မဟုတ်ဘူး၊ သစ္စာတွေဆို ဆုတွေတောင်းပြီး ဖူးစာရှင်အစစ်အမှန်အဖြစ် ဝင်စားထားတာလေ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာ'

စန္ဒကူး နင်ကဘာကောင်မလေးလဲ။ ဒေါက်တာဇေရော့ရဲ့ ဖူးစာရှင်ဟုတ်လား။ တော်တော် ရယ်ရတာပဲဟယ်၊ ငါကရော ဘာလဲ။ ဇေ့အတွက် အမြဲတမ်းပါရမီ ဖြည့်နေရတဲ့ မိန်းမလေ။ ပျိုမဒီကို နင်က လျှော့တွက်ထားတာပဲ။

ငါနဲ့ဇေက သက်တူရွယ်တူ ဒီစံအိမ်ကြီးထဲမှာ ငယ်စဉ်ဘဝထဲက အတူတူ ကြီးပြင်းလာကြတာလေ။ ဘယ်လောက်သံယောဇဉ်တွေ ငြိတွယ်လာကြလဲ။ တစ်ချိန်လုံး ဇေ့အတွက်ငါပဲ လိုအပ်ကာတွေ စားသောက်နေထိုင်ရေးတွေ အားလုံး စီစဉ်ပေးခဲ့ရတာပါ။ နှစ်ပေါင်းများစွာပဲ။

အခုမှ နင်ကလာပြီး ဖူးစာရှင်ဟုတ်လား။ ဘာဖူးစာရှင်လဲ၊ ဇနီးလောင်းလဲ၊ သေသွားမယ် မှတ်ထား။

အလွန်ချောမောအိစက် နုနုထွတ်ထွတ်ချစ်စဖွယ်ကောင်မလေးက စန္ဒကူးဖြစ်နေ၍ ပျိုမဒီ တွေ့တွေ့ချင်းပင် မနာလိုဝန်တိုမှုတွေနှင့် ဖုံးဖိဟန်ဆောင်၍ မရနိုင်လောက်အောင် ဒေါသပေါက်ကွဲနေသည်။

'စန္ဒကူးကို ဒီစံအိမ်ကြီးရဲ့ အမူအကျင့်တွေ ပြောဆို





ဆက်ဆံရေးနဲ့ အချက်အပြုတ် အိမ်မှုကိစ္စတွေ စီမံတတ်အောင် လေ့ကျင့်ပေးရမယ် ပျိုမဒီ၊ ဒါပေမဲ့ စန္ဒကူးလေးက ငယ်ရွယ်သူလေးဖြစ်တော့ ချောချောမောမော့ နားဝင်ဖို့ သည်းခံသင်ကြားပေးရမယ်'

သခင်ကြီးဦးမိုးသခင် သေသေချာချာ မှာကြားပြီး စန္ဒကူးကို အပ်ခဲ့သည်။

မဒီ ငယ်စဉ်လေးကတည်းက ကြားလာရတာက ဇေ့မှာအသက်အရွယ်ရလာလျှင် လက်ထပ်ယူရမည့် ဖူးစာရှင်မိန်းကလေးရှိထားပြီးသား ဆိုတာပါပဲ။ ထို့ကြောင့်ပင် ဇေ့ဘဝမှာ မိန်းကလေးတွေနှင့် ပတ်သက်ဆက်ဆံခွင့် ချစ်သူမိန်းကလေးထားခွင့် မရှိခဲ့ဘူး။ မိဘတွေက ငယ်စဉ်လေးထဲကပင် ထိန်းသိမ်းစောင့်ကြပ်ပြီး ပုံစံသွင်းထားခဲ့သည်။

ဒါပေမဲ့လည်းလေ ငယ်စဉ်လေးထဲက အတူတူကြီးပြင်းလာခဲ့ရကာ ဇေ့အတွက် လိုလေသေးမရှိအောင် ပြုစုယုယလာခဲ့ရတဲ့ ပျိုမဒီရဲ့နှလုံးသားခံစားမှုတွေကိုရော ထည့်တွက်စဉ်းစားသင့်သည်။

ဇေက ချောမောတယ်။ ခံ့ညားတယ်။ ဖြူနုသန့်စင်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျား၊ ပြီးတော့လည်း ပညာတတ် ဆရာဝန်တစ်ယောက် ပျိုမဒီကိုယ်တိုင်လည်း ဖေ့ကိုချစ်နေ၏။ သံယောဇဉ်တွေ တွယ်ငြိနေသည်။

'ဒီအချိန်ကစပြီး ကျွန်မကို ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံပြောဆိုနေရင် ရှင်ကြီး ကျွန်မအနားကပ်လို့ရမယ် မထင်နဲ့၊ ဘာလေ့ကျင့်ပေးမှာလဲ ထွက်သွား'

'နင်က ငါ့ကို မောင်းထုတ်တယ်ပေါ့လေ၊ ကောင်းပြီ နင် နောင်တရစေရမယ် စန္ဒကူး၊ တစ်နေ့ကျရင် ငါ့အကြောင်း ကောင်းကောင်းသိစေရမယ်'

ဘယ်လိုမိန်းမလဲ။ အသက်အရွယ်ကတော့ ကိုကိုဖေရတုနဲ့ ရွယ်တူပဲ ဖြစ်မည်။ ပုံစံကလည်း ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့ ပုံစံပါပဲ။ ပါတိတ်ဝမ်းဆက်ကို လက်ရှည်ရိုးရိုးယဉ်ယဉ် ဝတ်ဆင်ထားတာပဲရှိတာ။

အသံနဲ့ မျက်နှာထားကြီးကတော့ ကြောက်စရာကြီး ကူးကိုနှိပ်ကွပ်ဖို့ ကြံစည်တာလား။ ကူးက မဟုတ်မခံ ဇတ်ဇတ်ကြမလေး။ ထိုမိန်းမကို ခပ်တင်းတင်းပြန်ကြည့်ပစ်သည်။

'ရှင်ကြီးလည်း စန္ဒကူးအကြောင်း ကောင်းကောင်းသိစေရမယ် စောင့်ကြည့်နေ'





အဓိပ္ပာယ်မရှိလိုက်တာ ကူးက ဘာမို့လို့လဲ။ ရှေးခေတ်ကလို ချွေးမကို လက်ကျောတင်းမတင်း ငရုတ်သီးထောင်းခိုင်းပြီး စမ်းသပ်ချင်တာလား။

လုံးဝပဲ ခေတ်နောက်ကျနေပြီ။ မိန်းကလေးတွေနဲ့ ယောက်ျားလေးတွေ ရင်ဘောင်တန်းပြီး အလုပ်လုပ်နေကြပြီလေ။ စန္ဒကူး အော်ဟစ်ပြော ်ပစ်လိုက်သည်။

'လုံးဝ သည်းမခံဘူး၊ ချွေးမအဖြစ် လက်မခံနိုင်ကြရင်လည်း နေပစေ၊ ဘယ်လို ရူးကြောင်ကြောင်လူတွေလည်း မသိပါဘူး'

'စန္ဒကူး'

'ဟင်… အမလေး လန့်လိုက်တာ အန်တီသခင်မကလည်းဝင်လာရင်လည်း အသံလေးဘာလေးပေးပါ၊ ကူးက ကိုယ့်အခန်းထဲ ခွင့်မတောင်းပဲ ဝင်ထွက်တာ လုံးဝ…'

'ဘာပြောတယ်'

'ဟို… ဟို…'

'နင်က တော်တော်လေး ပြန်လှန်ပြောဆိုတတ်နေပါလား စန္ဒကူး၊ ရိုင်းလွန်းတယ် ဒီလိုဟာမလေးမျိုးနဲ့ ငါတို့သားကို လက်ထပ်ပေးလို့ ဖြစ်ပါ့မလား'



www.burmeseclassic.com

www.burmeseclassic.com



'မဖြစ်ဘူးထင်ရင်လည်း လက်ထပ်ပွဲကို ပြန်ရုပ်သိမ်းပေးပါလား အန်တီရယ်'

'နင်... နင် ဘယ်လိုမိန်းကလေးလဲ၊ မဖြစ်ဘူး၊ မဖြစ်ဘူး၊ နင့်ကို ခပ်ကြမ်းကြမ်းကိုင်တွယ်မှ ဖြစ်တော့မယ်'

စန္ဒကူးဆိုတဲ့ ကောင်မလေးကတော့ မလွယ်ဘူး။ မျက်နှာကျောတော်တော်တင်းတာပဲ။

ပျိုက ပြောတယ်။ ဇွန်မတန်ဘူးတဲ့ ရိုင်းစိုင်းတဲ့ အမူအကျင့်တွေကိုပျောက်အောင် လေ့ကျင့်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်ဘူးတဲ့။

သခင်ကြီးကြောင့်ပါ။ စန္ဒကူးက သူ့သားရဲ့ ဖူးစာရှင်အစစ်အမှန်တဲ့ ငယ်ရွယ်သူဖြစ်နေလို့ အတင်းအကျပ် မကိုင်တွယ်ရဘူးတဲ့လေ။ ဒေါ်တိမ်သခင်မကတော့ စန္ဒကူးကို မနှစ်သက်မိ၊ သားဇေနှင့် မတန်ဘူးဟုထင်သည်။ မိမိသဘောကျနှစ်သက်တာက မိမိရဲ့တိတ်တိတ်ပုန်းသမီး ပျိုမဒီပဲ။

တကယ်တော့ ဇေရတုက မိမိသားအရင်း မဟုတ်ပါဘူး။ လင်ပါသားပဲ။ အမှန်တော့ သူမက ဇေရတုရဲ့မိခင်ရင်း ဒေါ်တိမ်သခင်မကိုပြုစုပေးရတဲ့ သူနာပြုဆရာမလေး မတိမ်ဖြူ





ပါ။ မိမိမှာလည်း ဇေ့ထက် လေးလလောက်ကြီးတဲ့ သမီးလေးတစ်ယောက်ရှိနေတာ သခင်ကြီးပင် မသိခဲ့။ အပျိုတစ်ယောက်ဟုပဲ ထင်မှတ်နေသည်။

'သားလေးကို စောင့်ရှောက်ဖို့ ကိုယ် တိမ်ဖြူကိုပဲ လက်ထပ်ပါရစေနော်၊ ကလေးအကြောင်း မတိမ်ဖြူပဲ သိနားလည်ကျွမ်းကျင်တာပဲ မဟုတ်လား'

ချမ်းသာကြွယ်ဝလွန်းပြီး ကြီးကျယ်ခမ်းနားတဲ့ သူဌေးကြီး ဦးမိုးသခင်က လက်ထပ်ဖို့ တောင်းဆိုလာသောအခါ မတိမ်ဖြူလို သူနာပြုဆရာမလေး ငြင်းပယ်နိုင်စွမ်း မရှိတော့ဘဲ လက်ခံခဲ့သည်။ မတိမ်ဖြူရဲ့အတိတ်ဇာတ်ကြောင်းတွေ၊ သမီးလေးတစ်ယောက် ရှိနေခဲ့တာတွေ၊ ခင်ပွန်းသည်က သူမအား စွန့်ပစ်သွားတာတွေ ဘာတစ်ခုမှ ထုတ်ဖော်အသိပေးခြင်းမပြုတော့ဘဲ သခင်မကြီး ဒေါ်တိမ်သခင်နေရာကို ပေါ်တင်ဝင်ယူခဲ့သည်။

မာကျောကျော ဂျစ်ကန်ကန် စန္ဒကူးနှင့်အပြိုင် ရန်မဖြစ်လိုတော့၍ ဒေါ်တိမ်သခင်မ ပြန်ထွက်လာခဲ့၏။ မိမိ အိပ်ခန်းထဲရောက်တဲ့အထိ ရင်ထဲမှာ ဖြစ်တည်နေတဲ့ ဒေါသအစိုင်အခဲက မပြေပျောက်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



စန္ဒကူးကို ဘယ်လို ပထုတ်ရှင်းလင်းပစ်ရမလဲ ဆိုတာပဲ အကြံထုတ်နေသည်။

'ကိုယ်နဲ့ သခင်မတို့ လက်ထပ်တာကို ကိုယ့်သူငယ်ချင်း မိတ်ဆွေ အပေါင်းအသင်းတွေတောင် မသိကြဘူး မတိမ်ဖြူ၊ ကိုယ့်ဇနီးကို မြင်လည်း မမြင်ဖူးကြဘူး၊ ဒါကြောင့် မတိမ်ဖြူပဲ တိမ်သခင်မ နာမည်ကို ဆက်ခံယူပါ၊ ကိုယ့်သားလေး ဇေရတုကို လည်း မတိမ်ဖြူရဲ့သား ရင်သွေးလေးအဖြစ် ကျွေးမွေးစောင့် ရှောက်ပြုစုပေးပါနော်'

'စိတ်ချပါ အစ်ကိုကြီးရယ်၊ တိမ် သိပါတယ်၊ တကယ်ပဲ သခင်မကြီး နာမည်နဲ့ မတိမ်ဖြူနာမည်က လာပြီး ဆင်တူနေ တယ်လေ၊ ဇေက မတိမ်ဖြူသားလေးပါ၊ မတိမ်ဖြူကိုယ်တိုင် ဝမ်းနဲ့လွယ်ပြီး မွေးခဲ့တာပါ'

'မတိမ်ဖြူရယ်၊ ကဲပါ… ဒီနေ့ကစပြီး တိမ်သခင်မကို စ်ကိုကြီးခေါ်သလို မင်းကိုလည်း သခင်မလို့ ခေါ်တော့မယ်'

'ဟုတ်ကဲ့ပါ သခင်ကြီးရယ်၊ သခင်မဘဝကို ကယ်တင် စောင့်ရှောက်ခဲ့တဲ့ ကျေးဇူးတွေကို သခင်မဘယ်တော့မှ မမေ့ပစ် ပါဘူး၊ သခင်ကြီး ဆန္ဒအတိုင်း သားလေးဇေကို မိခင်ရင်းပမာ





စောင့်ရှောက်ပြီး သခင်ကြီးကျေးဇူးကို ပေးဆပ်သွားပါ့မယ်၊ သစ္စာ ကတိပြုပါတယ်နော်'

မတိမ်ဖြူရဲ့ဘဝက နေ့ချင်းညချင်းဆိုသလို သခင်မကြီး ဘဝကို ခံယူရရှိကာ စည်းစိမ်ချမ်းသာတွေ အပြည့်အလျှံပယ်ခံစား နေရသည်။ မိမိသည် ကွယ်လွန်သွားတဲ့ ဒေါ်တိမ်သခင်အဖြစ်ပဲ ဆက်လက်ရပ်တည်နိုင်စေရန် သခင်ကြီးက စံအိမ်တော်အား ရန်ကုန်မြို့ကြီးဆီသို့ ပြောင်းရွှေ့လာသည်။ ထိုအချိန်တွင် ငယ် သူငယ်ချင်း သခင်ကြီးတို့ရဲ့ အံထောက်အပံ့တွေနှင့် ပညာတတ် တစ်ယောက် ဖြစ်လာကာ စီးပွားရေးလုပ်ငန်းရှင်ကြီး ဖြစ်နေသော ကိုညိုမင်းအံ့နှင့် ဒေါ်မြတ်မြတ်တို့နှင့် ဆုံမိသည်။

'ညိုမင်းအံ့ရာ… မင်းကို ကိုယ်အရမ်းတွေ့ချင်နေတာကွ၊ ဝမ်းသာလိုက်တာ'

'ကိုယ်လည်း ဝမ်းသာတယ် မိုးသခင်ရာ၊ မင်းရဲ့ ကျေးဇူး တွေက အများကြီးပဲလေ၊ ကိုယ်ဒီဘဝမျိုး ရောက်ခဲ့ရတာ မင်းရဲ့ ထောက်ပံ့ကူညီမှုတွေ အများကြီးပါတယ်၊ ဒါက ကိုယ့်ဇနီး မြတ် တဲ့၊ ကိုယ်တို့ လက်ထပ်တာတစ်နှစ်ပဲ ရှိသေးတယ်'

'ဒါက ကိုယ့်ဇနီး ဒေါ်တိမ်သခင်မတဲ့၊ ကိုယ်တို့မှာ



www.burmeseclassic.com

www.burmeseclassic.com



သားလေးတစ်ယောက်ရှိတယ်၊ ဇေရဟုတဲ့ မင်းတို့ရော သားသမီး ရင်သွေး မရသေးဘူးလား'

'မရသေးဘူးကွ၊ ကိုယ်တို့လည်း ရင်သွေးရအောင် အမျိုးမျိုး ဆုတောင်းကြတာပဲ မရဘူး'

'ကောင်းပြီလေ၊ ညိုမင်းအံ့ ငါ့စိတ်ထဲမှာ အကြံအစည် ဆန္ဒတစ်ခု ပြင်းပြစွာ ဖြစ်ပေါ်လာတယ်၊ အဲဒါက မင်းသမီးလေး မွေးလာခဲ့ရင် ကိုယ့်ချွေးမအဖြစ်သိမ်းပိုက်ဖို့ပဲ၊ ဘယ်လိုလဲ၊သဘောတူလား'

'ဘယ်လို ပြောလိုက်တာလဲ မိုးသခင်ရာ၊ မင်းနဲ့ ကိုယ်က ပြောစရာလူတွေလား၊ ကိုယ်သာ သမီးလေးမွေးပါစေ၊ မင်းလက်ထဲအပ်မယ်၊ မင်းချွေးမပဲ၊ မင်းကြိုက်သလို ပုံသွင်းကွာ'

'ဒါဆို တို့တွေ ဘုရားမှာ သစ္စာဆိုကြမယ်၊ တကယ်လို့ တို့ဆုတောင်းပြည့်ဝခဲ့ရင် သမီးလေးမွေးခဲ့ရင်ပေါ့ကွာ၊ ဒါ သားရဲ့ ဖူးစာရှင်စစ်စစ်ပဲ၊ ကိုယ်တို့ နှစ်ပေါင်းများစွာ ကွဲကွာနေရာကနေ မထင်မှတ်ပဲ လာဆုံကြတာလေ၊ ဘုရားမှာ သစ္စာဆိုပြီး ဆုတောင်းကြမယ်၊ ဘယ်လိုလဲ မြတ်ရော သဘောတူလက်ခံလား'

'ဟုတ်ကဲ့ လက်ခံပါတယ် ကိုမိုးသခင်ရယ်၊ ကိုညိုမင်းအံ့





ကလည်း ဒီအကြောင်းတွေ မကြာခဏ ပြောပြတတ်ပါတယ်၊ မြတ်လည်း ကန့်ကွက်စရာ မရှိပါဘူး၊ လက်ခံသဘောတူပါတယ်'

ကိုညိုမင်းအံ့ ဇနီးကပါ လက်ခံသဘောတူကြ၍ ဘုရားပေါ်တက်ကာ သစ္စာပြုဆုတောင်းခဲ့ကြသည်။

မိမိကတော့ မနှစ်သက်။ ဇေရဲ့ ဖူးစာရှင်အစစ်အမှန်က မိမိသမီးလေး ပျိုမဒီပဲ ဖြစ်စေချင်ခဲ့၏။ သူတို့မှာ သမီးလေးမမွေးပါစေနဲ့ဟု ဆုတောင်းမိသည်။ ဘာဖြစ်လို့လဲဆိုတော့ ငါးနှစ်အရွယ်ရှိနေပြီး သူများအိမ်မှာအပ်ထားရတဲ့ သမီးလေးပျိုမဒီကို မိမိအနားခေါ်ထားပြီး ဇေနှင့် နီးစပ်စေချင်နေ၏။

ကံကဆိုးချင်တော့ သူတို့မှာ ကိုယ်ဝန်ရှိလာပြီး သမီးလေးဆိုတာ သိလိုက်ရတဲ့အချိန်တွင် ဒေါ်တိမ်သခင်မ တဖြစ်လဲ မတိမ်ဖြူ အလိုမကျနိုင်အောင် ရင်ထဲမှာ မီးတောက်သွားရသည်။

'သမီးလေးတဲ့၊ အဲဒါ တို့သားဇေရဲ့ ဖူးစာရှင်စစ်စစ်ပဲ ညိုမင်းအံ့ရာ၊ တကယ်ပဲ ကိုယ့်ချွေးမလောင်းလေးပဲ၊ မင်းအပ်ရမယ်နော်၊ သားဇေအတွက် အလုံးစုံပြည့်စုံတဲ့ ဇနီးတစ်ယောက်အဖြစ် ပြုစုပျိုးထောင်ပေးရမယ်၊ နာမည်လေးကိုလည်း ရှေးဆန်ဆန် စန္ဒကူးလို့ ပေးမယ်၊ ဘယ်လိုလဲ ညိုမင်းအံ့'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပါတယ် မိုးသခင်ရာ၊ ကိုယ်က ဘာမှ ကန့်ကွက်စရာ မရှိပါဘူး၊ မင်းသဘောပဲလေ မင်းလက်ထဲအပ်ပါ့မယ်'

စန္ဒကူးလေး (၁၀)နှစ်အရွယ်တွင် ကိုညိုမင်းအံ့ ဆုံးပါးသွား၍ မိခင်အမျိုးတွေရှိရာ အထက်မြန်မာပြည်ကို ပြောင်းရွှေ့သွားခဲ့သည်။ သမီးလေးစန္ဒကူး (၁၈)နှစ်ပြည့်တဲ့အခါ တစ်ပတ်အတွင်း တောင်းခံရမယ်ဟု ပြောဆိုထားကာ သခင်ကြီးတို့ဘက်က ဆန္ဒမရှိရင် ကတိဖျက်ပစ်နိုင်ကြောင်းနှင့် (၁၈)နှစ်ကျော်ပြီး တစ်ပတ်အတွင်း တောင်းခံမှုမရှိကလည်း မိမိတို့ဘက်မှ ငြင်းပယ်ခွင့်ရှိကြောင်း ကတိပြုကာ လူချင်းဝေးကွာ သွားခဲ့ကြသည်။



## အခန်း(၄)

ဒေါ်တိမ်သခင်မကတော့ မိမိသမီးလေး ပျိုမဒီအား မိမိစံအိမ်ကြီးထဲ မွေးစားသမီးအဖြစ် ရောက်ရှိလာအောင် ကြံစည်လုပ်ဆောင်ခဲ့သည်။ မိမိရဲ့ အစ်မဝမ်းကွဲအား သမီးလေးပျိုမဒီကို လာပို့စေခဲ့၏။ မိမိကျေးဇူးရှင်ရဲ့ သမီးလေး မျက်စိသူငယ် နားသူငယ်နှင့် ဒုက္ခရောက်နေ၍ မိမိတို့စံအိမ်မှာ သားဇေရဲ့ ကစားဖော်အဖြစ်ထားဖို့ တောင်းဆိုသည်။

'ဒီကလေးက သခင်မကျေးဇူးရှင်တွေရဲ့ သမီးလေးပါ သခင်ကြီးရယ်၊ ခေါ်ထားခွင့်ပြုပါနော် သားဇေအတွက်လည်း အဖော်ရတာပေါ့လေ၊ တကယ်ပဲ ထောက်ပံ့ကူညီခဲ့ကြတာပါ၊ သခင်ကြီးနဲ့ ကိုညိုမင်းအံ့တို့လိုပဲလေ'



www.burmeseclassic.com

www.burmeseclassic.com



'သခင်ကြီးကတော့ မိန်းကလေး သက်တူရွယ်တူကို သားအနားမှာ မထားချင်ဘူး၊ ဒီလို အဆင့်အတန်းကလာတဲ့ မိန်းကလေးနဲ့ မနီးစပ်စေချင်တာပဲ သခင်မ၊ လက်မခံပါနဲ့ကွာ၊ ထောက်ပံ့ငွေပဲ ပေးလိုက်ပါ၊ ရင်းနှီးစားသောက်နိုင်တဲ့ ငွေကြေးပမာဏ ပေးလိုက်'

'မဟုတ်သေးပါဘူး သခင်ကြီးရယ်၊ သခင်မမှာ စောင့်ရှောက်ရမယ့် ဝတ္တရားရှိနေလို့ပါနော်၊ ဇေက ဖူးစာရှင်စစ်စစ် မိန်းကလေး ရှိနေပြီးသားပါ၊ ဒီကောင်မလေးက အစေအပါး အဖြစ်နဲ့နေထိုင်ရမှာပါပဲ၊ သားဇေ ဘယ်လောက်လိမ္မာလဲ၊ သခင်ကြီးစကားကို မြေဝယ်မကျ နားထောင်လာခဲ့တာပါ၊ သခင်မ တာဝန်ယူပါတယ်နော်၊ စိတ်ချပါ၊ လက်ခံခွင့်ပြုပေးပါ၊ တောင်းပန်ပါတယ်'

မိမိအကြိမ်ကြိမ်တောင်းပန်တော့မှ သမီးပျို့မဒီကို နေထိုင်ခွင့်ပြုခဲ့သည်။ မိမိကလည်း သမီးပျို့မဒီကို သခင်ကြီးစိတ်တိုင်းကျစေရန် ပြုစုဆုံးမသွန်သွင်ခဲ့ရ၏။

မြန်မာဆန်လွန်း၊ ယဉ်ကျေးသိမ်မွေ့လွန်းတဲ့ မိန်းကလေး တစ်ယောက်အဖြစ် နေထိုင်ကြီးပြင်းစေ၍ သခင်ကြီးက မွေးစားသမီးတစ်ယောက်အဖြစ်ပင် လက်ခံလာသည်။





'ပျို့လေးက ယဉ်ကျေးတယ်၊ သိမ်မွေ့တယ်၊ လိမ္မာတယ်၊ ဘာပဲဖြစ်ဖြစ် ကိုယ်တို့သမီးလေးပါပဲ၊ သခင်မ ပြုစုစောင့်ရှောက်ပါ'

မိမိရဲ့ ပြင်းပြဆုံးသောဆန္ဒကတော့ ဇေနှင့် ပျို့မဒီတို့ နီးစပ်ပြီး သံယောဇဉ်တွယ်ငြိသွားစေဖို့ပင်။ ပျို့မဒီကလည်း သားဇေအား ငယ်စဉ်လေးထဲကပင် သံယောဇဉ်တွယ်ငြိပြီး လိုလေသေးမရှိအောင်ပင် ပြုစုယုယပေးလာခဲ့သည်။

ဒါပေမဲ့လည်း ကံကြမ္မာက မိမိဆန္ဒအတိုင်း ဖန်တီးဖော်ဆောင်နိုင်ခြင်းမပြုခဲ့။ သားဇေက မောင်နှမသံယောဇဉ်က လွဲပြီး ပျို့အပေါ် မပိုလာပေ။

ဖခင်ရဲ့ စကားကို မြေဝယ်မကျနားထောင်ရတဲ့ ဇေ့ဘဝမှာ ဖူးစာရှင်အစစ် မိန်းကလေးနှင့် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ လက်ထပ်ရမည် ဖြစ်၍ ချစ်သူရည်းစားထားခွင့် မရှိဘူး ဆိုတာပင်။ ဇေက ဖခင်စကားကို နားထောင်တဲ့ သားလိမ္မာ။

သူနှင့် အနီးကပ်ရှိနေတဲ့ ပျို့ကို လုံးဝစိတ်မဝင်စားခဲ့ပါ။ ပျို့ကလည်း အရွယ်ရောက်လာတော့ မိန်းမချောလေးပါပဲ။ ဘွဲ့လည်းရခဲ့သည်။ ဇေနှင့် ချစ်သူသံယောဇဉ်တွေ မတွယ်ငြိကြ။ မိမိ စိတ်ပူပင်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



'သခင်ကြီးရယ် ကျွန်မကြားရသလောက်တော့ စန္ဒကူးက လိမ္မာယဉ်ကျေးတဲ့ စရိုက်အသွင်အပြင်တွေ လုံးဝမရှိဘူးနော်၊ ဖေနဲ့လည်း မလိုက်ဖက်ပါဘူး၊ ခပ်နန့်နန့်ကောင်မလေးပါ၊ သူ့အမေက သားဖေနဲ့ သဘောမတူချင်လို့ သူ့သမီးကို သခင်ကြီးအကြိုက်ပုံစံ မသွင်းတာထင်တယ်'

'ဘာပဲဖြစ်ဖြစ်လေ စန္ဒကူးလေးက သားရဲ့ ဖူးစာရှင်စစ်စစ်ပဲ၊ သခင်ကြီးတို့ စန္ဒကူးလေးကို ပြုပြင်ဆုံးမရမယ်၊ သားအတွက် သစ္စာအဓိဋ္ဌာန်ပြုခဲ့ကြလို့ ဘယ်လိုနည်းနဲ့မှ စန္ဒကူးလေးကို လက်လွှတ်မခံနိုင်ဘူး။ ညိုမြင်းအုံ့ကိုယ်တိုင် ကိုယ့်လက်ထဲအပ်ထားခဲ့တာပါ။ မြတ်လည်း မလွန်ဆန်ပါဘူး။ စန္ဒကူးလေး (၁၈)နှစ်ပြည့်တဲ့နေ့ နောက်တစ်နေ့ မြတ်ဆီမှာ သွားတောင်းရမယ်'

'စဉ်းစားပါဦး သခင်ကြီးရယ်၊ ကောင်မလေးကတကယ့်ကို ခေတ်ဆန်လွန်းပြီး အနေအထိုင်ကအစ ပေါ့ပျက်ပျက် ဖွတ်ဆတ်ဆတ်ပဲ၊ သခင်ကြီးက ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းသူပါ၊ ဖြစ်မယ်မထင်ဘူးနော်၊ သားဖေဘဝတစ်လျှောက်လုံး စိတ်သောကတွေနဲ့ ရင်ဆိုင်သွားရမှာလေ၊ ကျွန်မကတော့ သဘော





မတူချင်ဘူး၊ ဖေ့ဘဝတစ်သက်တာအတွက်လေ၊ မသင့်တော်ဘူးထင်တယ်၊ စဉ်းစားပါဦး သခင်ကြီးရယ်'

'သခင်ကြီး ဘာမှ ထပ်မစဉ်းစားတော့ဘူး သခင်မ၊ လုပ်သင့်တာလုပ်ရမှာပဲလေ၊ သစ္စာကတိနဲ့ လုပ်ခဲ့ကြတာပါ၊ စန္ဒကူးလေးကို ပြုပြင်ပေးမယ်၊ လိမ္မာယဉ်ကျေးအောင် ဆုံးမမယ်၊ သားနဲ့ အနေနီးစပ်အောင် ထားပေးရမယ်၊ သူတို့က ဖူးစာရှင်တွေပါ၊ သခင်ကြီးတို့ သစ္စာဆိုထားကြတာလေ'

သခင်ကြီးက ဘယ်လိုမှ ဟန့်တားပြောဆို၍ မရ။ စန္ဒကူးအကျင့်စရိုက်တွေကို သိသိကြီးနှင့် မြတ်ထံတောင်းခံခဲ့သည်။ ဖူးစာရှင်တဲ့ ဘာဖူးစာရှင်လဲ။

မိမိကတော့ သမီးပျိုမဒီနှင့်လက်ထပ်ဖြစ်အောင် ကြံစည်ရမှာပဲလေ။ သမီးလေးက သနားစရာကောင်းတယ်။ ယခုအချိန်အထိ မိမိကိုပင် မိခင်မှန်း မသိသေးပေ။ မိဖမဲ့ကလေးအဖြစ်နှိမ့်ချစွာ အိစေအပါးဘဝသာသာ နေထိုင်လာခဲ့ရ၏။

ဖေ့အပေါ်လည်း ဘယ်လောက်အထိ သံယောဇဉ်ကြီးပြီး အနစ်နာခံနေခဲ့လဲ။ ဖေက ဖခင်စကားပဲ အမိက၊ တစ်နေ့နေ့လက်ထပ်ယူရမည့် ဖူးစာရှင်ဆိုတာကိုပဲ စောင့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ညည်းလို ပျံတန်တန် နန့်တန့်တန့် ကောင်မလေးတစ်ယောက်ကို ဧကော ကြိုက်မယ်ထင်လို့လား၊ ဧကော ခေါက်ရိုးကျိုးနေပြီအေ့ သိလား၊ အမြဲတမ်း ယဉ်ကျေးသိမ်မွေ့ပြီး ယောကျ်ားပီပီသသနေတာ၊ ခေတ်ပေါ်အဝတ်အစားတွေကိုတောင် သိတာမဟုတ်ဘူး။ ညည်းလေးဘာသာ ဖူးစာရှင်ပဲဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ်ညည်းလေးနဲ့ ဧ လုံးဝလက်မထပ်ဖြစ်စေရဘူး'

ဒေါ်တိမ်သခင်မစိတ်ထဲ ဒေါသမီးတောက်တွေ အုံကြွလောက်မြိုက်လွန်းနေသည်။ စန္ဒကူးကို သတ်ပစ်ချင်လောက်အောင်ပင် မုန်းတီးနေ၏။ သမီးလေး ပျိုမဒီနှင့် ဧ့ကြားမှာနှောင့်ယှက်ဟန့်တားမယ့် ဆူးတစ်ချောင်းပဲ။ နုတ်ပစ်ရမယ်။

ဧရဲ့ဇနီးလောင်းက ပျိုမဒီပဲ။ သမီးလေး စည်းစိမ်ဥစ္စာတွေ အပြည့်အလျှံခံစားစေရမယ်။ မိမိရဲ့ မြှောက်စားထားမှုကြောင့် ပျိုက အရေးပါအရာရောက်သည့် စံအိမ်တော်ကြီးရဲ့လူယုံတော် ဖြစ်နေသည်ကပဲ ဖြေသိမ့်စရာ ဖြစ်နေရသည်။

'ကလင်… လင်…'

လူခေါ်ဘဲလ်သံကြောင့် မိမိအခန်းထဲသို့ သခင်ကြီးလာရောက်ပြီဆိုတာ သိလိုက်၍ ဝမ်းသာသွားရသည်။ မိမိနှင့် သခင်





ကြီးက အခန်းသပ်သပ်စီ အိပ်ကြတာ နှစ်အတော်ကြာနေ၏။ အကြောင်းကိစ္စရှိကြမှ တစ်ယောက်အခန်း တစ်ယောက် ဝင်ထွက်သွားလာတတ်သည်။

'အထဲဝင်ခဲ့ပါ သခင်ကြီး၊ တံခါး Lock မချထားပါဘူး'

တံခါးပွင့်သွားပြီး ဖဲသားအပြာနုရောင် ညဝတ်အင်္ကျီဝတ်ထားတဲ့ သခင်ကြီးဝင်လာသည်။ သေချာတာကတော့ ဒီည သခင်ကြီး မိမိအိပ်ခန်းထဲမှာ အိပ်စက်မည့်သဘောပင်။ ကောင်းတယ် စန္ဒကူးအကြောင်းကို ပျစ်ပျစ်နှစ်နှစ်ပြောပြရမယ်။ သခင်မက ဘယ်လိုအပြစ်တင်ဝေဖန်ရမလဲလို့ အကွက်ကို ချောင်းမြောင်းနေရသည်။

'ဒီညတော့ သခင်ကြီး မင်းအခန်းမှာပဲ အိပ်မယ်'

'သခင်ကြီး'

'ပြောလေ'

'စန္ဒကူးလေးကလေ သခင်မကို ပြောတယ်၊ သူနေတာထိုင်တာကို မနှစ်သက်ရင် ချွေးမစာရင်းကနေ ပယ်ဖျက်ပေးပါတဲ့'

'ဟင်'

ဦးမိုးသခင်ကတော့ စန္ဒကူးလေးကို အမြဲတမ်းခွင့်လွှတ်



www.burmeseclassic.com

www.burmeseclassic.com



ပေးနေခဲ့သည်။ ညိုမင်းအံ့ရဲ့ သမီးလေးပဲ။ ညိုမင်းအံ့ လူ့လောကကြီးထဲမှာ မရှိတော့သဖြင့် မိမိကပဲ စောင့်ရှောက်ပေးရမည်ဖြစ်၏။ ပြီးတော့လည်း သားရဲ့ ဖူးစာရှင်မိန်းကလေးပါ။ စန္ဒကူး ဘယ်လောက်ပဲ ခေတ်ရှေ့ပြေးနေတဲ့ မိန်းကလေးဖြစ်နေပါစေ၊ သူ့မျက်ဝန်းလေးတွေထဲမှာ ရိုးသားဖြူစင်နေသည်ဟု ထင်သည်။

'စန္ဒကူးက ဖေ့ကို လုံးဝလက်ထပ်ချင်တာ မဟုတ်ဘူးနော် သခင်ကြီး'

'မဖြစ်ဘူး၊ သခင်ကြီးကတော့ သားနဲ့ စန္ဒကူးကို မဖြစ်မနေ လက်ထပ်ပေးရမှာပဲ၊ ကလေးကို သခင်ကြီးတို့ ဥပေက္ခာပြုထားခဲ့တာ မှားတာပဲ၊ တကယ်ဆို ငယ်စဉ်လေးထဲက ခေါ်ယူကျွေးမွေးစောင့်ရှောက် သွန်သင်ရမှာပဲလေ'

သခင်ကြီး ခေါင်းမာလွန်းတာတော့ သခင်မသိသည်။ ဘာဖြစ်လို့လဲဆိုတော့ မိမိကိုပင် ကွယ်လွန်ခဲ့တဲ့ ဇနီးတိမ်သခင်မနေရာ ခေါင်းမာမာပဲ အစားထိုးပစ်ပြီး သားဖေပင် မသိစေရ။

ယခုအထိ သားဖေက မိမိကို မိခင်အရင်းဟုပင် ထင်သည်။ ဘယ်လိုပြောရမလဲ။ သမီးလေးပျို့မဒီ ဘဝရှေ့ရေးအတွက်တော့ မိမိလည်း လုပ်သင့်တာ လုပ်ရမည်။





'စန္ဒကူးလေးကို အရမ်းတော့ မတင်းကြပ်စေချင်ဘူး သခင်မ၊ ပျို့ကို အမိန့်ပေးပါ၊ အလိုက်အထိုက် နေထိုင်ပြောဆိုပါလို့'

'သခင်ကြီး'

'ဟင်'

ဒေါ်တိမ်သခင်မက သခင်ကြီးရင်ခွင်ထဲ တိုးဝင်လိုက်သည်။ အလိုက်သင့်တော့ နေရမယ်။ သခင်ကြီးရင်ဘတ်ပေါ်သို့ မိမိလက်တွေက ထိခတ်ပွတ်သပ်ရင်း သားဖေအတွက် အတင်းအကြပ် အိမ်ထောင်ရေးကို မစီစဉ်ပေးဖို့ ချွဲချွဲအီအီပြောရ၏။

သခင်ကြီးက ကြမ်းလို့မရဘူး။ အနူးအညွှတ်နှစ်သက်သူ ရှေးရိုးဆန်လွန်းပြီး သူ့အမိန့်ကိုနာခံမှ သဘောကျနှစ်သက်သူဖြစ်သည်။

'သားဖေက သခင်ကြီးပုံစံခွက်ထဲက သားလေးပါ၊ သခင်မ စိတ်ပူမိတာက စန္ဒကူးကြောင့် စိတ်ညစ်သွားမလားလို့ပါ'

'အဲဒီကိစ္စတွေ သခင်မခေါင်းထဲ မထည့်နဲ့လေ၊ အချိန်ကာလတစ်ခုကို ဖြတ်သန်းကြည့်ကြတာပေါ့ကွာ၊ သားဖေနဲ့ စန္ဒ



www.burmeseclassic.com

www.burmeseclassic.com



ကူးလေးက ဖူးစာရှင်တွေပါ၊ ရေစက် ရှိကြပါတယ်'

ဘာဖူးစာရှင်လဲ၊ ဘာရေစက်လဲ၊ အရူးတွေ သားအဖနှစ်ယောက်လုံး အတူတူပဲ။ ဒီလောက်အထိ အကြင်နာတွေနဲ့ ထွေးပွေ့ယုယပြုစုပေးနေတဲ့ပျို့ကိုကျတော့ အစေအပါးသာသာပဲ သဘောထားကြတယ်။ ဖေကလည်း အတူတူပဲ။ ဖအေ့စကား ဖအေ့အမိန့်တစ်ခုထဲ မြေဝယ်မကျ လက်ခံထားသည်။ မိမိ စဉ်းစားမိတိုင်း ဒေါသတွေ ပေါက်ကွဲချင်လာ၏။ လွန်ဆန်လို့လည်းမရ။

ဒေါ်တိမ်သခင်မနာမည်နဲ့ အရိုက်အရာကို ဆက်ခံလာခဲ့ရပေမယ့်လည်း အခွင့်အရေးက ဘာတစ်ခုမှမရှိပေ။ သခင်ကြီးဆန္ဒနှင့် အမိန့်ကပဲ အတည်ဖြစ်သည်။

'အိပ်ကြမယ် သခင်မ၊ စန္ဒကူးလေးကိုတော့ ကြင်ကြင်နာနာ စောင့်ရှောက်ပေးပါ၊ သည်းခံပေးပါ၊ အဲဒါ သခင်ကြီးဆန္ဒပဲ'

သခင်ကြီးက မိမိခန္ဓာကိုယ်အား သိုင်းဖက်လာသည်။ တွန်းပစ်ချင်တယ်။ ရင်ထဲမှာ အလိုမကျနိုင်။ မကျေနပ်ချက်တွေက ထုထည်တွေနှင့် ဒေါသမီးတွေပဲ တညီးညီးတောက်လောင်လာရသလိုပင်။





တကယ်ဆို ပျို့နဲ့ပဲ လိုက်ဖက်တာပါ။ ဖေ့အတွက် ပျို့ဘယ်လောက်အထိ အနစ်နာခံကာ ပြုစုပေးခဲ့သလဲ။ သံယောဇဉ်တွေ တွယ်ငြိနေခဲ့ရသလဲ။ စဉ်းစားကြည့်စမ်းပါဦး၊ သမီးပျို့ပဲ ဖေရဲ့ဖူးစာဖက် ဖြစ်သင့်နေသည်။

စန္ဒကူး ဘာကောင်မလေးလဲ။ ပျို့ရှေ့မှာ ဆူးညှောင့်ခလုတ်တစ်ခု ဖြစ်နေသည်။ ဖယ်ရှားပစ်ရမယ်။ နင် ဘယ်တော့မှ ဖေရဲ့ဇနီး မဖြစ်စေရဘူး။

ပျို့က ငါ့သမီးလေး၊ ငါ့ရင်သွေး၊ ငါ ပေါ်ပေါ်တင်တင် ကျွေးမွေးပြုစုစောင့်ရှောက်ခွင့် မရှိခဲ့ဘူး။ ဘယ်နည်းနဲ့မဆို ဖေနဲ့ ပျို့ကို လက်ထပ်ရအောင် ငါ ကြိုးစားပြမယ်။ ငါ့သမီးပျို့ပဲ ခံစားစေရမယ်။

သခင်ကြီးရဲ့ အယုအယအကြင်နာတွေ အချစ်တွေ ရမ္မက်ဆန္ဒတွေကို တိမ်သခင်မ ခံစားနိုင်ခြင်း မရှိခဲ့။ ဒေါသတွေနှင့် ငြင်းဆန်တွန်းဖယ်ပစ်လိုနေသည်။

'အရူးကြီး ဘာယဉ်ကျေးမှုလဲ၊ ရှေးဟောင်းအယူအဆတွေနဲ့ မိသားစုဝင်တွေကို အနိုင်ကျင့်နေတာ နေရာတကာ သူ့အမိန့်ပဲ သူ့ဆန္ဒပဲ အဓိကထားတယ်၊ ရှင်ကြီးကို မလွှဲသာမရှောင်သာလို့ သည်းခံနေတာနော်'



www.burmeseclassic.com

www.burmeseclassic.com



တိမ်သခင်မရဲ့စိတ်ထဲမှာ အမြဲတမ်းနှိမ်ချဆက်ဆံခံနေရတဲ့ ဦးမိုးသခင်ရဲ့ လုပ်ရပ်တွေကို ဘယ်တော့မှ မကျေနပ်ခဲ့။ မိမိက ဆင်းရဲနွမ်းပါးသူ စည်းစိမ်ဥစ္စာတွေ မက်မောနေ၍သာ သခင်ကြီးသေဆိုသေ ရှင်ဆိုရှင်ဘဝမှာ အောင့်အီးသည်းခံ နေခဲ့ရသည်။

'ပျို့ကို သနားတယ်၊ ငါ့မှာ သမီးလေးကိုတောင် ငါ့ရင်သွေးလေးပါလို့ ထုတ်ဖော်ပြောဆိုနိုင်ခြင်း မရှိခဲ့ဘူး၊ အစေအပါးသာသာပဲ ထားနေရတယ်၊ စံအိမ်တော်ကြီးရဲ့ လူယုံတဲ့ အစေအပါးပဲလေ'

ဒီတစ်ခါတော့ သမီးလေးပျို့ရဲ့ ဘဝရှေ့ရေးအတွက်ပဲ ကြံစည်စဉ်းစားမယ်။

ဧက နူးညံ့သိမ်မွေ့တယ်၊ သခင်ကြီးလို မဟုတ်ဘူး။ ခေတ်မီတဲ့ အတွေးရှိတယ်။ ဧက အရာရာပြည့်စုံလွန်းပြီး တည်တင်းခံ့ညားတဲ့ ယောကျ်ားတစ်ယောက် ညည်းလို ခပ်ပျံ့ပျံ့ နန့်တန့်တန့်ကောင်မလေးမျိုးနဲ့ ဘယ်လိုလုပ်ပြီး ပူးစာရှင် ဖြစ်နိုင်မှ ဲအေ။

ပူးစာရှင်အစစ်က ငါ့သမီးပျို့မဒီပဲ။ ဇွဲအနှား ရောက်





လာရတာကိုက ကံကြမ္မာရဲ့ စေ့ဆော်မှုလေ။ ဧက ပျို့အတွက်ပဲ ဖြစ်စေရမယ်။

သခင်ကြီးအား စည်းရုံးသွေးဆောင်ဖို့ဆိုတာ မဖြစ်နိုင်တော့ စန္ဒကူးဆိုတဲ့ ကောင်မလေးကိုပဲ ပြဿနာရှာပစ်ရမယ်။ နင် သေပြီသာမှတ်တော့ စန္ဒကူး။ ဧရဲ့ပူးစာရှင်အဖြစ် မွေးဖွားလာခဲ့ရတာ နင် ကံဆိုးပြီမှတ်။ ဒေါ်တိမ်သခင်မအဖြစ် စိတ်မသန့်စွာ ဝင်ရောက်ဟန်ဆောင်နေရတဲ့ဘဝကို မုန်းတီးလာသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

'ဟဲ့… စန္ဒကူး ထစမ်း၊ မိန်းကလေးဖြစ်ပြီး ဒီလောက်အထိ အိပ်ရလား၊ ထ… ဒီစံအိမ်တော်ကြီးထဲမှာ ဘယ်သူပဲဖြစ်ဖြစ် မနက်(၆)နာရီထပြီး ဘုရားရှိခိုးကြရတယ်၊ ကိုယ်လုပ်စရာရှိတဲ့ တာဝန်ဝတ္တရားတွေကို ထမ်းဆောင်ကြရတယ်၊ နင်ကတော့ ခုချိန်ထိအိပ်လို့၊ ထစမ်း… ခု ထစမ်း'

ပျိုမဒီဆိုတဲ့မိန်းမက တော်တော်အမြင်ကတ်စရာ ကောင်းတဲ့ မိန်းမပဲ။ စန္ဒကူး ညက လုံးဝကို အိပ်လို့မရဘူး။ မာမီ့ကိုလည်း လွမ်းတယ်။ ကိုယ့်အိမ်ကိုယ်ရာကိုလည်း သတိရတယ်။ အိပ်ခန်းထဲမှာ ရှိနေတဲ့ အသုံးအဆောင်ပစ္စည်းတွေကတော့ ဒီမှာက





ပိုပြီး တန်ဖိုးကြီးခမ်းနားပါတယ်။ ဒါပေမယ့် စန္ဒကူး မနေတတ်ပါဘူး။ အချိန်နှင့်အိပ်၊ အချိန်နှင့်စား ရေးခေတ်လူသားတွေ အလားပဲ။ ဝတ်စားပြင်ဆင်ထားတာကအစ ခပ်တုံးတုံး မဟာဆန်ဆန်တွေ။

စန္ဒကူး ဘယ်လောက်အထိ စိတ်အိုက်နေရလဲ။ ပြီးတော့လည်း စန္ဒကူးကို ချွေးမလောင်း၊ တော်ဝင်တဲ့မိန်းမ၊ မိန်းမကောင်း မိန်းမမြတ်လေးဖြစ်အောင် ပုံစံရိုက်သွင်းဖို့ ကြံစည် နေကြတဲ့လူတွေ။ ထွက်တောင် ပြေးချင်နေသည်။

'ဟဲ့… ထလေ၊ နင် အမြဲတမ်း လူကြီးတွေစကားကို ဆန့်ကျင်နေတော့မှာလား၊ ဖေ့အတွက်တော့ ရင်လေးပါတယ်၊ သခင်ကြီး မှားနေပြီ'

'ဒီမှာ'

'ဘာ'

'ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာကိစ္စတွေမှာ ရှင်ကြီးက ဘာဖြစ်လို့ ဝင်စွက်ဖက်ဝေဖန်နေရတာလဲ၊ သခင်ကြီးကို တိုင်မှာနော်'

'တိုင်လေ၊ သခင်ကြီးက ငါ့ကို တာဝန်ပေးထားတာ



www.burmeseclassic.com

www.burmeseclassic.com



နှင့်အကျင့်စရိုက်ဆိုးတွေ အားလုံးပြုပြင်ပေးဖို့'

'ဒါဆိုရင် ကျွန်မ လုံးဝနာခံမှာ မဟုတ်ဘူးနော်၊ ပြောလိုက်ပါ ယဉ်ကျေးမှုသင်တန်း ပေးမယ့်သူက ကျွန်မအပေါ် ဒီလောက်အထိ ရိုင်းရိုင်းစိုင်းစိုင်း မဆက်ဆံသင့်ဘူးနော်၊ ယဉ်ကျေးပါ'

'ဟဲ့'

'အိပ်ဦးမယ်၊ ကျွန်မ အိပ်ခန်းထဲ ရှင့်သော့နဲ့ ဖွင့်ဝင်စရာအကြောင်းမရှိဘူး၊ မဝင်ပါနဲ့ သခင်ကြီးဆီမှာ တောင်းဆိုရမယ်၊ ယဉ်ကျေးမှုရှိပါ'

'ဘာ'

စန္ဒကူးက တော်တော်မလွယ်တဲ့ ကောင်မလေးတစ်ယောက်ပါလား။ စွာတေးလန်မလေး။ ပျိုက အစေအပါးဖြစ်နေသည်။ သခင်မကြီးကြောင့်သာ ပျို့ဘဝ တင့်တယ်အေးချမ်းခဲ့ရ၏။ စန္ဒကူးနှင့် ယှဉ်ပြိုင်ပြောဆိုနိုင်တဲ့ အဆင့်မဟုတ်ပါဘူး။

သည်းခံလိုက်ပါ ပျိုမဒီရယ်။ ပျို အမိဖမ်းရမှာက ဇေ။ ပျိုနှင့် နှစ်ပေါင်းများစွာ အတူကြီးပြင်းလာပြီး စန္ဒကူးထက် ဇေနှင့်ပျိုက သံယောဇဉ်ငြိတွယ်နေကြသည်။





'နှင်လား ဇေရဲ့ ဖူးစာရှင် ဇနီးလောင်း စောင့်ကြည့်နေလေ၊ နှင့်လို ကောင်မလေးမျိုးကို ဇေက အထင်ကြီးမယ် ထင်နေလား၊ ဝေးသေးတယ်'

ပျို ပြန်ထွက်လာခဲ့သည်။ ဒီနေ့ ဇေ ပြန်ရောက်မယ်၊ ပျိုကတော့ ကိုယ်တိုင်သွားကြိုခွင့် မရှိပါဘူးလေ။ ဒါပေမဲ့ ဇေရယ်၊ အရင်တုန်းကလို ပျို ဝမ်းသာပျော်ရွှင်မှုတွေ မရှိနေပါဘူး။ ဟိုဟာမလေး စန္ဒကူးကြောင့်လေ။ စန္ဒကူးနဲ့ တွေ့ကြတော့မယ်။ ဇေက ဒီလိုကောင်မလေးမျိုးကို အထင်မကြီးဘူးဆိုတာ ပျို သိနေပေမယ့် စန္ဒကူးက နုပျိုလတ်ဆတ်ပြီး ငယ်ဂုဏ်ရှိတယ်။ အရမ်းလည်း ချောတယ်။

ဇေက စိတ်ဝင်စားသွားမလားပဲ။ အဲဒီလိုတော့ အဖြစ်မခံနိုင်ပါဘူး ဇေ။ လုံးဝကို တားဆီးနှောင့်ယှက်ရမယ်။ ဇေ့ကို ပိုင်ဆိုင်ခွင့်က ပျိုပဲဖြစ်ရမှာပါ။ ပျို မကျေမနပ် အပြင်ထွက်လာတော့ သခင်မနှင့် တွေ့သည်။

'စန္ဒကူး နိုးပြီလား ပျို၊ ပြင်ဆင်နေပြီလား'

'မပြောချင်တော့ပါဘူး သခင်မကြီးရယ်၊ စန္ဒကူးက အရမ်းမောက်မာလွန်းပါတယ်၊ ပျို့ကို နောက်တစ်ခါ သူ့အိပ်ခန်း



www.burmeseclassic.com

www.burmeseclassic.com



ထဲ ဝင်မလာပါနဲ့တဲ့၊ ယဉ်ကျေးမှုရှိပါတဲ့၊ မထသေးဘူးတဲ့'

'ကောင်းပြီလေ၊ ပျို့အသာနေပါ စန္ဒကူးကို သခင်မဆုံးမမယ်'

'ပျို့လည်း ဒီကောင်မလေးနဲ့ မပတ်သက်ချင်ပါဘူး၊ ရှင်က အစေအပါးတဲ့'

'ဟင်'

သမီးပျို့ကို အစေအပါးဟု အပြောခံလိုက်ရ၍ ဒေါ်တိမ် သခင်မ ရင်ထဲမှာ နာကျင်သွားရကာ စန္ဒကူးကိုလည်း ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ပထုတ်ပစ်ဖို့ ဒေါသတကြီး ကြိမ်းဝါးမိသည်။

'ပျို့'

'ရှင်'

'စန္ဒကူးကို သခင်မကြီးလည်း ချွေးမအဖြစ် သဘောမတူပါဘူး၊ သားဇေနဲ့ ဖြစ်မယ်မထင်ဘူးလေ၊ တကယ်ဆို ငယ်ငယ်လေးထဲက သားဇေအပေါ် ပြုစုယုယလာတဲ့ ပျို့နဲ့မှ သင့်တော်မယ် ထင်တာပဲ'

'ဟင်... သခင်မကြီး တကယ်ပဲ ဒီလိုစိတ်မျိုး ရှိနေတာလား၊ အဲဒီလိုပဲ ဖြစ်သင့်ပါတယ် သခင်မကြီးရယ်၊ ပျို့လောက်





ဘယ်မိန်းကလေးက ဇေ့အပေါ် သံယောဇဉ်ကြီးမှာလဲလို့'

'ဟုတ်တယ် ပျို့၊ သခင်မကြီးကလည်း စန္ဒကူးကို မနှစ်သက်ဘူး၊ သခင်ကြီးကြောင့်သာပါ၊ ပျို့လည်း ဇေ့ကို မိန်းမမာယာတွေနဲ့ ဖမ်းစားနိုင်အောင် ကြိုးစားလေ၊ ဇေ အမိကပဲ၊ စန္ဒကူးကို ဇေ မကြိုက်နိုင်ပါဘူးကွယ်'

'သခင်မကြီး'

'ရှင်းရှင်းပြောရရင်တော့ သခင်မကြီးနှစ်သက်တဲ့အရည်အချင်းတွေက ပျို့ဆီမှာပဲ ရှိနေပါတယ်ကွယ်၊ ပျို့ကိုပဲ ချွေးမရွေးချင်တာပါ၊ သခင်ကြီးရဲ့ အစွဲကြောင့်ပါ၊ ဒါပေမယ့် ကံကြမ္မာက ပျို့ဘက်မှာ ရှိနေပါသေးတယ်၊ ပျို့အခရာနော် သိလား'

'အို... ဝမ်းသာလိုက်တာ သခင်မကြီးရယ်၊ ပျို့က အစေအပါးဆိုတော့ အရမ်းအားငယ်ပြီး ကြောက်ရွံ့နေရတာပါ၊ အဆင့်အတန်းချင်းက ဝေးကွာလွန်းနေတယ်လေ'

'မဝေးပါဘူး ပျို့၊ သခင်မကြီးတို့က ပျို့ကို သမီးအရာ သတ်မှတ်ထားတာပါ'

'ကျေးဇူးတင်ပါတယ် သခင်မကြီးရယ်၊ ပျို့လေ ဇေ့ကို အမြဲတမ်းပဲ တိတ်တခိုးလေး ကြိတ်ကြိတ်နှစ်သက်မြတ်နိုးနေရတာပါ'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီလေ၊ ပျို့ ကြိုးစားပါ၊ သခင်မကြီး အားပေးတယ်၊ သခင်ကြီးဆန္ဒတွေကို ပြောင်းပြန်လှန်ပစ်ရမယ်လေ'

သမီးရယ် မေမေ့တာဝန်ထားပါ။

ဖေက ပျို့ပဲ ပိုင်ဆိုင်စေရမှာပါလေ။ ဖေရမယ့် အမွေပစ္စည်းတွေအားလုံး ဘယ်လိုမိန်းမမျိုးမှ မခံစားစေရပါဘူး။ ပျို့ပဲ ခံစားစေရမယ်။

ပျို့ကို နှစ်သိမ့်အားပေးပြီး မိမိသမီးအား အစေအပါးဟု ပြောတဲ့ စန္ဒကူးအိပ်ခန်းဝမှာ ရပ်ပစ်လိုက်သည်။

မိမိကိုယ်တိုင်ပင် စန္ဒကူးကို ယှဉ်ပြိုင်ပြောဆိုရမှာ သွေးလန့်နေ၏။ ဘာဖြစ်လို့လဲဆိုတော့ မိမိကိုယ်တိုင်က ဒေါ်တိမ် သခင်မအစစ်မဟုတ်ဘဲ ဦးမိုးသခင်အား လိမ်ညာလှည့်ဖြား သွေးဆောင်ကာ အပျိုစင်စစ်စစ်တစ်ယောက်ဟန် လိမ်ညာလက်ထပ်ယူထား၍ ဖြစ်သည်။

'ဘယ်လိုပဲဖြစ်ဖြစ် စန္ဒကူးကိုတော့ ချွေးမလောင်းအဖြစ်ကနေ ဖယ်ရှားပစ်ရမယ်၊ ညည်းလေးကလည်း ဖေ့ကို လက်မထပ်ချင်ဘူး မဟုတ်လား၊ ကောင်းတယ် အရမ်းကောင်းတယ်'

ဖေ့ကို မမြင်သေးလို့ပါ။ ဖေက မိန်းကလေးတွေ နှစ်





သက်မြတ်နိုးပြီး ခင်ပွန်းယောက်ျားအဖြစ် အားကိုးတန်ဖိုးထားရတဲ့ ယောက်ျားတစ်ယောက်ပဲ။ စန္ဒကူး မတွေ့မြင်သေးလို့ပါ။ ဘာပဲဖြစ်ဖြစ် မိမိသမီးအတွက်ပဲ ကြံစည် ဖြည့်ဆွမ်းပေးရမည်။

'ဒေါက်··· ဒေါက်'

'စန္ဒကူး··· တံခါးဖွင့်စမ်း၊ ဒီနေ့ ဖေ့ကို သွားကြိုရမယ်၊ ညည်းဘာဖြစ်လို့ ဒီအချိန်ထိ အိပ်နေရတာလဲ၊ လူကြီးတွေကို ရွဲ့တာလား'

ဒေါ်တိမ်သခင်မက သခင်ကြီးကြားစေရန် အသံကျယ်ကျယ်လောင်လောင်နှင့် အော်ဟစ်သည်။ အခန်းတံခါးကို တဝုန်းဝုန်း ထုနှက်ပစ်၏။ နောက်ဆုံး ဦးမိုးသခင် ရောက်လာသည်။

'စန္ဒကူး'

'ဟင်'

သခင်ကြီးအသံကြားမှ စန္ဒကူး အထိတ်တလန့်နှင့် ကပျာကယာ ထသည်။ သူမ အိပ်ပျော်သွားတာပါ။ ညက အိပ်ရေးမဝတာ။ မာမီ့ကို လွမ်းပြီး သူမရင်ဆိုင်ရမည့် အခက်အခဲတွေ တွေးရင်း မျက်လုံးကြောင်နေသည်။ သခင်မအသံလည်း အိပ်မက်လိုလို ဘာလိုလို ဝေဝေဝါးဝါး ကြားနေပေမယ့် အိပ်ချင်မူးတူး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတဲ့ သူမ၊ သခင်ကြီးအသံကြားမှ ပြူးတူးပြဲတဲ ထမိသည်။

'စန္ဒကူး'

'ရှင်'

'တံခါးဖွင့်လေ'

'ဟုတ်ကဲ့'

သူမထပြီး တံခါးဖွင့်ပေးလိုက်တော့ သခင်ကြီး မျက်လုံးပြူးကြီးတွေနှင့် သူမအား ဒေါသတကြီး ကြည့်သည်။

ဟုတ်သားပဲ။ သူမ ဝတ်ထားတာက ညဝတ်အင်္ကျီအဖြူရောင်ပါးပါးလေး။ ဆောရီးနော်ပြောပြီး ရေချိုးခန်းထဲ ပြေးဝင်လိုက်၏။

မင်း တော်တော် အပြောရခက်တဲ့ ကောင်မလေးပဲ၊ သားဖေကို သွားကြိုရမယ်။ မြန်မြန်ပြင်ဆင် မြန်မာဆန်ဆန်ယဉ်ယဉ်ကျေးကျေး ဝတ်လာခဲ့။ ပျိုမဒီ ပြင်ဆင်ပေးလိမ့်မည်ဟုပြောပြီး ပြန်ထွက်သွားသည်။

'လာပြန်ပြီ၊ ဒီပျိုမဒီ တော်တော်အားကိုးတာပဲ၊ မျက်နှာကြီးကလည်း မာထန်ထန်နဲ့ သူက အရှင်သခင်ကျနေတာပဲ၊ ဒက်ဒီကြောင့် သိလား'





ဒက်ဒီရယ် ကိုယ့်သမီးလေးကိုများ ရက်ရက်စက်စက်သူများလက်ဝကွက်အပ်ရတယ်လို့၊ ရေချိုးခန်းထဲမှာ စန္ဒကူး မျက်ဝန်းလေးတွေထဲမှ မျက်ရည်တွေ လိမ့်ဆင်းကျလာ၍ မျက်ရည်တွေကို လက်ဖမိုးလေးနှင့် သုတ်ပစ်သည်။

'ဒက်ဒီရဲ့ဆန္ဒက မာမီတို့ရဲ့ ဆန္ဒပဲ ဖြစ်စေရမယ် သမီး၊ တာဝန်ကျေလွန်းတဲ့ ယောက်ျားဆန္ဒတွေ သူစီစဉ်ထားခဲ့တာတွေ မဆန့်ကျင်သင့်ဘူးလေ၊ ကိုညိုမရှိတော့တာတောင် မာမီတို့ သားအမိအတွက် သူရှာဖွေစုဆောင်းထားခဲ့တာတွေ အများကြီးပဲ စားလို့တောင် မကုန်ဘူး။ သမီးလည်း လက်ခံပါ၊ သူက မိသားစုအတွက် ဘယ်တော့မှ မကောင်းတာတွေကို မစီစဉ်ပါဘူး'

ဒက်ဒီဆန္ဒတွေကိုတော့ စန္ဒကူး မလွန်ဆန်ချင်ပါဘူးလေ။ ကျေးဇူးမသိတတ်တာလည်း မဟုတ်ပါဘူး။ ကိုယ့်ချွေးမကို သမီးလို သဘောမထားပဲ ဘာဖြစ်လို့များ အစေအပါးလို ခိုင်းစေချင်ရတာလဲ။

ဟိုပျိုမဒီဆိုတဲ့ မိန်းမကလည်း တစ်ါလောကလုံး သူ့လုပ်စာထိုင်စားနေတဲ့ ပုံစံမျိုး။ အိမ်တော်ထိန်းလည်း အစေအပါးပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်းပါဦး၊ ဝတ်စားပြင်ဆင်ထားတာ အိမ်ကြီးသခင် ပုံစံမျိုး။ ကိုကိုဇေရတုရဲ့အနားမှာ အနီးကပ်နေပြီး ဘာဖြစ်လို့များ ရည်းစားမဖြစ်ကြရတာလဲ။ နှစ်ယောက်လုံး ပုံတုံးကြီးတွေ။ ရှင်တို့ပဲ လိုက်ဖက်တယ်။

ကိုကိုဇေရတုပုံစံလည်း စန္ဒကူး မျက်စိထဲမှာ တကယ့်ကို ကန့်လန့်ကြီး ရေပန်းအောက်မှာ အကြာကြီးရပ်နေသည်။

'ဟဲ့… စန္ဒကူး မပြီးသေးဘူးလား၊ ဇေကို သွားကြိုဖို့ သခင်ကြီးတို့ စောင့်နေပြီ၊ စန္ဒကူး… ဒုန်း… ဒုန်း…'

ဘယ်လောက် ပေကပ်ကပ်ကောင်မလေးလဲ။ ကြည့်စမ်း ရေသံတွေ တဖြန်းဖြန်းနဲ့ စည်းမရှိကမ်းမရှိ သခင်ကြီးတို့ စည်းစနစ်နဲ့ ရေကအစ မလိုအပ်ဘဲ ဖြုန်းတီးနေတာ မကြိုက်ဘူး။ မိန်းမလုံးဝ မပီသတဲ့ ဟာမလေးပဲ။

အကြာကြီးနေပြီးမှ အပြင်ထွက်လာသည်။ ပျို ဝိုင်းဝန်းပြီး ပြင်ဆင်ပေးရ၏။ ဒီမှာက သခင်ကြီးရဲ့အမိန့်ပဲ။ စန္ဒကူး အချိုးမပြေဖြစ်လာရင် ပျို အငြိုအငြင်ခံရမှာပါ။ ဘယ်လိုနည်းနဲ့မှ သခင်ကြီးရဲ့ အပြစ်တင်တာ မခံနိုင်ဘူး။

သခင်မကြီးက ပျို့ဘက် ပါနေပြီပဲ။





စန္ဒကူးကို အလှကြီးတော့ ပြင်မပေးပါဘူး။ ဇင်းမယ် ချိတ်ဝမ်းဆက်လေး ဝတ်ပေးလိုက်သည်။ စန္ဒကူး ခန္ဓာကိုယ်အချိုးအစားလေးနှင့် ကွက်တိဖြစ်ကာ ကျက်သရေရှိလွန်းနေတော့ ပျို မကျေမနပ် ဖြစ်ရပြန်သည်။

'သွားတော့ ပြီးပြီ၊ ငါက သခင်ကြီးအမိန့်ပဲ နာခံတာနော်၊ အိမ်ကြီးရှင်တွေရဲ့ချေးမလောင်းဆိုပြီးမထေမဲ့မြင် မလုပ်နဲ့'

'ဟုတ်ကဲ့ သိပါပြီ'

'ဟင်း'

စန္ဒကူး ခပ်ရွှရွှလေးနှင့် ကိုယ်လေးကိုင်းကာ ဖြေသည်။ တကယ်ပါပဲ ဘယ်လိုဟာတွေမှန်း မသိဘူး။ လူကိုများ ဘာမှတ်နေကြလဲ မသိပါဘူး။ မျက်စိစပါးမွေး ●းနေကြတယ်ထင်တယ်။ သူမ ဝတ်ဆင်ထားရတဲ့ ဝတ်စုံအတွက် စိတ်တွေကျဉ်းကျပ်ပြီး လမ်းမလျှောက်တတ်အောင် ဖြစ်နေသည်။

အပြင်ထွက်လာတော့ သခင်ကြီးက စန္ဒကူးကို အပြုံးတွေနှင့် ဆီးကြိုနေပေမယ့် သခင်မကြီးအကြည့်တွေက ကြောက်စရာ မာထန်ဝင်းတောက်နေ၏။

သူသားဇေနဲ့ သဘောမတူချင်ဘူး ထင်တယ်။ ဒါဆို



www.burmeseclassic.com

www.burmeseclassic.com



လည်း ပြတ်ပြတ်သားသားပြောပြီး ကန့်ကွက်ပါလား။ အမေပဲ အင်း… ထုံးတမ်းစဉ်လာအရ ယောက်ျားကို ကြောက်ရတယ် ထင်တယ်။

စန္ဒကူး ခပ်တည်တည်ပဲ လျှောက်လာသည်။

'သမီးလေး စန္ဒကူးက အရမ်းယဉ်ကျေးပြီး လှပချော မောလွန်းနေတယ်'

ဦးမိုးသခင်က စန္ဒကူးလေး ဝတ်စားပြင်ဆင်ထားတာကို ကြည့်ပြီး ချောလိုက်တာ၊ တဖြည်းဖြည်း လေ့ကျင့်ပေးရင် အဖိုး တန် မိန်းကလေးတစ်ယောက် ဖြစ်လာမှာပဲဟုတွေးရင်း ပီတိ မျက်နှာကြီးပေါ်မှာ အပြုံးတွေ ဝေနေသည်။

'သခင်ကြီး ပြောသားပဲလေ၊ စန္ဒကူးလေးကို နည်းနည်း လေး သည်းခံပြုပြင်ပေးရင် သားဖေအတွက် အသင့်တော်ဆုံး လေး ဖြစ်လာမှာပါလို့'

'စန္ဒကူးကို သိပ်ပြီး မျှော်လင့်ထားလို့တော့ မဖြစ်ဘူးနော် သခင်ကြီး၊ ပျို့ကြောင့် သိလား'

ဒေါ်တိမ်သခင်မကတော့ စန္ဒကူးကို ချွေးမအဖြစ်လက်ခံ ချင်ပုံ မရပေ။





ကားကြီးပေါ် တက်ထိုင်မိတဲ့အခါ စန္ဒကူးပို၍ပင် မွန်းကျပ်ရှုပ်ထွေးသွားရသည်။ အေးစိမ့်မွှေးပြန့်သင်းနေတဲ့ ကား ကြီးထဲမှာ စန္ဒကူး ချွေးပျံချင်လာ၏။ ပျို့မဒီကတော့ မျက်နှာကြီး ရှုပ်တင်းကား ကျန်ရစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

ဟိုမှာ သားဇေလာနေပြီဟု သခင်ကြီးက ပြောလိုက်သဖြင့် စန္ဒကူးလှမ်းကြည့်လိုက်တော့ ကိုကိုဇေရတုပုံစံက နိုင်ငံခြားပြန်ဆိုပြီး အရင်ကအတိုင်းပဲ လုံးဝမပြောင်းလဲသေးပေ။ ရှပ်အင်္ကျီလည်ကတုံးအဖြူရောင်နှင့် ပုဆိုးအစား Style Pan ဝတ်ထား၍သာ နည်းနည်းလေး ကြည့်ကောင်းနေသည်။ စန္ဒကူးကတော့ ပုံတုံးတုံးတွေကို သိပ်မကြိုက်လို့လားတော့ မသိပါဘူး။ ကိုကိုဇေရတုက ဖြူနုချောမောခဲ့ညားပြီး ယောကျ်ားပီသသူ ပညာတတ် ဆရာဝန်တစ်ယောက်ဖြစ်နေလည်း စိတ်မဝင်စားဘဲ ဖြစ်နေသည်။





'သားဇေ'

'ဖေဖေ၊ မေမေ နေကောင်းလား၊ သား အရမ်းသတိရနေတာ'

မိခင်ကိုဖက်ပြီး နမ်းရှိုက်နေတတ်တဲ့ ယောကျ်ားတစ်ယောက်က လက်ထပ်ယူဖို့ သင့်တော်တာမှ မဟုတ်တာ။ စန္ဒကူးတော့ မကြိုက်ဘူး။ ကျောထဲကတောင် စိမ့်တယ်။

မအေဘက်လိုက်ပြီး နဂိုကတည်းက ချွေးမအပေါ် နှစ်သက်ခြင်းမရှိတဲ့ ယောက္ခမလောင်းကြီး ဒေါ်တိမ်သခင်မ ဆန္ဒအတိုင်း အမေကိုချစ်တဲ့သားပီပီ ချွေးမကို ကျွန်လိုသဘောထားနေရင် အခက်ပဲ။ ကြောက်လိုက်တာ အမလေး ကံဆိုးမိုးမှောင်ကျပြီ ထင်တယ်။

သူမမျက်နှာလေး ရှုံ့တွတွလေး ဖြစ်နေသည်။

'စန္ဒကူး'

'ဟင်'

'ဒါ သားဇေလေ၊ စန္ဒကူးမှတ်မိလား ကိုကိုဇေရတုလေ'

'ဟင့်အင်း… မမှတ်မိပါဘူး၊ စန္ဒကူးက အဲဒီလောက်မှတ်ဉာဏ်မကောင်းပါဘူး သခင်ကြီး၊ လုံးဝကို မမှတ်မိတာ'



www.burmeseclassic.com

www.burmeseclassic.com



မှတ်မိသားပဲ။ ဒီပုံကြီးကိုမှ စန္ဒကူး အမြဲတမ်းမကြိုက်တဲ့ မနှစ်သက်တဲ့ Design နဲ့ မိဘတွေရဲ့စကားကို တသွေမတိမ်း နာခံရိုကျိုးနေတဲ့သူ။ မိဘစကားကို နားထောင်တာတော့ ကောင်းတဲ့လက္ခဏာပါ။

ဒါပေမဲ့ စန္ဒကူးနှစ်သက်တာက စိတ်တူကိုယ်တူအချစ်တွေနဲ့ ဖွဲ့စည်းတည်ဆောက်ပေးနိုင်မယ့် ယောက်ျားပဲ။ စန္ဒကူးက ဇီဇာကြောင်ကြောင် ကောင်မလေး။ ကိုကိုဖေရတုကို ခပ်ပြောင်ပြောင်ပင် မမှတ်မိဘူးဟု ပြောပစ်လိုက်သည်။

'မင်းက စန္ဒကူးလား၊ ကိုကိုကတော့ မှတ်မိပါတယ်၊ ခပ်စွာစွာ ကောင်မလေး၊ အမြဲတမ်း ဆူပူသောင်းကျန်းနေတဲ့ ကောင်မလေး၊ စန္ဒကူးဆိုတဲ့ နာမည်ကို မကြိုက်လို့ တစ်ချိန်လုံး ဂျီကျပြီး ပြောင်းခိုင်းနေတာလေ'

အမလေး စန္ဒကူးကိုများ မကောင်းတာတွေဘဲ ရွေးမှတ်ထားတယ်။ စန္ဒကူးငယ်ငယ်က ကိုကိုဖေရတုကို အမြင်ကတ်ပြီး သူတို့ပေးထားတဲ့နာမည် စန္ဒကူးကို ခေတ်မီမီ နာမည်ဆန်းဆန်းလေး ပြောင်းပေးဖို့ ဂျီကျတတ်သည်။

အခိပ္ပာယ်မရှိလိုက်တာ မာမီ့ဗိုက်ထဲမှာ သန္ဓေတည်ထဲက





မိန်းကလေးဆိုတာသိလိုက်ရတဲ့ အချိန်မှာပဲ သူတို့ပိုင်ဆိုင်သွားကြသည်တဲ့။

သူမမျက်နှာလေး စူတင်းတင်း ပုပ်ပုပ်သိုးသိုးလေး ဖြစ်နေတာကို အပြုံးနှင့်ကြည့်နေတဲ့ ကိုကို့မျက်ဝန်းတွေထဲမှာတော့ စန္ဒကူးအပေါ် ချစ်ခင်မြတ်နိုး ကြင်နာတဲ့ အငွေ့အသက်လေးတွေ စီးဝင်လွှမ်းဖုံးနေလို့ တော်ပါသေးရဲ့။

အပြန်တွင် သခင်ကြီးက ကိုကိုနှင့် စန္ဒကူးကို နောက်မှာ နှစ်ယောက်တွဲ ထိုင်စေပေမယ့် သခင်မကြီးက သားဖေနှင့် ခွဲနေရတာ ကြာပြီတဲ့။ သားဖေအနားမှာ မေမေထိုင်ရဦးမယ်ဟု ပြောပြီး ဝင်ထိုင်သည်။

ယောက္ခမလောင်းကြီးသဘောကို ကူး မသိဘဲနေမလား။ သူမကလည်း ကျေနပ်ပါတယ်။ ကိုကိုဖေရတု ဘာကောင်ကြီးပဲ ဖြစ်နေပါစေ၊ ပုံစံခွက်ထဲတော့ မဝင်ချင်ပါဘူး။ ကူး သခင်ကြီး ဘေးနားမှာ ဝင်ထိုင်သည်။

'သားဖေ မင်းအထိန်းတော်ကြီး ပျိုကတော့ မင်းကို အကောင်းဆုံး စားသောက်ဖွယ်တွေနဲ့ စောင့်နေတယ်လေ'

'ဟုတ်လား မေမေ၊ ပျိုကတော့ သားအပေါ် အမြဲတမ်း တာဝန်ကျေလွန်းပါတယ်ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



ယောက္ခလောင်းကြီးကတော့ မပျိုမဒီကိုပဲ ညွှန်းနေတယ်။ ကိုယ့်အိမ်က အစေအပါးကိုပဲ ချွေးမတော်ချင်နေလား မသိပါဘူး။ ရတယ်လေ စန္ဒကူးတို့ကတော့ ပြဿနာမရှိပါဘူး။ မပျိုမဒီကိုပဲ ချွေးမတော်ပါ၊ မအေချစ်တဲ့ သားမျိုးကိုလည်း ယောက္ခတော်ရမှာ ကြောက်လွန်းလို့…

'စန္ဒကူး'

'ရှင်'

'လေသံကို ဘာဖြစ်လို့ အကျယ်ကြီး ထအော်ပစ်ရတာလဲ'

'လန့်သွားလို့ပါ'

'မင်း ဘာတွေ တွေးနေတာလဲ'

'ဟိုလေ သခင်ကြီး ဘာမှမတွေးပါဘူး၊ မာမီဆီစိတ်ရောက်သွားလို့ပါ၊ ကိုကိုဇေရတုက အမေကို ချစ်နေတာတွေ့လို့လေ'

သခင်ကြီးတစ်ယောက်ပဲ သူမကို ဂရုတစိုက် ရှိသည်။ ရပါတယ်။ စန္ဒကူး မကြာခင် မာမီဆီ ပြန်ရမယ်။ ကိုကိုဇေရတုနဲ့ လက်ထပ်ဖို့ကိစ္စ အပြတ်ငြင်းပစ်ရမယ်။ တွေ့မယ်လေ စန္ဒကူး အကြောင်း ကောင်းကောင်းသိစေရမယ်။





ကားလေးက ခြံကြီးထဲ ပြန်ရောက်တော့ ကိုကိုဇေရတုအနား အပြေးရောက်လာသူက အထိန်းတော်ပျိုမဒီပင်။ ကြည့်တဲ့မျက်ဝန်းတွေက ညတုတု။ မပျိုမဒီကလည်း အစေအပါးနှင့်မတူအောင် နဖတ်လန်းဆန်းနေသည်။

'ဇေ အရမ်းနုပျိုပြီး ခံ့ညားနေတာပဲ၊ ပျို အရမ်းသတိရနေတာ သိလား'

'ဇေလည်း ပျို့ကို သတိရတယ်၊ အရမ်းသတိရတဲ့ အချိန်တွေက အစားအသောက်တွေ စားတဲ့အချိန်တွေပဲကွာ၊ ပျို စီမံချက်ပြုတ်ပေးတဲ့ အစားအသောက်တွေလောက် လုံးဝမကောင်းဘူး'

'ဟုတ်လား ဇေရယ်၊ ပျိုလေ ဇေ့အပါးမှာ တစ်ဖဝါးမခွာလိုက်ပြီး ပြုစုကျွေးမွေးချင်တယ်၊ ပျိုသိတယ်၊ ဇေက ပျို့လက်ရာပဲကြိုက်တယ် ဆိုတာလေ'

အမလေး ချွဲပစ်နေလိုက်ကြတာ အမြင်ကို ကတ်တယ်။ ဘေးမှာ ဖူးစာရှင်ဇနီးလောင်းလေး ရှိနေတယ် ဆိုတာတောင် သတိမရကြတော့ဘူး။

ကောင်းတယ်… ကောင်းတယ်။ ရှင်တို့ နှစ်ယောက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ဖက်တယ်။ ချစ်ကြပါ။ ကြင်နာကြပါ။ ယုယကြပါ။ သခင်မကြီးက သခင်ကြီးကို လက်ဆွဲပြီး တိုက်ထဲဝင်ရန် ဆွဲခေါ်သွားသည်။

'အထဲဝင်ကြစို့ သခင်ကြီး'

'သား... အဝတ်အစားလဲပြီး ဆင်းလာခဲ့၊ ညှိခန်းမှာ ဆုံမယ် စန္ဒကူးရောပဲ'

'ဟုတ်ကဲ့'

'ဟုတ်ကဲ့'

ကိုကိုဇေရတုနှင့် စန္ဒကူးအသံက ဟုတ်ကဲ့ဟု မထင်မှတ်ပဲ တပြိုင်တည်း ထွက်သွားသည်။ သခင်ကြီးမျက်နှာ ပြုံးပြုံးကြီးဖြစ်နေသလောက် သခင်မကြီးမျက်ဝန်းတွေက မာထန်သွား၏။ စန္ဒကူး စိတ်မဝင်စားပါဘူး။ သူမလည်း အပေါ်ထပ်သို့ တက်လာခဲ့သည်။

'ဇေ'

'ဟင်'

'ဝင်မယ်လေ၊ ဆောင်းက အေးသေးတယ်၊ ရေနွေးလေးနဲ့ ရေချိုးရမယ်၊ ဇေ လန်းသွားအောင်လေ'





'ပျို့ စီစဉ်ပေးလေ'

'အင်း'

ဇေ့လက်မောင်းကို ပျို့ တွဲချိတ် ဖေးမမှုတွေနှင့် တိုက်ထဲဝင်လာသည်။ ပျို့ ငယ်စဉ်လေးထဲက ဇေ့ကို ပြုစုယုယလာခဲ့ရတာပါ။ ဇေ့မျက်နှာကို အရိပ်လေးလို ငေးမောကြည့်ရင်း ချစ်မြတ်နိုးလာခဲ့ရတာ ဇေသိရဲ့လား။ ပျို့အပေါ် အစေအပါးတစ်ယောက်လိုပဲ ဇေက သတ်မှတ်ထားတာလားလို့။ ဇေ့လက်မောင်းလေးကို တွဲလျက် ဇေ့အိပ်ခန်းကြီးထဲ ဝင်ရောက်လာသည်။

'ဇေ့အတွက် ရေနွေးစပ်ပေးမယ်နော်၊ ဇေက အေးတဲ့နိုင်ငံကလာသလို ဒီမှာလည်း ဆောင်းတွင်းလေ'

'ပျို့ရယ် ဇေက ငယ်ရွယ်တဲ့ ကလေးအရွယ်မှ မဟုတ်တော့တာကွာ၊ ဆရာဝန်ကြီးဖြစ်နေပြီ၊ မကြာခင် အထူးကုဆရာဝန်ကြီး ဖြစ်တော့မယ်ကွ'

'ဇေ့ဟာဇေ ဘာကြီးပဲဖြစ်ဖြစ်လေ၊ ပျို့စိတ်ထဲမှာကလေးပဲ၊ ဇေက စာအရမ်းတော်လို့ပါ၊ အသက်က ဘယ်လောက်ရှိသေးလို့လဲ'

ဇေက ဆရာဝန်ပေါက်စလေးပဲ ရှိသေးတယ်။ ဆေး



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှာ ပညာတော်သင်လွှန်းလို့ နှလုံးနှင့်ပတ်သက်တဲ့ Futher study တက်ခွင့်ရခဲ့သည်။

'ခဏနေရင် ဇေ ညှော်ခန်းကို သွားရမယ်လေ၊ သခင်ကြီး ခေါ်ထားတာပဲ၊ ဇေ အရမ်းပင်ပန်းနေလား'

'မပင်ပန်းပါဘူး ပျို့၊ ရေဝင်ချိုးလိုက်မယ်'

'ဇေဝတ်ဖို့ အဝတ်အစားတွေ ထုတ်ပေးထားမယ်နော်'

'အင်း'

ဇေရေချိုးခန်းထဲ ဝင်သွားတော့ သူမက ဇေဝတ်မယ့် ဝတ်စုံကို ရွေးပေးထားသည်။ ဇေငယ်စဉ်လေးထဲကနေ ပျို့နှင့် ကစားဖော်ကစားဖက် ဖြစ်ခဲ့ရပြီး တဖြည်းဖြည်းနှင့် ဇေရဲ့ဝေယျာဝစ္စ လုပ်ဆောင်ပေးရင်း ပျို့အပေါ် သံယောဇဉ်ငြိတွယ်စေရန် ဆွဲဆောင် ညှို့ယူဖမ်းစားနိုင်ရန် ကြိုးစားခဲ့ပေမယ့် မအောင်မြင်ပေ။

စန္ဒကူးဆိုတဲ့ ဖူးစာရှင်ကောင်မလေးကိုပဲ သားဇေ လက်ထပ်ရမည်ဖြစ်ကြောင်း သခင်ကြီးဦးမိုးသခင်က အချိန်တွေနှင့် အမျှပင် ပြောဆိုနားသွင်းထားခဲ့သည်။ ဇေက မိဘစကားကို ငြင်းပယ် ဆန့်ကျင်ခွင့်မရှိ။ ဖခင်ရဲ့အမိန့်သာ အမိကကျနေ၏။





ပျို့ကို ဇေက အစေအပါးတစ်ယောက် အဖြစ်ပဲ သဘောထားနေခဲ့တာလား။ သခင်မကြီး ဒေါ်တိမ်သခင်မကတော့ ပျို့ဘက်က ရပ်တည်ပေးနေတတ်သည်။

'စန္ဒကူး··· ညည်းလေး ဇေရဲ့ ဖူးစာရှင်အစစ်အမှန်တဲ့လား၊ ဘယ်ဖြစ်နိုင်ပါ့မလဲ၊ ဇေ့အနားမှာ ငါက စက္ကန့်မလပ်နေထိုင်ပြုစုယုယပေးခဲ့ရတာလေ၊ ဇေ့ရင်ထဲမှာ ငါပဲ ရှိနေမှာ သိလား'

ပျို့မျက်ဝန်းတွေထဲမှာ မလိုမုန်းထားစိတ်တွေရဲ့ အရိပ်အငွေ့တွေ ယှက်သန်းနေကာ ဝင်းတောက်နေသည်။

စန္ဒကူး ဘာဖြစ်လို့ရောက်လာရတာလဲ။ နင့်လို ကောင်မလေးမျိုးက အပျိုစင်စစ်စစ်ရော ဖြစ်နိုင်လို့လား။ ငါကလေ ဇေ့အတွက် အပျိုစင်ဘဝလေးကို ထိန်းသိမ်းလာတာ။ ငါ့ရဲ့ အပျိုစင်ဘဝက ဇေ့အတွက်ပဲလေ။

ငယ်စဉ်လေးထဲက သခင်ကြီးက ဇေ့အား သားဇေရဲ့ဖူးစာရှင်အစစ်အမှန်က ရှိနေတယ်လေ။ စန္ဒကူးကလွဲပြီး ဘယ်လိုမိန်းကလေးမျိုးနဲ့မှ ရင်းနှီးပတ်သက်ခွင့် မရှိဘူးနော်၊ တစ်နေ့နေ့တစ်ချိန်ချိန်မှာ သားဇေလက်ထပ်ရမယ့် မိန်းကလေးက စန္ဒကူးပဲ။ ထိုစကားမျိုးကို သခင်ကြီးက ပျို့ရှေ့မှာ ပြောဆိုတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'သားဖေနဲ့ ပျို့က ရွယ်တူတွေလေ သခင်မကြီး၊ ဒီလောက်အထိ…'

'သခင်ကြီးရယ် သားဖေကိုယ်တိုင်က ပျို့မှပျို့ ဖြစ်နေတာလေ၊ အထိန်းတော်ပါ၊ ဘာမှမဖြစ်ပါဘူး'

သခင်ကြီးက ပျို့နှင့် ဖေ့ကို အလစ်မပေးတတ်။ ကိုယ်တိုင်အနီးကပ်ကြီးကြပ်နေတတ်၍ ပျို့အကြံအစည်က မအောင်မြင်နိုင်ဘဲ ဖြစ်ရသည်။

'အစ်မပျို့'

'ဟင်… ဖေ ပြီးသွားပြီလားကွယ်'

'အပျိုကြီးတစ်ယောက်တည်း ဘာတွေငေးငိုင်ပြီး တွေဝေစဉ်းစားနေတာလဲ၊ ဖေ ပြီးနေတာ ကြာပြီ၊ ပျို့အနားမှာရပ်ပြီး ပျို့ကို ကြည့်နေတာ နာရီဝက်တောင် ရှိသွားပြီ'

'ဟယ်… ကြည့်စမ်း ဖေရယ်၊ ရှက်စရာကြီးကွာ ဘာဖြစ်လို့ အသံမပေးရတာလဲ၊ တကယ်ပဲကွာ'

'အပျိုကြီးရဲ့အတွေးတွေကို မဖျက်ဆီးပစ်ချင်လို့ပါ'

'ကောင်ဆိုးလေး'

'ဟင်း… ဟင်း… ဟင်း…'





အပေါ်ပိုင်းဗလာဖြစ်နေတဲ့ ဖေရဲ့ ရင်အုပ်ကျယ်ကျယ်ကို ပျို့ လက်သီးဆုပ်လေးနဲ့ ခပ်ဖွဖွထုပစ်သည်။ ပျို့က ဖေ့ထက်လေးလလောက်ကြီးနေပေမယ့်လည်း နုပျိုအရွယ်တင်ကာ ခန္ဓာကိုယ်ထွားကြိုင်းတောင့်တင်းတဲ့ ဖေနှင့်ယှဉ်လိုက်လျှင် ငယ်သလိုပင် ထင်ရသည်။ ဒါပေမယ့်လည်း သခင်ကြီးက ပျို့အား အစ်မကြီးတစ်ယောက်အသွင် အစ်မပျို့ဆိုတဲ့ အခေါ်အဝေါ်ကြီးကပင် ဖေနှင့် ပျို့ကြားမှာ ၅၂၈ အုတ်တံတိုင်းကြီးက ကာရံတားဆီးထားသည်။

'ဖေ'

'ပြော'

'ဒီမှာ ပျို့ ရွေးပေးထားတဲ့ဝတ်စုံ မရမ်းစေ့ရောင် ပုဆိုးအကွက်လေးနဲ့ လည်ကတုံးလက်ရှည်အဖြူရောင်၊ ဖေ့ကို အရမ်းခံ့ညား တည်ငြိမ်သွားစေမယ့် ဝတ်စုံလေးနော်'

'အင်း'

စန္ဒကူးဆိုတဲ့ ကောင်မလေးအမြင်မှာ ဖေက ခင်ဘုံးတုံးပုံနှင့် ဘယ်လိုမှ စိတ်ဝင်စားခြင်းမရှိစေရန် တမင်ရွေးချယ် ဝတ်ဆင်စေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇေက အမြဲတမ်းပဲ အကျင့်ဖြစ်နေတာက ကိုယ်ဝတ်မည့် အဝတ်အစားကို ကိုယ်တိုင်မရွေးချယ်တတ်ခြင်းပင်။ ပျို့ အလေ့ အကျင့် လုပ်ပေးထားတာလေ။ ဇေ့ကိုလည်း ကိုယ်တိုင်ဝတ်ဆင် ပေးကာ ရင်ပတ်မှ ကြယ်သီးလေးကို တပ်ပေးသည်။

'ဇေရယ် မင်းက အရမ်းကို ခံ့ညားချောမောလွန်းတဲ့ ယောကျ်ားတစ်ယောက်ပဲ၊ အစ်မပျို့တောင် နှမြောတယ်၊ စန္ဒကူး လက်ထဲ အပ်လိုက်ရမှာလေ'

သူမ လက်ဖဝါးလေးတွေက ဇေ့မျက်နှာပြင်အနှံ့ ခပ်ဖွဖွ လေး ပွတ်သပ်မိသည်။

ဇေက ရယ်နေ၏။ ပျို့ဘယ်လောက်ပဲ ဇေ့ကို ချော့မြှူ ပွတ်သပ်ပေးနေပါစေ။ အစ်မတစ်ယောက်က မောင်လေးအပေါ် ပြုစုယုယပေးနေသလိုပဲ။ ဇေ့မျက်ဝန်းအကြည့်တွေ ပကတိ ရိုးသားဖြူစင်နေတာကိုပဲ ပျို့ နာကျင်ကြေကွဲစွာ မခံမရပ်နိုင်အောင် ဒေါသတွေ ကြိတ်ကြိတ်ပေါက်ကွဲခဲ့ရ၏။

ဒါပေမဲ့လည်း ပျို့က အစေအပါးပဲလေ။ သခင်မကြီး မြှောက်စားထား၍သာ မွေးစားသမီးအရာ ဖြစ်နေသည်။

'အိုကေ… ဇေ သွားပြီနော်၊ ဘာမှ နှမြောမနေနဲ့





ဖေဖေ့ဆန္ဒပဲလေ၊ ဇေ နာခံရမယ်၊ အပျိုကြီးရေ နောက်ကားကျော် တက်သွားပြီနော်၊ စွံအောင်လုပ်တော့'

'ဇေ'

ဇေက လက်ပြပြီး အောက်ထပ်သို့ ဆင်းသွားလေသည်။ ပျို့ တားဆီးပစ်လိုက်ချင်တယ်။ ဧည့်ခန်းထဲရောက်ရင် သခင်ကြီး ဘာပြောမယ်ဆိုတာ ပျို့သိနေ၍လည်း ဆောက်တည်ရာမရအောင် ပဲ နာကျင်ကြေကွဲနေရ၏။ ပျို့ဘဝကို ပျို့ မုန်းတီးနာကျည်းသွား သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

'သားဇေ ရောက်လာပြီပဲ၊ စန္ဒကူး မလာသေးပါလား၊ လာရမယ့် အချိန်ရောက်နေပြီလေ'

'သခင်မပြောသားပဲ သခင်ကြီးရယ်၊ စန္ဒကူးက ဘယ်အရာမဆို အလေးအနက်မထားပါဘူးလို့၊ သားဇေကိုတောင် စိတ်ဝင်စားဟန် နည်းနည်းမှ မပြဘူး၊ စိတ်ပျက်စရာပဲ၊ တကယ်ဆို လူကြီးတွေရဲ့စကားကို အလေးအနက်ထားရမယ်လေ၊ ပြီးတော့ သခင်ကြီးအမိန့်ပဲ၊ ဒီကောင်မလေး တမင် သားဇေနဲ့ လက်မထပ်ချင်လို့ ဖြစ်လိမ့်မယ်'

ဒေါ်တိမ်သခင်မက သခင်ကြီးနားထဲသို့ စန္ဒကူးရဲ့ အချိုးမပြေမှုတွေနှင့် ဇပ်ပျက်ပျက် အကျင့်စရိုက်တွေကို တိုးဝင်သွားစေရန် လေသံအေးအေးဖြင့် ပြောလိုက်သည်။





'လောလောဆယ်တော့ စန္ဒကူးလေးကို ပြုပြင်သွန်သင်ဆုံးမပေးရမှာပဲ သခင်မရယ်၊ သည်းခံပါ အချိန်အတိုင်းအတာတစ်ခုတော့ လိုအပ်နေတယ်လေ။ စန္ဒကူးအတွက် အချိန်ပေးရမယ်။ ဘယ်လိုပဲ ဖြစ်နေဖြစ်နေ သခင်ကြီးကတော့ သားဇေနဲ့ စန္ဒကူးလေးကို မလွဲမသွေလက်ထပ်ပေးရမှာပဲကွယ်'

စန္ဒကူးက ငယ်ငယ်လေးထဲက သူ့အပေါ် မကျေမနပ်နှင့် နှုတ်ခမ်းလေး တရှုရှု စွာတေးလန်တတ်တာ ဇေသိသည်။ ဗေဖေကြောင့်သာပါ။ ဇေကိုယ်တိုင်လည်း စန္ဒကူးကို ငယ်စဉ်လေးထဲက အမြင်ကတ်နေခဲ့သည်။

ဇေနှင့် နောက်ဆုံးတွေ့တဲ့အချိန်တွင် ပြန်ခါနီးမှာ ဇေ့အနားကပ်၍ တိုးတိုးလေး ပြောသွားတာက ပုံတုံးကြီးတဲ့။ စည်းစနစ်ကြီးလွန်းတဲ့ ဖေဖေ့ဆန္ဒတွေဖြစ်နေ၍ ဇေ တခြားမိန်းကလေးတွေကို စိတ်ဝင်စားဖို့ စိတ်ကူးထဲပင် မထည့်ခဲ့ဘဲ စန္ဒကူးကိုသာချစ်နိုင်ဖို့ ကြိုးစားခဲ့သည်။

'သခင်မပဲ သွားခေါ်လိုက်မယ် သခင်ကြီး၊ အဲဒါ မဖြစ်သင့်ဘူးလေ၊ ယောက္ခမတွေအပေါ် မလေးမစားနဲ့'

'ဇေ သွားကြည့်လိုက်မယ် မေမေ'



www.burmeseclassic.com

www.burmeseclassic.com



'သားဖေ မသွားနဲ့'

စန္ဒကူးနှင့် ဇေ့ကို ရင်းနှီးကျွမ်းဝင်ခွင့် မပြုနိုင်ဘူး။ ဒီကောင်မလေး ဘာလုပ်နေလဲ၊ ရွဲ့ပြီး မလာတာလား၊ စန္ဒကူးက သားဖေအပေါ် နှစ်သက်ဟန်မပြ။

ကောင်းတယ်၊ ညည်း အဲဒီပုံစံအတိုင်းပဲ နေစမ်း စန္ဒကူး။ ဇေက ငါ့သမီး ပျိုမဒီအတွက်ပဲ ဖြစ်စေရမယ်။ ပျိုမဒီကို ကြည့်နိုင်းမယ်ဆိုတော့ သားဖေပဲသွားတဲ့။ စန္ဒကူးက မင်းရဲ့ ဇနီးလောင်းပဲ သားဇေတဲ့။ ပြတ်သားလွန်းသည်။

'သားဖေ သွားခေါ်ခဲ့၊ ဖေဖေပြောချင်တာက စန္ဒကူးနဲ့ မင်း ရင်းနှီးအောင်နေပါ၊ ဖေဖေ သားငယ်ငယ်လေးထဲက ပြောထားခဲ့တယ်နော်၊ သားရဲ့ ဖူးစာရှင်အစစ်က စန္ဒကူးပဲလို့'

'ဟုတ်ကဲ့'

ဇေကတော့ သားလိမ္မာပဲဖြစ်ချင်ပါတယ်။ သူ့ကိုယ်တိုင် ဘယ်လောက်ပဲ ခေတ်မီထက်မြက်နေပါစေ၊ ဖေဖေနေစေချင်တဲ့ ပုံစံမျိုးနှင့်ပဲ နေခဲ့သည်။ ပညာရေးကလွဲပြီး ဘယ်အရာကိုမှ စိတ်ဝင်စားခွင့် မပြုတဲ့ ဖေဖေ့ပုံစံခွက်နှင့် ဇေ ကွက်တိပဲ နေခဲ့၏။

ယခုလည်း စန္ဒကူးနှင့် အချစ်မပါတဲ့ အိမ်ထောင်ရေးကို





တည်ဆောက်ရတော့မည်။ စန္ဒကူးလို ကောင်မလေးမျိုးကို ဇေ မထိန်းနိုင်။ ဗိုလ်ကျတဲ့ကောင်မလေး။

ဇေ့မှာ အသိတရား ပြည့်စုံလာထံကရော၊ ဆေးကျောင်းပြီးသွားလို့ ဆေးရုံမှာ House ဆင်းရတဲ့ အချိန်တွေရော ယခုရော စန္ဒကူးကို ချစ်နိုင်ဖို့ကြိုးစားလာတာ မအောင်မြင်သေးပေ။ ဇေ နည်းနည်းလေး ဒေါသထွက်လာ၍ စန္ဒကူးအခန်းအထိ ကိုယ်တိုင်သွားဖို့ ဆုံးဖြတ်ခဲ့သည်။

'စန္ဒကူး··· ဒေါက်၊ စန္ဒကူး တံခါးဖွင့်ပါဦး စန္ဒကူး'

'ဒေါက်··· ဒေါက်'

'ဟင်'

စန္ဒကူးအခန်းက လှုပ်ရှားသံ ခပ်သဲ့သဲ့လေးမျှပင် မကြားရပဲ ငြိမ်သက်နေသဖြင့် ကောင်မလေးအခန်းထဲမှာ သူ့ကို လက်မထပ်ချင်လို့များ ကိုယ့်ကိုယ်ကို သေကြောင်းကြံစည်လိုက်ပြီလား။ ဘယ်လိုလုပ်ရမလဲ။ ဆေးအိတ်ပဲ ပြေးယူရမလား။ ဖေဖေနဲ့ မေမေကို အသိပေးလို့ မဖြစ်သေးဘူး။ အထိတ်တလန့်တွေ ဖြစ်သွားမယ်။ ဇေ့မှာ ဒီကောင်မလေးရဲ့ အခန်းသော့ပို ပါလာတာပဲ။ ဖေဖေ ပေးလိုက်တာ၊ ဇေအခန်းတံခါးကို ထပ်ခေါက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'စန္ဒကူး… ဒေါက်… ဒေါက်၊ စန္ဒကူး မင်း အထဲမှာ ရှိလား၊ စန္ဒကူး… ဒေါက်… ဒေါက် သေချာသွားပါပြီ'

မိန်းကလေးတစ်ယောက် အခန်းထဲကို သော့ဖွင့်ပြီး ဝင်လို့ သင့်တော်ပါ့မလား။ ဒါပေမယ့် ဖေဖေ ဆရာဝန်လေ၊ စန္ဒကူး အသက်လေး ငွေ့ငွေ့ရှိနေသေးရင်တောင် အသက်ကယ်ရမယ်။

ဒီလောက် တံခါးခေါက်နေတောတောင် ငြိမ်သက်နေတာ အထဲမှာ စန္ဒကူး တစ်ခုခုဖြစ်နေပြီ ထင်တယ်။ ဖေ တော်တော်လေး စိတ်ပူသွား၍ ဘာမှစဉ်းစားမနေတော့ဘဲ စန္ဒကူးအခန်းကို သော့အပိုနှင့်ဖွင့်၍ ဝင်လိုက်သည်။

'ကျွိ'

'ဟင်'

'ဖူး'

သေပစ်ချင်တာပဲ။ တော်တော်ဆိုးသွမ်းတဲ့ ကောင်မလေးပါလား။ အိပ်မောကျနေသည်။ ဟောက်တောင် ဟောက်နေလိုက်သေးတယ်။ အခန်းက အသံလုံနေ၍ စန္ဒကူးဟောက်သံကို မကြားမိတာလား။ သူပဲ စိတ်တွေ ပူထူပြီး စိုးရိမ်လွန်ကဲကာ စန္ဒကူးဟောက်သံကို မကြားမိတာလား။





ကြည့်စမ်း အိမ်ရာပေါ်မှာ မှောက်လျက်အနေအထားနှင့် ညဝတ်အင်္ကျီ ပေါင်လယ်လောက်ဝတ်ကာ အိပ်နေသည်။ မေမေသာ တွေ့သွားရင်တော့ မလွယ်ဘူး။ ဖေအကြည့်ကို လွှဲပစ်လိုက်သည်။ မဖြစ်ဘူး ပြန်ထွက်မှပဲ။ 'မေမေပြောသလိုပဲ သူနှင့်လက်မထပ်လို၍ ဖေဖေ့အမိန့်ကို ဆန့်ကျင်ပြီး အိပ်နေတာလည်းဖြစ်နိုင်၏။ ဖေစိတ်ပူပြီး ဝင်လာမိတာ မှားတာပဲ။ စန္ဒကူးကိုလည်း မနိုးချင်တော့၍ ပြန်အထွက်တွင် စားပွဲခုံနှင့် ဝင်တိုက်မိသွားသည်။

'ဒုန်း'

'အား'

အသံတွေကြောင့် စန္ဒကူးလန့်နိုးသွားတော့ သူမ ခုတင်အနားမှာ ကုန်းကုန်းကွကွနှင့် လူတစ်ယောက်ကို ဝိုးတိုးဝါးတားတွေ့လိုက်ရာ အလန့်တကြား ခုတင်ပေါ်မှ ဝုန်းခနဲထပြီး ထိုလူနား ရောက်သွားသည်။

'ဟင်… ကိုကိုဖေရတာ၊ ဘာလာလုပ်တာလဲ Lock ချထားတဲ့ အခန်းကို ပိုင်းစိုးပိုင်နင်း ရှင်တို့ဆီမှာ ရှိနေတဲ့ Extra Key နဲ့ လာဖွင့်ဝင်တယ်ပေါ့လေ၊ ဟွန်း… ယဉ်ကျေးမှု မရှိလိုက်တာ စန္ဒကူးပြောထားမယ်နော်၊ အဲဒီလို အကျင့်စရိုက်တွေကို



www.burmeseclassic.com

www.burmeseclassic.com



မကြိုက်ဘူး။ ရှင်… ရှင် ကျွန်မနဲ့ တရားဝင်လက်မထပ်ရသေးဘဲ နဲ့ ဘာဖြစ်လို့ ကျွန်မအိပ်ခန်းထဲကို ခိုးဝင်လာရတာလဲ၊ အခွင့် အရေး ယူမယ်တော့ မကြံနဲ့၊ ကျွန်မနဲ့ရှင် လက်ထပ်ရမယ် ဆို ပေမယ့် တရားဝင်လက်ထပ်ရသေးတာ မဟုတ်ဘူး'

'ဟော့… မင်းပြောချင်တာတွေ လျှောက်ပြောမနေနဲ့၊ မင်းကို ဧည့်ခန်းမှာလာတွေ့ဖို့ ဖေဖေပြောထားတာ မလာလို့ လာကြည့်တာ၊ မင်းကို တံခါးခေါက်နိုးတာတောင် အသံမကြားရ လို့ ငါစိတ်ပူပြီး ဝင်ကြည့်တာ မင်းထင်သလို ယုတ်မာကောက် ကျစ်တဲ့ အကြံအစည်တွေ ငါ့မှာ မရှိဘူး၊ ငါက ဆရာဝန်လေ မင်းအသက်ကို ကယ်ဖို့ဝင်လာတာ'

'ဟင်'

စန္ဒကူး အိပ်ချင်မူးတူးနှင့် ပြောချင်တာတွေ ပြောမိပြီးမှ ကိုကို့အား မျက်နှာပူသွားကာ အားနာမိသွားသည်။ ဟုတ်သားပဲ သခင်ကြီးပြောထားတာ။ သေချင်တာပဲ။ စန္ဒကူး ခဏဆိုပြီး အိပ်ရာပေါ် လှဲချမိတာ အိပ်ပျော်သွားသည်။

'Sorry နော် ကိုကို၊ တောင်းပန်ပါတယ် စန္ဒကူးအိပ်ပျော် သွားတယ်၊ ဟိုလေ ညက အိပ်လို့မပျော်ဘူး၊ မာမီ့ကို သတိရနေ





လို့ပါ၊ အခု ခဏလေး နားမယ်စိတ်ကူးပြီး အိပ်မိတာ အိပ်ပျော် သွားတယ်'

သခင်ကြီးနဲ့ ဘယ်လိုရင်ဆိုင်ရမလဲနော်။ စန္ဒကူး ရှုံ့တာ မဟုတ်ပါဘူး။ အိပ်ရေးပျက်ပြီး အိပ်ဆေးလည်း သောက်မိသွား တာ ကောင်းကောင်းမအိပ်ရသေးတော့ စန္ဒကူး အိပ်ပျော်သွား သည်။

'မင်း အဝတ်အစားလဲပြီး မြန်မြန်လာခဲ့၊ ဧည့်ခန်းမှာ လူကြီးတွေ စောင့်နေတယ်'

'ဟုတ်'

'မင်း ဘယ်လိုကောင်မလေးလဲ၊ အဲဒီလိုသာ စည်းကမ်း မဲ့ နေထိုင်ရင် မင်းကို ငါလက်ထပ်ဖို့ အများကြီး စဉ်းစားရလိမ့် မယ်'

'ဟုတ်ပါတယ်၊ စဉ်းစားပါ ကိုကို၊ ကျွန်မကို လက်ထပ် ဖို့ အလွယ်တကူ မဆုံးဖြတ်ပါနဲ့၊ လူကြီးတွေက ရှေးဆန်လွန်း တယ်။ အဓိပ္ပာယ်မရှိတာတွေကို စွဲလမ်းဆုပ်ကိုင်ထားချင်တယ်။ ကျွန်မနဲ့ ကိုကိုက ဘယ်လိုလုပ်ပြီး ဖူးစာရှင်တွေ ဖြစ်နိုင်ကြမှာလဲ။ လက်ထပ်ဖို့ကိစ္စကိုလေ၊ အဟဲ… ကိုကို့ဘက်က ငြင်းပစ်လိုက် နော်'



www.burmeseclassic.com

www.burmeseclassic.com



'ဘာပြောတယ်'

'ဟင်'

'လူကြီးတွေရဲ့ အပြင်းပြဆုံး ဆန္ဒကွ၊ မင်း ဘာဖြစ်လို့ ပေါ့ပျက်ပျက် လုပ်ချင်ရတာလဲ'

'ကျွန်မ အိမ်ရှင်မကောင်းလည်း ဖြစ်မှာမဟုတ်ပါဘူး၊ ကိုကိုပဲ စိတ်ညစ်ရမှာ၊ အဟဲ… ဟိုလေ အိမ်တော်စိုးကြီး မမ ပျိုမဒီကို ရွေးချယ်လိုက်ပါလား၊ အဟွန်း… ဟွန်း… ဟွန်း…'

'တော်စမ်း ပြောင်စပ်စပ် မလုပ်နဲ့၊ ဒီကိစ္စက ရယ်စရာ လားကွ၊ မဟုတ်တာတွေ လျှောက်ပြောမနေနဲ့၊ ငါကတော့ ငါ့ ဖေဖေရဲ့ အမိန့်ကိုပဲ နာခံမယ်၊ အဝတ်အစားလဲပြီး ထွက်လာခဲ့။ လူကြီးတွေ စောင့်နေကြပြီ'

ကိုကိုဇေရတု ဒေါသတကြီးနှင့် မာမာထန်ထန် ပြောပြီး ပြန်ထွက်သွားတော့ စန္ဒကူး ရယ်ပစ်သည်။

ဘယ်လိုကြီးလဲ၊ မိန်းမယူတာ လူကြီးတွေရဲ့ အမိန့်ကိုပဲ နာခံမယ်တဲ့။ ကိုကိုဇေရတုက ခေတ်ပညာတတ်ဆရာဝန်တစ်ယောက် ဖြစ်နေပြီနော်။

သူ့ကို ကြိုက်မယ့်သူပဲ မရှိဟာလား။ ပြောမယ့်သာပြော





ရတာ၊ ကိုကိုဇေရတုက သန့်ပြီး ချောတယ်။ ဒါပေမဲ့နော် စန္ဒကူး ကတော့ မကြိုက်ပါဘူး။

စန္ဒကူး စိတ်ပျက်ပျက်နှင့် ရေချိုးခန်းဝင်လာကာ ရေချိုး ပြီး အဝတ်အစားလဲ၊ အလှအပတွေတောင်ပြင်ချင်စိတ် မရှိတော့ ဘဲ ထွက်လာခဲ့သည်။

ဧည့်ခန်းမှာ လူကြီးတွေစောင့်နေ၏။ စန္ဒကူးရောက်လာ ပြီး ထိုင်မိသည်နှင့် မျက်နှာပုပ်သိုးတင်းမာစွာဖြင့် ယောက္ခမ လောင်းကြီး ဒေါ်တိမ်သခင်မက စတင်ဆူသည်။

'နင် ဘာဖြစ်လို့ ဒီလောက်အထိ လူကြီးတွေကို မထေမဲ့ မြင်လုပ်ရတာလဲ စန္ဒကူး၊ ဒီမှာ သခင်ကြီးအမိန့်ကို အားလုံး ပြားပြားဝပ် ရှိသေနာခံကြရတယ်။ နင် တမင်ရွဲ့ပြတာ မဟုတ် လား'

'မဟုတ်ပါဘူး သခင်မကြီး၊ ကျွန်မ အိပ်ပျော်သွားလို့ပါ၊ မယုံရင် ကိုကို့ကို မေးကြည့်ပါ၊ ညက အိပ်ရေးပျက်သွားတယ်၊ အိပ်လို့မရလို့ပါ၊ အိပ်ဆေးလည်း သောက်မိသွားတယ်၊ ခဏလေး လှဲအိပ်မိတာ အိပ်မောကျသွားတယ်လေ။ ကိုကို အမှန်တွေပြောပြ လေ၊ ဘာလို့ မပြောပြရတာလဲ၊ စန္ဒကူး အိပ်ပျော်နေတာ'



www.burmeseclassic.com

www.burmeseclassic.com



စန္ဒကူး မင်းတော်တော် အကျောမာတဲ့ ကောင်မလေးပဲ၊ ဧဧတောင် ဒီအသက်အရွယ်အထိ လူကြီးမိဘတွေ ဆုံးမစကား ပြောနေလျှင် မှားမှားမှန်မှန် ငြိမ်ပြီး နာခံရသည်။ မေမေက ဒေါသတွေ ပိုပေါက်ကွဲတော့၏။ စန္ဒကူးကတော့ အေးစက်စက် မှင်သေသေထိုင်နေသည်။

'နင်... နင် လူကြီးကို ပြန်ပြောနေတာလား၊ ရိုင်းစိုင်းလိုက်တာ၊ ယဉ်ကျေးမှုကို မရှိဘူး၊ သခင်ကြီး ဒီလိုကောင်မလေး မျိုးနဲ့ သခင်မသားကို လက်ထပ်မပေးနိုင်ဘူး။ ဖျက်ပါ သူ့အမေဆီပဲ ပြန်ပို့လိုက်တော့၊ မဖြစ်ဘူး၊ မဖြစ်ဘူး၊ သားအတွက် ဇနီး ကောင်း မဖြစ်နိုင်ဘူး၊ သခင်မ သဘောမတူဘူး'

ကောင်းတယ်။ စန္ဒကူးကလည်း ကိုကိုဇေရတုကို လက်မထပ်ချင်ပါဘူး။ မာမီ့ဆီပဲ ပြန်ချင်တယ်။ တွေးမိတိုင်းပဲ ရူးချင်လာတယ်။

ဘယ်လိုကြီးလဲ၊ ဒေါ်တိမ်သခင်မ မျက်နှာကြီးကလည်း စန္ဒကူးကိုတွေ့တိုင်း တင်းမာခက်ထန်ပြီး ရန်လိုနေတဲ့ပုံ။ စန္ဒကူးကို နည်းနည်းလေးမှ ခွင့်မလွှတ်နိုင်ပါလား။ သခင်ကြီးကတော့ လေသံအေးအေးနှင့် စန္ဒကူးကိုပြောသည်။





'စန္ဒကူး'

'ရှင်'

'သခင်ကြီးကတော့ ဘယ်သူတွေ ဘာပဲပြောပြော သားဇေနဲ့ စန္ဒကူးကို လက်ထပ်ဖို့ကိစ္စ လုံးဝမဖျက်နိုင်ဘူး'

'သခင်ကြီး'

'သခင်မ အသာနေစမ်းပါ၊ သခင်ကြီး အမိန့်ပဲ၊ လူကြီးမိဘတွေ စီစဉ်ထားတာကို မဖျက်နိုင်ဘူး၊ စန္ဒကူးလေးကို နားလည်ပေးရမယ်။ စန္ဒကူးက သခင်ကြီးတို့ ချွေးမလောင်းပဲ၊ သားဇေရော စန္ဒကူးရော သိထားရမှာက မင်းတို့ လက်ထပ်ရမယ်။ သခင်ကြီးရဲ့ အမိန့်'

ပြတ်ပြတ်သားသားပြောပြီး သခင်ကြီး ထသွားသည်။ ဒေါ်တိမ်သခင်မကလည်း မျက်စောင်းကြီးခဲကာ သား ကိုယ့်အခန်းထဲ ကိုယ်သွားနေစမ်း ဆိုပြီး ထသွား၏။

စန္ဒကူးကလည်း သခင်ကြီးအမိန့် ဆိုတာကို မကြိုက်ပါဘူး။ ဒါပေမဲ့ ဘယ်တတ်နိုင်ပါ့မလဲ။ လူတွေအားလုံး ထွက်သွားကြတော့ စန္ဒကူး မကျေမနပ်နှင့် ယောင်ချာချာကြီး ကျန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုဇေရတု ရှင်ကြီးကလည်း အမေချစ်သား၊ အမေက သေဆိုသေ၊ ရှင်ဆိုရှင်ပဲ။ ကျွန်မကရော ဘာလဲ။ မိန်းကလေးတစ်ယောက်ကို မလွဲသာ မရှောင်သာလို့ လက်ထပ်ယူတာလား။ မမိုက်လိုက်တာ။

လုံးဝပဲ မာမီရေ၊ စန္ဒကူးကတော့လေ ငရဲအိုးထဲ ခေါက်ထိုးပြုတ်ကျပြီ ထင်တယ်။ ဒက်ဒီရဲ့ကျေးဇူးရှင်တွေကို သမီးထိုးအပ်ပြီး ကျေးဇူးဆပ်ရလားဟင်။ ရှင်ကြီး လက်ထပ်လေ၊ စန္ဒကူးဟာ ဘယ်လိုကောင်မလေးမျိုးဆိုတာ ရှင်ကောင်းကောင်း သိစေရမယ်။ နောင်တကြီးကြီး ရဖို့သာ ပြင်ထားပါ။ ပါးစပ်လေးက ပွစိပွစိပြောပြီး ထွက်လာခဲ့သည်။

❀



## အခန်း(၈)

စန္ဒကူး မင်း ဘယ်လိုကောင်မလေးမျိုးလဲကွာ။ ဖေဖေ့အမိန့်က ဧတို့တစ်အိမ်သားလုံး ပြားပြားဝပ် တရိုတသေ နာခံကြရ၏။ မေမေလည်း ရိုသေလေးစားရသည်။ စည်းကမ်းကြီးပြီး ရှေးရိုးဆန်လွန်းသော ဖေဖေ့အမိန့်က ဧတို့မိသားစုအပေါ် ခေါက်ရိုးကျိုးပြီးသား ဖြစ်နေ၏။ စန္ဒကူးကို မေမေက သဘောမကျပေ။ ဖေနှင့် လက်ထပ်ပေးဖို့ ကန့်ကွက်နေသည်။

'မင်းကလည်း မင်းပဲ စန္ဒကူး၊ ငါ့ကို မင်းလက်မထပ်ချင်ဘူး မဟုတ်လား၊ ငါ့ဘက်ကလည်း ငြင်းချင်ပါတယ်၊ ဒါပေမယ့်လည်း ငါသားမိုက်အဖြစ် မခံနိုင်ဘူး၊ သားလိမ္မာဖြစ်ချင်တာ



www.burmeseclassic.com

www.burmeseclassic.com



စန္ဒကူးအကြောင်း တွေးမိတိုင်း ဇွဲ့ရင်တွေ ရှုပ်ထွေးလေးလံရသည်။ ငယ်စဉ်လေးထဲကပင် စန္ဒကူးက သူ့အပေါ် မနှစ်သက်ခဲ့ပေ။ ရန်စွာတတ်ပြီး ပုံတုံးကြီးတဲ့။

ဟုတ်တယ်။ စန္ဒကူးပြောသလိုပဲ အမိပွာယ်တော့ မရှိပါဘူး။ ဖေဖေကတော့ ဒီကိစ္စကို လုံးဝစွန့်လွှတ်မှာ မဟုတ်။ ဦးလေးညိုမင်းအုံ့က ဖေဖေရဲ့ သွေးသားညီအရင်းလို ချစ်ရသူ။

စန္ဒကူးရယ် ငါကလည်း မင်းကို လက်မထပ်ချင်ပါဘူး။ ငါ့ဘဝတစ်သက်တာမှာ အချစ်ဆိုတာကို ဘယ်တုန်းကမှ တွေးတောခံစားခွင့်မှ မရှိခဲ့တာပဲ။

ဇွဲ့မျက်ဝန်းတွေထဲမှာ စန္ဒကူးရဲ့ ညဝတ်အင်္ကျီ မလုံ့တလုံလေးနှင့် ကလေးဆန်စွာ ပြောဆိုနေထိုင်တတ်ပုံလေးက မထွက်တော့။

သူ့ရင်တွေ နည်းနည်းလေးတော့ ခုန်ချင်နေသည်။

'ကိုကိုနော် ကျွန်မနဲ့လက်ထပ်ဖို့ကိစ္စ အလွယ်တကူ မဆုံးဖြတ်ပါနဲ့၊ စဉ်းစားပါ၊ ကျွန်မက ဇနီးကောင်းမဖြစ်နိုင်ပါဘူး၊ ကိုကိုနဲ့လည်း မလိုက်ဖက်ပါဘူး'

လူ့စိတ်ဆိုတာလည်း တစ်မျိုးဗ် ထင်တယ်။ စန္ဒကူးက





လက်မခံလို့ဘဲ ဇေ စိတ်ဝင်စားနေတာလား။ စန္ဒကူးက ဇွဲ့နှလုံးသားကို ဆူးတစ်ချောင်းကဲ့သို့ စိုက်ဝင်နာကျင်စေသည်။

'ဇေ'

'ဟင်... ပျို'

ပျိုက ဇွဲ့အတွက် စားစရာ ထမင်းဟင်းတွေကို ဗန်းလေးဖြင့် သယ်ပြီးယူလာသည်။ ဇေစားချင်တဲ့ ဆန္ဒတွေ ကင်းမဲ့နေသလို ထိုင်းထိုင်းမှိုင်းမှိုင်း လေးလေးလံလံကြီး ဖြစ်နေ၏။ ပျို့ကိုပင် ပြုံးမပြနိုင်အောင် စိတ်ညစ်နေသည်။

'စန္ဒကူးကြောင့် ဇေ စိတ်ညစ်နေလား၊ ကြည့်ပါဦး၊ မျက်နှာလေးညှိုးနေတယ်၊ သနားလိုက်တာကွယ်'

ဇွဲ့အနားမှာ ကပ်ထိုင်ပြီး ပျို့လက်လေးက ဇွဲ့မျက်နှာလေးကို ပွတ်သပ်ပေးနေသည်။ ယခင်ကထက် ပို၍ ဇွဲ့အား ချော့မြူယုယပေးနေ၏။

မင်းနဲ့ စန္ဒကူးမလိုက်ဖက်ပါဘူး ဇေရယ်။ ပျိုကပဲ မင်းနဲ့ အလိုက်ဖက်ဆုံးပါကွယ်။ ဇေလည်း ငယ်ရွယ်နုပျိုတဲ့ ဆရာဝန်ပေါက်စလေးပါ။

သခင်ကြီးကြောင့် ဇွဲ့ပုံစံလေးက လူကြီးတစ်ယောက်ကဲ့



www.burmeseclassic.com

www.burmeseclassic.com



သို့ ရင့်ကျက်တည်ငြိမ်ကာ လူကြီးလေးတစ်ယောက်ကဲ့သို့ ဖြစ်နေသည်။

'ညစာ စားရအောင်နော် ဧ၊ မင်းမျက်နှာလေး ဘယ်တုန်းကများ ဒီလို ဝမ်းနည်းကြေကွဲမှုတွေနဲ့ ခံစားရလို့လဲ၊ ဧ ပျော်ရွှင်နေအောင် ပျို့ ဖြည့်စွမ်းပေးနေတာပဲ၊ ကဲ… ဧ ဘာဖြစ်ချင်လဲ ပြောစမ်း'

'ဧ့ ဘာဖြစ်လဲဆိုတာ မပြောတတ်တော့ပါဘူးဗျာ'

'စန္ဒကူးကို ဧ မနှစ်သက်ဘူး မဟုတ်လား၊ ပျို့ သိပါတယ်၊ စန္ဒကူးက အရမ်းရိုင်းတယ်၊ လူမှုပေါင်းသင်းဆက်ဆံရေးလည်း နားမလည်ဘူး။ ဧ လက်မထပ်သင့်ပါဘူး'

'ဗျာ'

'သခင်မကြီးကလည်း သူ့သားကို စန္ဒကူးနဲ့ လက်ထပ်မပေးချင်ဘူး၊ ချွေးမအဖြစ် လက်မခံနိုင်ဘူးတဲ့လေ၊ ဧလည်း စန္ဒကူးကို လက်မထပ်ချင်ဘူး မဟုတ်လား'

ပျို့မေးတဲ့မေးခွန်းကို ဖြေဖို့ ဧ့မှာအဖြေက အဆင်သင့်ရှိမနေဘဲ တွေဝေသွားသည်။ ဧကရော စန္ဒကူးကို လက်မထပ်ချင်ဘူးလား။ လက်မထပ်ချင်ဘူး ပျို့ဟု ရုတ်တရက် အဖြေမပေးနိုင်။





ထူးဆန်းစွာဖြင့် ဧ့နှလုံးသားတွေက လက်ထပ်ချင်နေ၏။ ဖေဖေနှင့် ဦးလေးညိုတို့ သစ္စာဆိုပြီး ဆုတောင်းခဲ့ကြတာ။ တကယ်ပဲ စန္ဒကူးက ဧ့ဖူးစာရှင်လားပဲ။

'ဧ့ဘဝတစ်သက်တာလုံး စိတ်သောကတွေနဲ့ နာကျင်ကြေကွဲနေရမှာကို ပျို့ လုံးဝအဖြစ်မခံနိုင်ပါဘူးကွယ်၊ စန္ဒကူးကို ဧ လက်မထပ်စေရပါဘူး'

'ဟင်'

'ဧပျော်ရွှင်နေတာကိုပဲ အမြဲတမ်းမြင်တွေ့ချင်တာပါကွယ်၊ ဧ့မျက်နှာလေး မညှိုး[illegible]နဲ့၊ ပျို့နှလုံးသားတွေ နာကျင်ကြေကွဲရလို့ပါနော်'

ဧလေ စန္ဒကူးကိုလက်ထပ်ဖို့ ငြင်းပယ်ပစ်နိုင်တဲ့ အင်အားတွေ မရှိတော့သလိုပါပဲ ပျို့ရယ်။ တကယ်တော့ ဒီကောင်မလေးက ဧ့အတွက် ဘယ်လိုမှ [illegible]းကောင်းတစ်ယောက် မဖြစ်နိုင်တာလည်း ဧ သိနေပါတယ်။ ဒါပေမဲ့ စန္ဒကူးကို ဧ ချစ်မိနေပြီ ထင်တယ်။ ဧ့စိတ်ပေါ့က အံ့ဩဖွယ် စန္ဒကူးကို ရယူပိုင်ဆိုင်ချင်နေသ[illegible]

'ဧ'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်'

'မင်း စန္ဒကူးကို လက်မထပ်ချင်ဘူး မဟုတ်လား'

'ဗျာ'

'သခင်ကြီးကြောင့် မင်းမလွဲသာ မရှောင်သာလို့ လက်ခံလိုက်ရတာ ပျို့ သိပါတယ်ကွယ်၊ စန္ဒကူးက မင်းလေးနဲ့ ဘယ်လိုမှ မလိုက်ဖက်ပါဘူး၊ မင်းဂုဏ်သိက္ခာတွေတောင် ကျစရာဖြစ်လာနိုင်တယ်၊ မင်း ငြင်းပစ်လိုက်ပါ'

'ပျို့ ဖေ… ဖေလေ ဟို မဖြစ်ဘူးထင်တယ်၊ ဖေဖေ စိတ်ဆိုးသွားမှာ ဖေအကြောက်ဆုံးပဲ၊ ဖေဖေရဲ့ အပြင်းပြဆုံးဆန္ဒလေ၊ ဖေဖေ့အမိန့်'

'ဒီတစ်ခါတော့ သခင်ကြီးက သားအပေါ် အတ္တကြီးသွားပြီကွယ်၊ အမိန့်ဆိုတာနဲ့ ဖေ့ဘဝကြီးတစ်ခုလုံး ဖောက်ထိုးမိုးမျှော်ဖြစ်သွားရတော့မှာလားဟင်'

ပျို့လက်တွေက အဆင့်ကျော်ကာ ဖေ့ပခုံးကို သိုင်းဖက်လိုက်သည်။ ဖေကတော့ ကလေးငယ်တစ်ယောက်ကဲ့သို့ ငြိမ်သက်နေသည်။ ပျို့နဲ့ ပတ်သက်လာလျှင် ဖေဘယ်တော့မှ ရင်ခုန်လှုပ်ရှား အဆန်းအပြားတွေ မရှိခဲ့။ မင်းက ပျို့ကို အစေအပါး မင်းကို ထိန်းကျောင်းနေသူလို့ပဲ ထင်မှတ်ထားတာပါ။





အဲဒါ သခင်ကြီးကြောင့်ပဲလေ။ အသက်ချင်း သိပ်မကွာတာတောင်မှ ငယ်စဉ်ကလေးထဲက အစ်မပျို့ဟုပဲ ခေါ်စေသည်။ သခင်မကြီးကြောင့်သာ ပျို့အရေးပါအရာရောက်နေရခြင်း ဖြစ်၏။ ဖေ့မျက်နှာလေးကို နီးကပ်စွာ ကြည့်မိသည်။

'ဖေ့မျက်ဝန်းလေးတွေ ကြေကွဲနေတယ် ကြည့်စမ်း၊ ဘယ်တုန်းကများ ဒီလိုဝမ်းနည်းကြေကွဲမှုတွေ လွှမ်းနေခဲ့ဘူးလို့လဲ၊ မပူပါနဲ့ ဖေလေးရယ်၊ သခင်မကြီးနဲ့ ပျို့ပူးပေါင်းပြီး ဒီမိန်းမလေးကို ဖယ်ရှားပစ်ပေးပါ့မယ်'

စန္ဒကူးကို မကောင်းဆိုးဝါး ကောင်မလေးတစ်ယောက်အဖြစ် ပျို့သတ်မှတ်လိုက်တာတော့ ဖေ မကြိုက်မိ။ စန္ဒကူးကို ဖေ ချစ်မိနေတာဗျာ၊ မိန်းမလေး မဟုတ်ပါဘူး။ ဖေ့ဖူးစာရှင်ပါ။ သူ့ရင်ထဲက ခံစားချက်တွေကိုလည်း ထုတ်ဖော်ပြောဖို့ ခက်နေသည်။

'ထမင်းစားနော် ဖေ၊ ဒီနေ့ ဆေးရုံသွားရမယ်လေ၊ ပျို့လည်း စန္ဒကူးကို ထမင်းဟင်းချက်ပြုတ်တာတွေ သင်ပေးရမယ်၊ အဟွန်း… ဟွန်း… ဟွန်း ကောင်းကောင်းပုံစံပေးရမယ်လေ၊ သခင်မကြီးကိုယ်တိုင် အမိန့်ပေးထားတာ'



www.burmeseclassic.com

www.burmeseclassic.com



‘ဗျာ’

‘စန္ဒကူးဆိုတဲ့ မိစ္ဆာကောင်မကို ဇေ့အနားကနေ အမြန်ဆုံး ဖယ်ရှားပစ်ရမယ်၊ ဒီဟာမလေးက ဇေ့ဖူးစာရှင်ဆိုတာ လုံးဝမဖြစ်နိုင်တာပဲ’

တကယ်တမ်း ပြောရရင် မင်းလေးရဲ့ ဖူးစာရှင်က ပျိုပါကွယ်။ စန္ဒကူး ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ စန္ဒကူးကလည်း ဇေ့ကို လက်မထပ်ချင်ပါဘူး။ ငါနဲ့ ဇေ့ကြားမှာ အဟန့်အတား ဖြစ်စေတဲ့ ဘယ်လို ဆူးညှောင့်ခလုတ်မျိုးမဆို ငါ ဖယ်ရှားပစ်မယ်။

ဇေ့ကို ဖျတ်ခနဲ ကြည့်မိတော့ ဇေ့မျက်ဝန်းလေးတွေထဲမှာ စန္ဒကူးကို ဖယ်ရှားပစ်ပေးမယ် ဆိုတာတောင် အပျော်တွေ ပျောက်ဆုံးနေသလို ရီဝေညို့မှိုင်းနေဆဲဖြစ်၍ ပျိုပင် အထိတ်တလန့် ဖြစ်ရသည်။

‘ဇေ’

‘ဗျာ’

‘မင်းပျော်တယ် မဟုတ်လား၊ အဲဒီလောက်ကြီး အစွဲအလမ်းမကြီးစမ်းပါနဲ့ ဇေရယ်၊ သခင်ကြီးအမိန့်က အမိန့်ပဲလေ၊





ဒါက ဇေ့ဘဝတစ်သက်တာလုံး ရင်ဆိုင်ဖြတ်သန်းသွားရမှာပါ၊ ပျိုနဲ့ သခင်မကြီးတို့ရဲ့ဆန္ဒကတော့ ဇေချစ်မြတ်နိုးတဲ့ မိန်းကလေး ဇေ့အပေါ် ကြင်နာယုယပေးမယ့် မိန်းကလေးမျိုးကိုပဲ လက်ထပ်စေချင်တယ်။ ဇေက သားလိမ္မာပါ။ အဓိပ္ပာယ်မရှိတဲ့ အယူအဆတွေကြောင့် ဇေ့ဘဝတစ်လျှောက်လုံး စိတ်ဒေါကတွေ ခံစားနေရမလား’

စန္ဒကူးကို ဇေ့နှလုံးသားတွေထဲကနေ ချစ်မိသွားတာဗျာ ဟု ပြောချင်သည်။ ပြီးတော့လည်း စန္ဒကူးကို တမင်သက်သက် မေမေနဲ့ ပျိုတို့ပေါင်းပြီး နှိပ်စက်မှာ ဇေစိတ်ပူသွားရ၏။ စန္ဒကူးမှာ အပြစ်မှ မရှိတာဘဲ။

ဇေ့ဘက်ကပဲ အပြတ်သားဆုံးဖြင်းလိုက်ရင် ကောင်းမလား။ ကိုကိုတော့ အခက်ကြီးခက်နေပြီထင်တယ် စန္ဒကူးရေ၊ အရင်ကတော့ မင်းလေးကို လုံးဝစိတ်မဝင်စားမိတာပါ။ ဖေဖေ့ဆန္ဒကို ဖြည့်စွမ်းပေးဖို့ပဲ ဆုံးဖြတ်ခဲ့တာ။

မင်းလေးကိုငွေ့မှ ကိုကို အရမ်းကြွေသွားတယ်။ ကိုကို့ကြောင့် မင်းစိတ်သောကတွေ ရောက်ရမှာရော၊ မင်း ပင်ပန်းနွမ်းနယ်နေရမှာရော ပလိုလားဘူးကွာ။ ကိုကို အကာအကွယ်



www.burmeseclassic.com

www.burmeseclassic.com



ပေးချင်တယ်။ မေမေကပါ စန္ဒကူးအား ချွေးမအဖြစ် လက်မခံချင်တာက အဆိုးဝါးဆုံး ဖြစ်နေသည်။

'ပျို'

'ပြောလေ ဇေ'

'ဖေဖေက ရှိပါသေးတယ်၊ ပျို သတိထားပါ၊ စန္ဒကူးကို အရမ်းတော့ မနှိပ်စက်ပါနဲ့'

'သခင်ကြီး မှားယွင်းနေတာလေ၊ စန္ဒကူးက ဇေနဲ့ လိုက်ဖက်မှုမှ မရှိတာ ဇေ့ဘဝရှေ့ရေးကိုပဲ အစ်မပျို ကြည့်ရမယ်'

သခင်ကြီးက ဇေ့အနားမှာ ပျိုရှိနေတာပင် မနှစ်သက်ပေ။ ပျို့ကို အစေအပါးအဖြစ် သတ်မှတ်ထားသည်။ ရမလား ပျိုကတော့ ဇေ့ကို အပိုင်သိမ်းပိုက်ပစ်ရမယ်။ ပျို့စိတ်ထဲမှ ကြိမ်းဝါးပစ်လိုက်၏။ သခင်မကြီးပြောသလို ဇေ့အား သူမရင်ထဲမှာ အပိုင်သိမ်း၍ ထွေးပွေ့ပိုင်ဆိုင်ခွင့်ရစေရန် ကြိုးစားရမည် ဖြစ်သည်။

'ဇေရယ် ထမင်းတောင် ကောင်းကောင်းမစားနိုင်ပါလားကွယ်၊ ပျိုရင်ထဲမှာ နာကျင်ရတယ်၊ နောက်ဆုံးလေ ဇေ သေသွားရင်တောင် ပျိုလည်း ရင်ကွဲနာကျပြီး လိုက်သေမလားပဲ'

'ဇေ ဆေးရုံသွားတော့မယ် ပျို'





'အင်း... အဝတ်အစားတွေ အဆင်သင့်ပဲ'

ပျိုနေရာမှာ စန္ဒကူးဆိုရင် အတွေးကြောင့် ဇေ့ရင်တွေ ဖျတ်ခနဲ ခုန်သွားသလို ဇေ့နှုတ်ခမ်းသားတွေပေါ်မှာ အပြုံးတွေ ထင်ဟပ်သွား၍ ပျိုက ခပ်စူးစူးစိုက်ကြည့်သည်။

'ဇေ ဘာသဘောကျသွားတာလဲ၊ စောစောက လငပုတ်ဖမ်းထားတဲ့ မျက်နှာကြီးက ပြုံးယောင်သမ်းသွားတဲ့ အထိနော်'

စန္ဒကူးအကြောင်း တွေးမိသွားလို့ပါဟု ပြောလိုက်လျှင် ပျိုဒေါသထွက်မည်။ စန္ဒကူးနှင့် သဘောမှမတူတာ။ ဇေ ဆက်ပြီး စကားမပြောချင်သဖြင့် ဆေးရုံသို့ ထွက်လာခဲ့သည်။

'စန္ဒကူးရယ် ကိုကို့စိတ်တွေကို စက္ကန့်မလပ် မင်းအကြောင်းတွေ လွှမ်းမိုးသွားစေဖို့ ဖူးစာရေးနတ်မင်းကြီးတွေက များ ဖန်ဆင်းပေးနေတာလားကွာ၊ မင်းကို လက်မထပ်ချင်ပါဘူးလို့ ကိုကို မငြင်းနိုင်ဘူး၊ ဖေဖေ့ဆန္ဒထက် ကိုယ့်ဆန္ဒတွေပဲ ဖြစ်နေတယ်'

ဇေ့အတွေးတွေထဲမှာ စန္ဒကူးအကြောင်းတွေပဲ ရှိသည်။ ဇေနှင့် စန္ဒကူး အသက်ဆယ်နှစ်လောက် ကွာခြားပြီး ငယ်စဉ်လေးထဲက မာနကြီးတဲ့ စန္ဒကူးကို ဇေမနှစ်သက်ခဲ့။ အခုအချိန်



www.burmeseclassic.com

www.burmeseclassic.com



မှာတော့ သူ့စိတ်တွေ ပြောင်းလဲသွားကာ စန္ဒကူးရဲ့ပျော့တ်ဆတ်ဆတ် မာကျောကျောနှင့် ကလေးဆန်စွာ ပွင့်လင်းမှုကို နှစ်သက်မြတ်နိုး သွားသည်။

'မင်းဘက်ကတော့ လုံးဝမပြောင်းလဲပါလား စန္ဒကူးရာ ကိုကို့ကို မုန်းနေတုန်းပဲလား'

ဇေတမ်းတမ်းတတ နာနာကျင်ကျင်လေး သတိရလွမ်း ဆွတ်သလို့လို ခံစားနေရတာက စန္ဒကူးကို မေမေနှင့်ပျိုတို့ ညှဉ်း ပမ်းနှိပ်စက်နေမှာ စိတ်ပူပြီး စိတ်ကမဖြောင့်။ မာနတွေနှင့် ဖွေ့ စိတ်ခံစားမှုတွေကို ထိန်းချုပ်မေ့ပျောက်ဖို့ ကြိုးစားနေရင်း စန္ဒကူး ဆီ ဖုန်းဆက်မိသွားသည်။



## အခန်း(၉)

စန္ဒကူးကို သခင်မကြီးနှင့် မပျိုမဒီတို့ ပူးပေါင်းပြီး နှိပ်ကွပ်ဖို့ ကြံစည်နေတာ စန္ဒကူး မသိဘဲ နေမလား။ အမိပွာယ် မရှိတာ စန္ဒကူးကို ငရုပ်သီးထောင်းခိုင်းနေတယ်။

အရှူးလား။ အဲဒါ စန္ဒကူး လုပ်ရမယ့် အလုပ်လား။ ချွေးမလောင်းကို ငရုပ်သီးထောင်းတာကြည့်ပြီးမှ ရွေးခေတ်က ချွေးချယ်တာတဲ့။ ဒါ ရွေးခေတ်လား။

စကြဝဠာထဲကိုတောင် ဒုံးပျံတွေ ဂြိုဟ်တုတွေနဲ့ လူတွေ သွားနေတဲ့ ခေတ်ကြီးထဲမှာ စန္ဒကူးက ဘယ်နှစ်ရာစုက ရွေးခေတ် ထဲ ရောက်နေရတာလဲ။ သခင်မကြီးက အမိန့်ပဲဆိုပြီး ထွက်သွား သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့... စန္ဒကူး ထောင်းလေ၊ ဒီလိုပဲ ယောက္ခလောင်းတွေက ချွေးမကို လက်ကျောတင်းမတင်း စမ်းသပ်တာပဲ၊ ဘာပဲဖြစ်ဖြစ် အိမ်ရှင်မကောင်းဆိုတာ အိမ်မှုကိစ္စတွေကို အောက်ခြေသိမ်း လုပ်တတ်ရတယ်လေ'

'အခိပ္ပာယ်မရှိတာပဲ၊ ကျွန်မတို့က ပိုက်ဆံချမ်းသာတဲ့လူတွေလေ။ ကျွန်မ ဘာလုပ်စရာရှိလို့လဲ၊ သက်သက်နှိပ်စက်တယ်'

'စန္ဒကူး မင်းမှာ ယဉ်ကျေးမှု မရှိဘူးလား၊ ဒါက သခင်ကြီးတို့ရဲ့ စည်းကမ်းလေ၊ ညည်းလူကြီးမိဘ စကားကို ဘာဖြစ်လို့ဆန့်ကျင်နေရတာလဲ၊ ရိုင်းလွန်းတယ်'

'ဘာပြောတယ်၊ ရှင်က ဘာလဲ၊ ကိုယ့်ဘဝကိုယ် ဘာဖြစ်လို့ မေ့နေရတာလဲ၊ ကျွန်မက သခင်ကြီးတို့ရဲ့ ချွေးမနော်၊ ကိုကိုဇေရတုရဲ့ ဇနီးလောင်း'

'ဘာ'

အမလေး ကြောက်စရာကောင်းလွန်းတဲ့ မာထန်ဝင်းတောက်နေတဲ့ မျက်ဝန်းတစ်စုံက စန္ဒကူးဆီ ဆတ်ခနဲ ရောက်လာကာ စန္ဒကူးခန္ဓာကိုယ်လေး လောင်မြိုက်ပြာကျသွားမတတ်ပါ





လား။ မုန်းတီးမှုတွေ မနာလိုဝန်တိုနေတဲ့ မိန်းမတစ်ယောက်ရဲ့ မျက်ဝန်းအကြည့်ကြောင့် စန္ဒကူးပင် အားတင်းထားသည့်ကြားမှ ကျောထဲက စိမ့်တက်သွားရသည်။

'နင့်လို ကောင်မမျိုးနဲ့ ဇေလက်ထပ်ခွင့်ရမယ်ထင်လား၊ ဇေလက်ထပ်ရမယ့် ဇနီးလောင်းက တော်ရမယ်၊ ထက်မြက်ရမယ်၊ ဇေ့ကို ကြင်နာယုယနေရမယ်၊ နင်က ဘာအရည်အချင်းတွေ ရှိလို့လဲ'

'အရည်အချင်းဆိုတာက ရှင် သတ်မှတ်လို့ ရမလား၊ ရှင်က အစေအပါးပဲ'

'နင်'

ဖြစ်ချင်ရာဖြစ် စန္ဒကူးကို ပျို့မျက်စိရှေ့မှာ ရှိနေတဲ့ သားလှီးဓားဖြင့် ရင်ဝတည့်တည့် ထိုးစိုက်ပစ်ချင်သည်။

ငါနဲ့ ဇေ့ကြားမှာ ဆူးညှောင့်ခလုတ်ခသင်းပဲ။ ငါ ဘယ်တော့မှ ဇေ့ကို လက်လွှတ်အဆုံးရှုံး မခံနိုင်ဘူးဆိုတာ နင်သိလား။ မိစ္ဆာမလေး နင် ငါ့ဆီကနေ ဇေ့ကို ဘယ်တော့မှ ခေါ်ထုတ်သွားဖို့ စိတ်မကူးနဲ့နော်။

သခင်မကြီးကို ပျို့ သွားခေါ်ပြီး စန္ဒကူးရိုင်းစိုင်းစွာ ဆက်ဆံနေကြောင်း တိုင်ပစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'သခင်မကြီး လိုက်ခဲ့မယ်၊ ဒီကောင်မလေး လွန်နေပြီ သခင်ကြီးကြောင့်ပါ၊ လာ… ပျို'

ဒေါ်တိမ်သခင်မကတော့ သမီးပျိုအတွက် စိတ်ထိခိုက်ကြေကွဲနေရကာ စန္ဒကူးကို ဘယ်လိုပထုတ်ပစ်ရမှန်း မသိတော့။

သခင်ကြီးက ဇေနှင့်စန္ဒကူးကို လက်ထပ်ပေးဖို့ ဆုံးဖြတ်ချက်အား လုံးဝပြင်ဆင်မှာ မဟုတ်တာ မိမိသိသည်။ မရပါဘူး။ ငါ အတတ်နိုင်ဆုံး ပွဲပျက်သွားအောင်လုပ်မှာပဲ။ ဇေက ငါ့သမီးပျိုအတွက်ပဲ။

အရေးကြီးတာက သားဇေက စန္ဒကူးအပေါ် မတိမ်းညွတ်သွားဖို့ပင်။ ပျိုနှင့်အတူတူ စားသောက်ခန်းထဲ ပြန်ဝင်လာခဲ့၏။ သခင်ကြီးမရှိတာနှင့် အတော်ပဲ။ စန္ဒကူးဒီမှာ ဆက်ပြီးမနေရဲလောက်အောင်ကို နှိပ်စက်ပြရမယ်။ အကြောမာမာနှင့် စန္ဒကူးက ထိုင်နေသည်။

'စန္ဒကူး'

'ရှင်'

'နင် ဘာဖြစ်လို့ ဒီမှာလာပြီး ရိုင်းစိုင်းနေရတာလဲ၊ ပျိုက ဒီအိမ်ကြီးရဲ့ ကိစ္စအဝဝကို စီမံခန့်ခွဲပေးရတာ၊ ငါ့ရဲ့ သွေးသား၊ နင် ထင်ထားသလို အစေအပါး မဟုတ်ဘူးနော်'





'ကျွန်မကို မတရား နိုင့်ထက်စီးနင်း လာလုပ်နေတာ၊ ဩဇာအာဏာ ပြနေတာကိုလည်း ကျွန်မ လုံးဝမနာခံနိုင်ဘူး'

'နင် ပြောလေ ကဲလေပါလား စန္ဒကူး၊ နင့်အမေ ဘယ်လိုသွန်သင်ဆုံးမလိုက်လဲ၊ သားဇေနဲ့ လက်မထပ်ချင်ရင် ငါတို့မိသားစုကို ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံပစ်လို့ သွန်သင်လိုက်လား'

'မာမီကို မထိပါနဲ့'

'ဖြန်း'

'ဟင်'

သခင်မကြီးရဲ့ လက်ဝါးက စန္ဒကူးပါးပြင်လေးပေါ် အရှိန်ပြင်းစွာ ကျရောက်လာပြီး စန္ဒကူးနှလုံးသားတွေထဲအထိ စူးရှနာကျင်သွားစေသည်။ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေက ရုတ်ချည်းဝေ့တက်လာကာ အမြင်တွေအားလုံး ဝေဝါးသွား၏။ ဒေါ်တိမ်သခင်မရဲ့ မျက်ဝန်းတွေထဲမှာ မလိုမုန်းထားဝန်တိုမှုတွေက သိသာထင်ရှားနေသည်။

'နင် ငါ့ကို မလေးမစားနဲ့ ပြန်ပြောစမ်း စန္ဒကူး၊ နင့်ပါးပြင်ပေါ်မှာ ငါ့လက်ဝါးက အရှိုးရာထပ်သွားစေရမယ်'

မပျိုမဒီရှေ့မှာ အနှိပ်ကွပ်ခံလိုက်ရ၍လည်း စန္ဒကူး



www.burmeseclassic.com

www.burmeseclassic.com



အသည်းတွေ တဆတ်ဆတ်ခါ နာကျည်းကြေကွဲရသည်။ မာမီရယ် စန္ဒကူးအဖြစ်တွေကို လာကြည့်ပါဦး။ ယောက္ခမက ဘာအညိုးရှိမှန်းမသိဘဲ စန္ဒကူးပေကပ်ကပ် လုပ်ရင်လည်း ရိုင်းစိုင်းသည်ဟု စွပ်စွဲပြောဆိုပြီး မာမီ့ကို ထိပါးလာသည်။

'ကျွန်မကို ဘာဖြစ်လို့ ရိုက်ရတာလဲ၊ ကျွန်မမှာ ဘာအပြစ်ရှိလို့လဲ၊ လူကြီးတွေ စီစဉ်တဲ့ကိစ္စမှာ ကျွန်မက ခေါင်းစားခံပါ၊ အန်တီ့သား ကိုကိုဇေရတုကို ကျွန်မ လုံးဝလက်မထပ်ဘူး'

'ကောင်းတယ်၊ ငါကလည်း နင့်လို အရိုင်းအစိုင်း ဘာအရည်အချင်းမှမရှိတဲ့ ကောင်မလေးမျိုးနဲ့ ငါ့သားကို လက်မထပ်ပေးနိုင်ဘူး၊ နင် ငါ့သားကို လက်မထပ်ချင်ရင် ဒီကနေ ထွက်သွားလေ၊ သခင်ကြီးလည်း မရှိဘူး၊ နင်မနေချင်လို့ ထွက်ပြေးသွားတာလို့ ငါ သခင်ကြီးကို ပြောပြလိုက်မယ်၊ သွားလေ'

စန္ဒကူး စိတ်အရဆိုလျှင် ဒီစံအိမ်ကြီးထဲကနေ ထွက်ပြေးချင်သည်။

ဒါပေမဲ့လည်း ဒက်ဒီ့မျက်နှာကို ပြန်မြင်လာတော့ စိတ်ထဲမှာရှိနေတဲ့ဆန္ဒအတိုင်း ခန္ဓာကိုယ်ကို အမိန့်မပေးနိုင်။ အသိစိတ်တွေက ထိန်းချုပ်နေသည်။ လူ့လောကကြီးထဲမှာ မရှိတော့တဲ့





ဒက်ဒီဆန္ဒကို အလေးမထားဘဲ ပျက်စီးသွားစေရန် စန္ဒကူး မလုပ်နိုင်တော့။ မာမီကလည်း သူတို့ရဲ့ ချွေးမကောင်းတစ်ယောက်ဖြစ်အောင် သမီး ကြိုးစားပါတဲ့။ ဒက်ဒီ့ကိုပေးထားတဲ့ကတိဖြစ်နေလို့ သူမျက်ကွယ်ပြုသွားတာနှင့် မာမီ မရှိမသေ မလုပ်ရက်ဘူးတဲ့။

သူမခန္ဓာကိုယ်လေးက ကျောက်ရုပ်လေးတစ်ရုပ်ကဲ့သို့ပင် ငြိမ်ငြိမ်သက်သက် ထိုင်နေသည်။

'နင် မသွားဘူး မဟုတ်လား၊ ငါ့သား ဇေရမယ့် အမွေပစ္စည်းတွေ ချမ်းသာကြွယ်ဝမှုတွေ ဂုဏ်ဒြပ်တွေက အများကြီးပဲဟာ၊ နင်ရော နင့်အမေရော မက်မောနေကြမှာပါ၊ ဖွေလို သမက်မျိုးကို ဘယ်လက်လွှတ်ခံပါ့မလဲ'

'ကျွန်မတို့လည်း အပူမပင်စည်းစိမ်ဥစ္စာတွေ အများကြီး ပိုင်ဆိုင်ထားကြပါတယ် သခင်မကြီး၊ ကောင်းပါပြီ ကျွန်မဒက်ဒီရဲ့ဆန္ဒဖြစ်နေလို့ ကျွန်မနာခံမယ်'

'ဒီလိုမှပေါ့ စန္ဒကူးရယ်၊ ဒီမှာ ညည်းကို ပျိုက အစစအရာရာ သားဇေအတွက် တော်လေးဝဝင်တဲ့ မိန်းမဖြစ်အောင် လေ့ကျင့်ပေးလိမ့်မယ်၊ ညည်းကြိုးစားကြည့်လေ၊ သခင်မကြီးသားကို အရည်အချင်းမရှိတဲ့ ချွေးမတစ်ယောက်နဲ့ ဘယ်လိုနည်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



မှ သဘောမတူနိုင်ဘူး၊ သားလေးတစ်ယောက်တည်း ရှိတာလေ၊ သခင်မကြီးတို့က ဇီဇာကြောင်ရမယ်'

စန္ဒကူးကို တမင်သက်သက် ညှင်းပန်းနှိပ်စက်ချင်နေတာပါ။ သခင်မကြီးက လေသံချိုသလောက် မျက်ဝန်းတွေထဲမှာ ကြောက်စရာကောင်းလောက်အောင် မုန်းတီးမှုတွေ အပြည့်ပဲ။

စန္ဒကူးမာမီ့ရှေ့မှာ အမူအရာက နူးညံ့ပျော့ပြောင်းနေကာ တဖြည်းဖြည်းနှင့် စန္ဒကူးအပေါ် မလိုမုန်းထားစိတ်တွေ နှိပ်ကွပ်ဖို့ အကြံအစည်တွေ စတင်လာသည်။ စန္ဒကူးကို ချွေးမအဖြစ် လက်မခံချင်တာလား။ သခင်ကြီးက အတင်းအကျပ် စီစဉ်နေ၍ မလွှဲသာမရှောင်သာ လက်ခံနေရခြင်း ဖြစ်မည်။

'ပျို'

'အမိန့်ရှိပါ သခင်မကြီး'

'စန္ဒကူးကို မိန်းကလေးတွေ တတ်မြောက်သင့်တဲ့ ကိစ္စအဝဝ တာဝန်ယူပြီး သင်ကြားလေ့ကျင့်ပေးလိုက်'

'ဟုတ်ကဲ့ပါ၊ ပျိုက သခင်မကြီး အမိန့်ကြောင့်သာပါ၊ စန္ဒကူးကိုတော့ ကြောက်တယ်၊ အကျော့မာလွန်းတဲ့ မိန်းကလေးမျိုး မကြုံဖူးပါဘူး'





ဒက်ဒီ့ကြောင့် ကျွန်မ ရှင်ကြီးတို့ကို လျှော့ပေးလိုက်တာသိလား။ အစီပွာယ်မရှိ ချွေးမတစ်ယောက်ကို ခေတ်ဟောင်းအယူအဆတွေနဲ့ ဖိနှိပ်ထားဖို့ ကြိုးစားနေတာ ခေတ်ကုန်နေပြီ သိလား။

စန္ဒကူး အော်ဟစ်ပစ်ချင်သည်။ သခင်မကြီးက စန္ဒကူးအပေါ် အပြစ်တွေပုံကျစေရန် ထွက်ပြေးဖို့ အခွင့်အရေးပေးပေမယ့် ဒက်ဒီနဲ့ မာမီမျက်နှာကို ထောက်ထား၍ စန္ဒကူးထွက်ပြေးဖို့ ဆန္ဒတွေကို ဖယ်ထုတ်ပစ်လိုက်၏။ ဖြစ်ချင်တာဖြစ်ပဲ။

မပျိုမဒီရဲ့ အကြည့်တွေကလည်း လူကို အခြောက်တိုက်မုန်းတီးနေပုံပင်။ ဘယ်လိုဟာတွေလဲ။ ပြောတော့ ယဉ်ကျေးမှုယဉ်ကျေးမှုနဲ့ သူတို့က ရိုင်းစိုင်းနေတာ။ သူမမျက်နှာလေးက မကြည်မလင် မှုန်မှုန်သုန်သုန်။

မပျိုမဒီက ငရုတ်သီးထောင်းတဲ့၊ ဒီလောက် Ready Made တွေ ခေတ်စားနေတဲ့အချိန်မှာ ငရုတ်သီး အပွကြီးတွေကို ထောင်းခိုင်းနေသည်။

'ထောင်းလေ၊ ဒါက ညည်း လက်ကျောတင်းမတင်း စမ်းသပ်တာ၊ အိမ်ရှင်မကောင်း ပီသတယ်ဆိုတာ ငရုတ်သီးထောင်းတာကို အကဲခတ်ရတယ်အေ့၊ ထောင်းစမ်း'



www.burmeseclassic.com

www.burmeseclassic.com



လက်ကျောတင်းမတင်း ကြည့်တာတဲ့။ သူဌေးသမီးလို အစေအပါးတွေ တပုံတပင်ကြီးနဲ့ နေလာရတာ၊ အားလုံးအဆင်သင့်ပဲ၊ စန္ဒကူးမျက်နှာကို ကြည့်ပြီး အိမ်ဖော်ကောင်မလေးတွေက ပျော်ယာခပ်အောင် စိတ်တိုင်းကျတဲ့အထိ လုပ်ပေးနေကြရတာ၊ တကယ်ပါပဲ၊ ရတယ်လေ၊ လက်ကျောတင်းမတင်း ကြည့်ကြသေးတာပေါ့။ ရင်ထဲမှာ ဒေါသတွေက ပေါက်ကွဲပစ်ချင်သည်။

'ဒုန်း… ဒုန်း'

'ဒုန်း'

'ဟဲ့… ဘယ်လိုထောင်းနေတာလဲ၊ အိမ်ပြိုတော့မယ်၊ မိန်းကလေးမပီသလိုက်တာ နင့်စရိုက်တော်တော်ကြမ်းပါလား'

'ဒုန်း… ဒုန်း'

'လက်ကျောမတင်းဘူး ထင်မှာစိုးလို့လေ၊ လက်ကျောဘယ်လောက်တင်းကြောင်း ပြတာ'

'နင် တမင်ရွဲ့နေတာပဲ၊ ဒီမှာ ကြည့်စမ်း ငရုတ်သီးကိုရေမဆွတ်ဘဲ အခြောက်ကြီး ထောင်းနေတယ်၊ နင် မသိဘူးလား၊ ရေနည်းနည်းဆွတ်ပေးလေ'

'ဟုတ်လား Sorry'



BURMESE CLASSIC .com



သိသားပဲ။ တမင် ဒီမိန်းမ အလုပ်ရှုပ်အောင်လုပ်တာ၊ တော်တော် ဆရာလုပ်ချင်တယ်။ စန္ဒကူးကို အသုံးမကျတဲ့ မိန်းကလေးတစ်ယောက်အဖြစ် ပြောချင်နေတာသိ၍ စန္ဒကူး အရွဲ့တိုက်ကာ ငရုတ်သီးကို ရေဆွတ်လိုက်သည်။

အရေးထဲ ဖုန်းကဝင်လာ၍ သူမ Hand Phone ကို ဖွင့်နားထောင်လိုက်သည်။

'စန္ဒကူး… ဘာတွေလုပ်နေလဲ၊ အိမ်မှာ မင်းလေးအဆင်ပြေရဲ့လားလို့ ဖုန်းဆက်ကြည့်တာလေ'

'ဘာတွေလုပ်နေလဲ ဟုတ်လား၊ မကြားဘူးလား ဒီမှာလေ လက်ကျောတင်းမတင်း သိချင်လို့တဲ့ ငရုတ်သီးထောင်းခိုင်းနေတာ'

'ဒုန်း… ဒုန်း'

'ဒုန်း… ဒုန်း'

'အား… မျက်စိထဲ ဝင်သွားပြီ၊ စပ်တယ်၊ အား… စပ်တယ်၊ သေပါပြီ'

မပျိုမဒီက သူမလက်ထဲမှ Hand Phone ကို ဆတ်ခနဲဆွဲလုယူသဖြင့် စန္ဒကူးက မပေးပေ။ သူမ ကိုယ်ပိုင်ပစ္စည်းပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုဖေရတု ဖုန်းဆက်၍ မျက်နှာကြီးက ရှုတင်းပုပ်သိုး မည်းမှောင်သွားသည်။

'ကျွန်မ ကိုယ်ပိုင်ပစ္စည်းနော်၊ ဒါကို လာယူလို့ကတော့ သခင်ကြီးဆီ တိုင်မယ်၊ သခင်ကြီးကိုယ်တိုင် အသုံးပြုခွင့်ပေးထားတာ'

'အလုပ်လုပ်နေတဲ့အချိန်မှာ အနှောင့်အယှက် ဖြစ်တယ်၊ ဒီကိစ္စ သခင်မကြီးကို တင်ပြရမယ်၊ ဖေကလည်းလေ ရောင့်တက်အောင် ဘာဖြစ်လို့များ ဖုန်းဆက်ရတာလဲ'

'ကျွန်မနဲ့ ကိုကိုက လက်ထပ်ကြမယ့်သူတွေလေ၊ ကိုကိုက စိတ်ပူလို့ မေးတာ'

'ဘာပြောတယ်'

'အား… စပ်လိုက်တာ၊ အရေးထဲ ရေတစ်ခွက်ပေးပါ၊ ဒုက္ခပါပဲ၊ ဘယ်ရောဂါ ညာရောဂါ မျက်စိနှစ်ဖက်လုံးဝင်တော့ မဖြစ်ဘူး၊ မဖြစ်ဘူး ခြေမနှစ်ဖက်လုံးကို ရေလောင်းရမယ်၊ အား… စပ်တယ်၊ စပ်တယ်'

'အသုံးမကျတဲ့ဟာမလေး နင့်အပြစ်နင်ခံ၊ လူကြီးတွေကို အရွဲ့တိုက်ချင်ဦး၊ ဘာရေမှ မပေးဘူး'





'အား… စပ်တယ်… စပ်တယ်၊ ရှင်ကြီးမှာ လူစိတ်မရှိဘူးလား၊ ဒီမှာ မျက်စိနှစ်ဖက်လုံး ငရုတ်သီးအရည်ဝင်သွားတာ အား… စပ်တယ်… စပ်တယ်၊ ကယ်ကြပါဦးဗျို့'

စန္ဒကူး ဘာမှမလုပ်တတ်တော့ဘဲ မျက်စိနှစ်ဖက်လုံးကို ပိတ်ကာ အသံပြဲကြီးနှင့် အော်ဟစ်နေသည်။

❀



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)

'စန္ဒကူး'

'ဟင်'

'ကိုကို ထင်တယ်၊ မင်း တစ်ခုခုဖြစ်နေပြီလို့ ဒါကြောင့် စိတ်ပူပြီး ဖုန်းဆက်လိုက်တာလေ၊ အနားမှာလည်း ငရုတ်သီးဖတ်တွေ ဖိတ်စင် ပေပွနေတာပါလား'

'စပ်တယ်၊ အား… စပ်တယ် ရေယူလာပေးစမ်းပါ'

'လာ… လာ ရေချိုးခန်းထဲ ဝင်ပြီး မျက်နှာသစ်ပေးမယ်'

'ဒီမှာ စပ်လို့မထနိုင်ပါဘူးဆိုမှ အကာန်းဖြစ်နေပြီ၊ ရေပဲ ပေးပါ'



BURMESE CLASSIC .com



'ရေက ဘာလုပ်ဖို့လဲ'

'ခြေမနှစ်ဘက်ကို ရေလောင်းရမယ်လေ၊ ရေတစ်ခွက် မြန်မြန်၊ အား… စပ်တယ်… စပ်တယ်'

'ခဏလေးနော်၊ ကိုကို သွားယူပေးမယ်၊ ခြေမကို ရေလောင်းရတာ ဟုတ်လို့လား စန္ဒကူးရယ်'

'ဒီလောက်ရှေးဆန်တဲ့ . မိသားစုဝင်တစ်ယောက်က မြန်မာတွေရဲ့ ရှေးနည်းရှေးဟန်ကို မသိဘူးလား၊ ပြောတော့ ယဉ်ကျေးမှုကို သူတို့လောက် ထိမ်းသိမ်းတာ မရှိဘူး၊ သွားပါ ရေတစ်ခွက် မြန်မြန်နော်၊ ခွက်ကြီးကြီးနဲ့ ခပ်ခဲ့'

'အေးပါ… အေးပါ'

ဇေကိုယ်တိုင် ဘာလုပ်လို့ ဘာလုပ်ရမှန်း မသိဖြစ်နေတာ၊ စန္ဒကူးအတွက် စိတ်ပူပြီး စန္ဒကူးလေး အမြန်သက်သာသွားစေရန် ရေကို ဇလုံကြီးနှင့် သယ်လာခဲ့သည်။

'ရော့… ရေရပြီ'

'လောင်းပါ၊ ခြေမကိုလောင်းပါ၊ နှစ်ဖက်စလုံးနော်'

'အင်းပါ'

ဇေလည်း စန္ဒကူးခိုင်းတဲ့အတိုင်းပဲ ရေခပ်ပြီး ခြေမနှစ်



www.burmeseclassic.com

www.burmeseclassic.com



ဖက်ကို လောင်းပေးနေသည်။ သွယ်လျနေတဲ့ ခြေချောင်းဝင်းအိအိ ဖြူဖြူဖွေးဖွေးလေးပေါ်မှာ ခြေသဲနီအစိမ်းရောင် တောက်တောက်လေးဆိုးထားတာ မြင်တွေ့ရတာ အရမ်းပဲ လှပနေသည်ဟု ဇေထင်မှတ်နေမိသည်။

မေမေကတော့ ဒီကောင်မလေး ကလက်တယ်။ မိန်းကလေး လုံးဝမပီသဘူး၊ သားနှင့် မလိုက်ဖက်ပါဘူးဟု ပြောတတ်သည်။

'လောင်းလေ ဘာလုပ်နေတာလဲ'

'အို… ဟာ လောင်းနေတာပဲ စန္ဒကူးလေးရဲ၊ မင်းသက်သာလား၊ ရေက တစ်ခန်းလုံးရွဲနေပြီ'

'မသက်သာဘူး၊ စပ်တယ်၊ အား… မျက်လုံးဖွင့်လို့တောင် မရတော့ဘူး ကန်းသွားပြီ ထင်တယ်'

'ပြစမ်း ကိုကို့ကို'

စန္ဒကူးလက်လေးနှစ်ဖက်ကို ဆုတ်ကိုင်ဖယ်ရှားဖို့ ဇေ့လက်တွေက စန္ဒကူးလက်လေးကို ထိတွေ့မိသည်နှင့် ဇေ့ရင်တွေ ဆတ်ခနဲ ခုန်သွားသည်။ ဇေ့ခန္ဓာကိုယ်မှာ လည်ပတ်နေတဲ့ သွေးတွေ ဆူပွက်ထုံထိုင်းသွားသလို စန္ဒကူးလေးကိုလည်း ချစ်မြတ်နိုး





သွားရ၏။ သနားလိုက်တာ ဇေ့ရင်ခွင်ထဲမှာ ပွေ့ဖက်ချော့မြှူပစ်ချင်သည်။

'စန္ဒကူးလေးက သားဇေရဲ့ ဖူးစာရှင်စစ်စစ်ပဲကွယ်၊ ဖေဖေနဲ့ မင်းဦးလေးညီမင်းအံ့တို့ သစ္စာဆိုပြီး သားဇေရဲ့ ဖူးစာရှင် မိန်းကလေးပဲ မွေးဖွားပါစေလို့ ဆုတောင်းခဲ့ကြတာလေ'

စန္ဒကူးလေးက ကိုကို့ဖူးစာရှင် ထင်တယ်ကွာ။ မြင်မြင်ချင်းမှာပဲ ကိုကို့နှလုံးသားတွေထဲမှာ စန္ဒကူးလေးကို ချစ်တယ်။ မြတ်နိုးတယ်။ သူအတွေးလွန်နေစဉ် စန္ဒကူးက အော်ဟစ်နေသည်။

'စပ်တယ်၊ အား… စပ်တယ်'

'ကိုကို့ကို ပြစမ်းပါကွာ၊ ကိုကိုက ဆရာဝန်လေ၊ လက်လေးကို ခဏလေးဖယ်နော်'

'စန္ဒကူးကို လက်ကျောတင်းမတင်း စမ်းသပ်တာတဲ့ အမိပွာယ်မရှိလိုက်တာ၊ တမင်သက်သက် ညှင်းပမ်းနှိပ်စက်နေတာ၊ အား…'

'ရေချိုးခန်းထဲအထိ ကိုကိုတွဲခေါ်သွားမယ်၊ ပြီးရင် မျက်နှာသစ်လိုက် ရေကို လက်ခုပ်ထဲထည့်ပြီး မျက်လုံးကို ဖွင့်လိုက် ပိတ်လိုက် လုပ်လာနော်'



www.burmeseclassic.com

www.burmeseclassic.com



'အင်း'

ဇေက တွဲဖို့ စိတ်မရှည်တော့သဖြင့် စန္ဒကူး ကိုယ်လေးအား ဆတ်ခနဲ ပွေ့ချီသယ်မလိုက်သည်။

'ကိုကို ဘာလုပ်တာလဲ၊ အောက်ကိုချပေး၊ အခွင့်အရေးတော့ ယူမယ်မကြံနဲ့နော်၊ အောက်ချပေးပါ'

'မချပေးဘူးကွ၊ မင်းအိပ်ခန်းထဲ သွားပို့ပေးမလို့၊ မင်းက သူဌေးသမီးလေးလေ၊ အောက်ထပ်က ရေတွေ သုံးချင်မှာ မဟုတ်ဘူး၊ ဒါကြောင့် မင်းအိပ်ခန်းထဲ ပို့ပေးမလို့'

ဇေ ဘာမှပြောမနေတော့ဘဲ စန္ဒကူးကို ပွေ့ချီကာ အပေါ်ထပ်တက်မည်အပြုတွင် မေမေနှင့် ဖိုးဖိုးတို့က မျက်လုံးပြူး မျက်ဆန်ပြူးတွေနှင့်ကြည့်ကာ လှေကားထိပ်မှ တားဆီးသည်။

'သားဇေ ဘာလုပ်တာလဲ ချစမ်း၊ မင်းဆေးရုံမှာ Duty လေ၊ မင်းက ဘာဖြစ်လို့ ပြန်လာရတာလဲ၊ အခုပဲ ဆေးရုံက ဖုန်းဆက်တယ်၊ အရေးပေါ်ရှိလို့ အမြန်ပြန်လာပါတဲ့။ မင်း Hand Phone လည်း ဆေးရုံမှာ ကျန်ရစ်ခဲ့တယ် မဟုတ်လား'

ဟုတ်သားပဲ။ ဇေစိတ်ပူပြီး အရေးတကြီး ပြေးထွက်လာခဲ့တာ၊ ဇေ့ Hand Phone ပင် မေ့ကျန်ခဲ့သည်။





အရေးတကြီး လူနာတစ်ယောက်ကို Operation လုပ်ဖို့ ဇေလည်း ပါနေ၏။

ဒါပေမဲ့လည်း ဇေ ဘာမှ ဂရုမစိုက်နိုင်တော့ဘဲ စန္ဒကူးကို အပေါ်အထိ ပွေ့ချီသွားကာ ရေချိုးခန်းထဲအထိ ပို့ပေးခဲ့သည်။

'ကလေးမလေး မျက်နှာသစ်ပစ်လိုက်၊ စောစောက ကိုကိုပြောသလို ရေကို လက်ခုပ်ထဲထည့်ပြီး မျက်လုံးကို ဖွင့်လိုက်ပွင့်လိုက်လုပ် ဘာမှမဖြစ်ဘူး၊ ဘယ်သူက ခိုင်းခိုင်း မလုပ်နဲ့တော့ အနားယူ'

'Ok'

ကိုကိုဇေရတုက အရေးတယူနှင့် ဂရုတစိုက် ကြင်နာယုယပြ၍ စန္ဒကူး သဘောကျစွာ တဟားဟား အော်ရယ်ပစ်သည်။

အရေးထဲ မျက်စိတွေက တစ်လုံးမှဖွင့်လို့မရဘူး။ ကိုကိုဇေရတုရဲ့ အပြုအမူအတွက် ယောက္ခမလောင်းကြီး ဒေါ်တိမ်သခင်မနှင့် အထိန်းတော်ကြီးမဖိုးမဒီတို့ရဲ့ မျက်နှာပေါ်မှာ ဘယ်လို အရောင်တွေနဲ့ ပုပ်သိုးသွားမလဲဆိုတာ ကြည့်ချင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



စန္ဒကူးကတော့ သဘောကျနေသဖြင့် မျက်နှာသစ်နေရင်း တခွိခွိ ရယ်နေသည်။

'ဟဲ့…စန္ဒကူး၊ နင် ဘာမှမဖြစ်ဘဲ ငါ့သားဇေလို ရိုးသားထုံအတဲ့ ယောကျ်ားတစ်ယောက်ကို မြူဆွယ်ဖြားယောင်း သိမ်းသွင်းတာ မဟုတ်လား'

'မဟုတ်ရပါဘူး သခင်မကြီးရယ်၊ ငရုတ်သီးအရည် မျက်စိထဲဝင်သွားတာ မစပ်ဘဲ နေမလား၊ တကယ်စပ်တာ'

'တော်စမ်း၊ နင်က ဘာသဘောကျပြီး ရယ်နေရတာလဲ'

'ဘာမှ မဟုတ်ပါဘူး၊ စန္ဒကူးမိန်းကလေး မပီသတာကို တွေးပြီး ရယ်ချင်သွားတာပါ'

'နင် အဝတ်အစားလဲ ပြီးရင် ပြန်ဆင်းလာခဲ့'

'ကိုကိုက ပြောသွားတယ်၊ ဘယ်သူ ဘာပဲခိုင်းခိုင်း မလုပ်နဲ့တော့တဲ့၊ အနားယူတဲ့၊ ကိုကိုက ဆရာဝန်လေ'

'တိတ်စမ်း၊ နင်ပြဿနာကို တော်တော်ရှာတဲ့ ဟာမလေး၊ စားသောက်ခန်း တစ်ခန်းလုံးလည်း ပွပြီး ရေတွေရွှဲနစ်နေတယ်၊ နင်ကိုယ်တိုင် သန့်ရှင်းရေးဆင်းလုပ်'





'ကိုကို့ဆီ ဖုန်းဆက်လိုက်ရမလား၊ ဆရာဝန့်တစ်ယောက်က ညွှန်ကြားထားတာလေ'

'တောက်'

စန္ဒကူးကို ဆက်ပြီး ပြောမနေချင်တော့သဖြင့် ဒေါ်တိမ်သခင်မ ဒေါသတွေ ဆူပွက်ကာ အောက်ထပ်ပြန်ဆင်းလာခဲ့သည်။

'သခင်မကြီး တွေ့လား၊ ဒီကောင်မလေး တမင်အရွဲ့တိုက်ပြီး လုပ်နေတာ၊ ဇေကိုယ်တိုင် ဒီဟာမလေးကို ချစ်သွားပြီလားဟင်'

ပျိုမဒီကိုယ်တိုင်ပင် ဇေ့အပြုအမူအတွက် စိတ်တွေကယောင်ချောက်ချားနှင့် ရင်ထဲမှာ နာကျင်စူးရှမှုတွေ ပြင်းပြင်းပြပြ ခံစားနေရသည်။

ဘယ်လိုလုပ်ရမလဲ ကြည့်စမ်း၊ ဇေ ဒီလောက်အရေးကြီးတဲ့ Duty ကြီးကို မေ့ထားပစ်ခဲ့လောက်အောင် စန္ဒကူးဆီ ပြေးလာခဲ့၏။

ပျို့အားကိုးရာက သခင်မကြီးပဲ ရှိတော့သည်။

'ပျိုရယ် ဒီလောက်အထိ ပျာယာခတ်မသွားစမ်းပါနဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ဇေက ဆရာဝန်လေ၊ သားဇေက လူနာတွေပြီဆိုရင် အပူတပြင်း ကူညီချင်တာပါ'

'ဇေ ဒီလောက်အထိ ပျာယာခတ်စရာ အကြောင်းမရှိပါဘူး သခင်မကြီးရယ်၊ စန္ဒကူးကိုလက်ထပ်ဖို့လည်း ဇေ မငြင်းဘူး၊ ဒီလိုဆတ်စလူးမလေးကို သခင်မကြီး ချွေးမတော်ချင်နေတာလား'

ဘယ်တော်ချင်ပါ့မလဲ သမီးရယ်၊ မေမေလွန်ခဲ့တဲ့ နှစ်ပေါင်းများစွာထဲက ဇေနဲ့ သမီးကို လက်ထပ်ပေးချင်လို့ ကြံစည်အားထုတ်နေခဲ့တာပါ။

ဒါကြောင့်လည်း သမီးလေးကို ဇေ့အနား အတင်းအကျပ် ပို့ပေးခဲ့တာလေ။

သခင်ကြီးကြောင့်ပါ။ ပျို့ကို အစေအပါးတစ်ယောက် အဖြစ်ပဲ ထင်မှတ်ထားစေရန် ဇေကို ပုံစံသွင်းထားသည်။ သမီးလေး ပျိုမဒီက မေမေ့ရင်သွေးဖြစ်ပြီး မေမေ့အိမ်မှာ အစေအပါး အဖြစ်နေရတာ မေမေစိတ်ထိခိုက်နာ ကျင်လွန်းရပါတယ်။

ပျို့ကိုကြည့်ပြီး ဘယ်လို အားပေးနှစ်သိမ့်ရမှန်းပင် မသိ။ ခေါင်းမာလွန်းတဲ့ ဦးမိုးသခင် ဘာပဲဖြစ်ဖြစ် တစ်နေ့ကျရင်





သားဇေ လက်ထပ်ရမှာက ပျိုမဒီပဲ ဖြစ်စေရမည် ဖြစ်သည်။

'လာကြည့်ပါဦး သခင်မကြီးရယ်၊ စားသောက်ခန်းထဲမှာ ပွစာကြဲနေတာပဲ၊ သခင်ကြီးကို ပြချင်တယ်'

'ပျို'

'ရှင်'

'သခင်မကြီးကတော့ စန္ဒကူးနဲ့ သားဇေကို လုံးဝသဘောမတူဘူး၊ မရရအောင် ခွဲပစ်မယ်၊ စန္ဒကူးက သခင်မကြီးရဲ့ချွေးမ လုံးဝ မဖြစ်စေရဘူး'

'တကယ်လားဟင် သခင်မကြီး'

'တကယ်ပေါ့'

သခင်မကြီးကတော့ ပျို့အပေါ် အရမ်းကောင်းတယ်။ ကြင်နာတယ်။ ငယ်စဉ်လေးထဲက ပျို့ဘက်ကနေ ရပ်တည်ပေးလာတာပါ။ မိခင်လိုပဲ။ သခင်မကြီးက ပျို့ကို ချွေးမတော်ချင်ကြောင်း အရိပ်အမြွက်တွေ ပြောနေတာ ကြာပါပြီ။

ခက်တာက ဇေပဲ၊ အစ်မပျိုဆိုပြီး အစ်မတစ်ယောက် ထက် ပို၍ သံယောဇဉ် မတွယ်ငြိပေ။ သခင်မကြီးက မထူးတော့ဘူး။ စန္ဒကူးကို ခိုင်းမနေနဲ့တော့ ကိုယ့်ဟာကိုယ်ပဲ ကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



တွေခေါ်ပြီး သန့်ရှင်းရေးလုပ်လိုက်ဆို၍ ပျို့မကျေမနပ်နှင့် တခြား အလုပ်သမား ကောင်မလေးတွေကို အော်ခေါ်ရင်း စားသောက်ခန်း ထဲ ဝင်လာခဲ့သည်။

'ဥက်ထော်နဲ့ ချိုချိုလာစမ်း၊ ဟိုမိစ္ဆာမလေး ဖွသွားတဲ့ အခန်းကို ရှင်းကြရမယ်၊ မုန်းလိုက်တာ အသေတောင် သတ်ပစ် ချင်တယ်'

'အား…'

'ဘိုင်း… အမလေး'

ပျို့စိတ်တွေ ထိန်းချုပ်နိုင်စွမ်းမရှိဘဲ လွှတ်ထွက်သွားကာ ရေတွေစိုနေတဲ့ စားသောက်ခန်းထဲ ဝင်လိုက်မိစဉ် ရေတွေနှင့် ချော်ပြီး ပစ်လဲကျသွားသည်။ ဥက်ထော်နှင့် ချိုချိုတို့ ပြေးဝင် လာကာ ဆွဲထူကြရ၏။

နင့်ကိုတော့ ငါ လုံးဝ မကျေဘူး စန္ဒကူး။ ငါ့အကြောင်း နင်ကောင်းကောင်း သိစေရမယ်။ ပျို့ခါးတွေ နာသွား၍ မနည်းပဲ ထရသည်။

'မမပျို့ ဘာဖြစ်သွားသေးလဲ'

'ခါးနာတယ် ဟဲ့၊ တောက်… မိစ္ဆာမလေး ကြို့ဟ်မလေး'





'မမပျို့'

'ဘာလဲဟဲ့'

'မိစ္ဆာမလေး ဆိုပေမယ့် အရမ်းချောတယ်နော်၊ မိန်းက လေးချင်းတောင် ချစ်ချင်တယ်'

'ဘာ'

'အမလေး'

ဥက်ထော်လည်း မမပျို့က မိုးထစ်ချုန်းသံကြီးလို အော်ပစ်လိုက်၍ တွဲထားတဲ့လက်က လွှတ်သွားမတတ် ဖြစ်ကာ မမပျို့ ပြန်ပြုတ်ကျတော့မလို ဖြစ်သွား၍ သတိနှင့်အမြန် ပြန် တွဲရသည်။

'ကောင်းကောင်းတွဲစမ်း ကောင်မတွေ၊ အလုပ်ပြုတ်သွား ချင်လို့လား'

အလိုက်ကန်းဆိုး မသိတဲ့ ဟာမလေးတွေ အလုပ်ကို ဖြုတ်ပစ်မယ်။ အပြောအဆို မတတ်လိုက်ကြတာ။

ဖေရယ် အဖြစ်အပျက်တွေက မထင်မှတ်လောက်အောင် ကို ပြောင်းလဲကုန်ပြီ ထင်တယ်။ ပျို့ ရှုံးတော့မယ် ထင်တယ်။ ဖေ့ကို ပျို့ ဘယ်လိုနည်းနဲ့မှ လက်လွှတ်ဆုံးရှုံး မခံနိုင်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



စန္ဒကူးလို ကောင်မလေးမျိုးနဲ့ ဇေက လုံးဝမလိုက်ဖက်ဘူး။

အချစ်ဆိုတာကို ဇေ ခံစားမိသွားပြီလားကွယ်။ ပျို့ စိုးရိမ်လိုက်တာ စန္ဒကူး နင်တော်တော် ငါ့ကိုဒုက္ခပေးနေတယ်။ ချော်လဲတဲ့ဒဏ်ကြောင့် ပျို့ခါးက မခံမရပ်နိုင်အောင် နာကျင်လာသည်။

❀



## အခန်း(၁၁)

'မင်း စန္ဒကူးကို လက်ထပ်ဖို့ မဖြစ်နိုင်ဘူး သားဇေ၊ မေမေ လက်မခံနိုင်ဘူး၊ မင်းဖေဖေဆီမှာ အပြတ်သားဆုံး ငြင်းပစ်လိုက်တော့'

'မဖြစ်နိုင်ဘူး ထင်တယ် မေမေ'

'ဘာကြောင့်လဲ၊ မင်း ဒီကောင်မလေးကို ချစ်နေပြီလား'

'ဖေဖေပြောသလို သားဇေရဲ့ ဖူးစာဖက်ဆိုတာ ဖြစ်နိုင်တယ် မေမေ'

'ဘာပြောတယ်'

ဒေါ်တီမ်သခင်မ ဒေါသတွေ ပေါက်ကွဲ လွင့်စင်မတတ် အော်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာဖူးစာရှင်လဲ။ အဓိပ္ပာယ်မရှိလိုက်တာ။ ဖေဖော ပျို့အတွက်ပဲ။

'မေမေတော့ ချွေးမအဖြစ် ဘယ်လိုမှ လက်မခံနိုင်ဘူး သားဇေ၊ လူကြီးမိဘတွေကိုလည်း မရှိသေတတ်ဘူး၊ ယဉ်ကျေးမှုလည်း မရှိဘူး၊ မင်း လက်မထပ်ရဘူး၊ မင်းဖေဖေကို မေမေ ဒီတစ်ကြိမ်တော့ အကြီးအကျယ် ကန့်ကွက်မယ်'

'မေမေ'

'ပြော'

'သားဇေ လက်ထပ်မယ်၊ စန္ဒကူးကို ချစ်တယ်'

'မင်း... မင်း'

'စန္ဒကူးက သားရဲ့ဖူးစာရှင် အစစ်အမှန်ပဲ'

'မရဘူး၊ မေမေလုံးဝ လက်မခံနိုင်ဘူး၊ ပြဿနာကို အမြဲတမ်းရှာနေတဲ့ ကောင်မလေးပဲ'

ဒေါ်တိမ်သခင်မ ဘာဆက်လုပ်ရမလဲ၊ ပျို့အတွက် သမီးလေးဘဝရှေ့ရေးအတွက် ဒေါ်တိမ်သခင်မ မလုပ်သင့်တာ လုပ်ရမှာပဲလေ။ သားဇေက စန္ဒကူးကို ချစ်နေပြီဟု ဝန်ခံသည်။

'မင်း ပျို့ကို သွားကြည့်ဦး'





'ပျို့ ဘာဖြစ်လို့လဲ'

'ဟို ဆတ်စလူးကောင်မလေးကြောင့် စားသောက်ခန်းကို သန့်ရှင်းရေးလုပ်ဖို့ သွားတာ ရေတွေနဲ့ ချော်လဲတာလေ'

'ဟုတ်လား ဇေ သွားကြည့်လိုက်မယ် မေမေ'

'ပျို့က ဇေငယ်ငယ်လေးထဲက အတူတူကြီးပြင်းလာပြီး သားဇေအပေါ် ဘယ်လောက်ကောင်းလဲ၊ အမြဲတမ်းအနစ်နာခံ ယုယကြင်နာနေတယ်၊ မေမေ လိုချင်တဲ့ ချွေးမမျိုးပဲလေ'

'ပျို့လို မိန်းမမျိုးဖြစ်အောင် စန္ဒကူးကိုလည်း သွန်သင်ဆုံးမရမယ်လေ၊ ငယ်သေးလို့ပါ မေမေ'

မေမေ ဘာမှဆက်မပြောနိုင်ခင် ဇေ ပျို့အခန်းထဲ ဝင်လာသည်။ အိပ်ရာပေါ်မှာ ပျို့ လှဲနေ၏။ ဇေရောက်သွားတော့ ပျို့ မျက်နှာက ရှုံ့မဲ့နေသည်။

'ဇေ... ပျို့ ခါးတွေ လှုပ်လို့တောင် မရတော့ဘူးကွယ်၊ စားသောက်ခန်းထဲမှာ ချော်လဲတာလေ၊ စန္ဒကူးကြောင့်ပေါ့၊ တကယ့်ကို အသုံးမကျဘူး နန့်စိန်မလေး'

'ပျို့ ဆေးခန်းသွားလေ၊ ဓာတ်မှန် ရိုက်ကြည့်ရမှာပေါ့'

'မပြချင်ပါဘူး၊ ဇေပဲ ကုပေးပါ'



www.burmeseclassic.com

www.burmeseclassic.com



'ပြလေ'

ဇေရောက်လာသဖြင့် ပျို့ ပို၍ ချွဲပစ်ပြသည်။ ဇေ့လက်လေးကို ဆွဲပြီး သူ့မခါးနားကို ကိုင်ကြည့်စေ၏။ ဇေက ဖိနှိပ်နေတော့ ပျို့ ရင်တွေခုန်လိုက်တာ။

ဒါပေမဲ့ ဇေ့မျက်ဝန်းတွေက ရိုးရိုးသားသား ဖြူဖြူစင်စင်၊ ပျို့က တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားမိသည်။

'ပျို့ကို ပလာစတာ ကပ်ပေးမယ်၊ အနာအကျင်ပျောက်ဆေး ထိုးပေးမယ်လေ'

'ဇေ'

'ဗျာ'

'စန္ဒကူးကို လက်မထပ်ပါနဲ့လား'

'ဘာဖြစ်လို့လဲ ပျို့'

'ဒီကောင်မလေးက ဇေနဲ့ မလိုက်ဖက်ပါဘူး၊ ဇေ စိတ်ဆင်းရဲမယ်၊ ဇေ့ကို ဒုက္ခတွေပဲ ပေးနေမှာ'

'ဖေဖေ စီစဉ်တာပါ၊ ဇေ့မှာ ငြင်းပယ်ပိုင်ခွင့် မရှိဘူးလေ'

'ပျို့လေ ဇေနဲ့ လုံးဝအဝေးမခံနိုင်ဘူး ဇေရယ်၊ ပျို့ကို မထားခဲ့ပါနဲ့လား'





'ဘာဆိုင်လို့လဲ ပျို့၊ ဇေလက်ထပ်တာနဲ့ မဝေးသွားနိုင်ပါဘူး'

'ဒီကောင်မလေးက အရမ်းဆိုးတယ်၊ ပျို့ကိုလည်း မလေးစားဘူး၊ စန္ဒကူး အိမ်ကြီးသခင်ဖြစ်လာမှာ ပျို့ အရမ်းကြောက်တယ်'

'တဖြည်းဖြည်း ယဉ်ကျေးလာအောင် ဇေတို့ စုပေါင်းကြိုးစားကြမယ်လေ၊ သည်းခံပေးပါ 'ပျို့ရယ်နော်'

'ပျို့ စိတ်ညစ်တယ်၊ သေတောင်ပစ်ချင်တယ် သိလား၊ ဒီကောင်မလေးက ဇေနဲ့ လက်မထပ်ချင်တိုင်း တစ်အိမ်လုံးကို ဒုက္ခပေးနေတာပါ'

'ငယ်သေးလို့ပါဗျာ၊ ဖေဖေ့အကြောင်းလည်း ပျို့သိတဲ့အတိုင်းပဲ၊ စန္ဒကူးနဲ့ ဇေက လက်ထပ်ရမှာလေ'

'မင်း ငြင်းလေ'

'ဒီမှာ... ပျို့'

'ပြော'

'ဇေ ပြောရဦးမယ်၊ အရမ်းထူးဆန်းတာက စန္ဒကူးကို မြင်မြင်ချင်းပဲ ဇေ ချစ်မိသွားတယ်၊ ဟိုနေ့ကနေ စန္ဒကူးအော်



www.burmeseclassic.com

www.burmeseclassic.com



သံကြားတာနဲ့ ဖေလေ အရာရာမေ့လျော့ပြီး ထွက်ပြေးလာမိတယ်၊ အချစ်ကြောင့်ထင်တယ်'

'တော်စမ်း… အား'

'ပျို ဘာဖြစ်တာလဲ၊ မထနဲ့လေ… စန္ဒကူးကိုတော့ ခွင့်လွှတ်ပေးပါနော်'

'မင်း စန္ဒကူးကိုလက်မထပ်ပါနဲ့လား ဖေရယ်၊ ပျို ဘယ်လိုမှ သဘောမတူနိုင်ဘူး၊ ဖေချစ်ရင် ဖေပဲ ရင်ကွဲမတတ် ခံစားရမှာ'

'ဒါတွေ ထားလိုက်ပါဗျာ၊ အရေးကြီးတာက ပျို ခါးနာသက်သာဖို့ပဲ ဆေးခန်းသွားမယ်'

ဖေရယ် မင်းက စန္ဒကူးကိုတော့ ပွေ့ချီပြီး ပြုစုယုယတယ်၊ အခု ပျို ခါးနာနေတယ်၊ ပွေ့ချီလေ။ မင်း အမြဲတမ်းပဲ အစေအပါးတစ်ယောက်လို သဘောထားနေမှာလား။

ဖေနှင့် နှစ်ပေါင်းများစွာ အတူနေထိုင်လာခဲ့ပေမယ့် ဖေ့နှလုံးသားက မလှုပ်ရှားခဲ့။ စန္ဒကူးနဲ့ကျမှ၊ ဖေကို ပျိုဘက်ကပဲ စတင်ဖျားယောင်း သွေးဆောင်ရမည် ဖြစ်သည်။

'ပျို… ဆေးခန်းမသွားချင်ဘူး၊ ဖေပဲ လိမ်းပေး၊ မင်းကို အမြဲတမ်း ပျို ပြုစုပေးခဲ့ရတာနော်၊ ရော့… ဆေး'





'ရပါတယ် ပြုစုပါ့မယ်ဗျာ၊ ဘယ်နားလဲ ပြော ဆေးလည်း ထိုးပေးမယ်'

ဖေက ရွတ်နောက်နောက်ပြောရင်း ပျို့ခါးကို ဆေးလိမ်းပေးသည်။ ပျိုက ထမီကို ဖြေလျှော့လိုက်၏။ ပျိုလည်း ချောမောသူပါပဲ ဖေရယ်၊ မင်းဘာဖြစ်လို့ ဒီလောက်အထိ စိတ်ဓာတ်တွေ နိုင်မာနေရတာလဲ။ ပျို အရမ်းချစ်တယ်။ ဖေ့လက်ကို နာတယ် နာတယ်ဆိုပြီး ဆုပ်ကိုင်ထားသည်။

'ဖေကတော့ ဓာတ်မှန်သွားရိုက်စေချင်တယ် ပျိုရယ်'

'ဟင့်အင်း… ပျို မသွားချင်ဘူး၊ ဘာမှလည်း ကြီးကြီးကျယ်ကျယ် မဖြစ်ဘူး ထင်ပါတယ်'

ဖေ့ရင်ခွင်ထဲ တိုးဝင်ဖက်တွယ်ချင်တဲ့ ဆန္ဒတွေ ပြင်းပြစွာ ဖြစ်ပေါ်လာသည်။ စိတ်ကို ထိန်းချုပ်ရ၏။

ပျိုက ဘာလဲ။ သခင်ကြီးကိုလည်း ကြောက်တယ်။ ပျို့အား မောင်းထုတ်ပစ်လိုက်မှာ အကြောက်ဆုံးပင်။ ဖေနဲ့ အဝေးမခံနိုင်တာပါ။

စန္ဒကူး နင့်ကိုလေ ငါ သတ်ပစ်ချင်တယ်။ အမှုန့်တောင် ကြိတ်ပစ်ချင်တာ။ ဖေ့ကို ငါ့ဆီကနေ လုယူဖို့ မကြိုးစားနဲ့နော်။



www.burmeseclassic.com

www.burmeseclassic.com



သူမစိတ်တွေက ဖေ့ကို ဘယ်လိုစည်းရုံး သိမ်းသွင်းရမလဲဆိုတာ စဉ်းစားနေသည်။

'သားဖေ'

'ဟင်... ဖေဖေ'

'ဘာတွေ လုပ်နေတာလဲ၊ ပျိုမဒီ... မင်း ဘာဖြစ်နေတာလဲ၊ ငါ့သားကို ဆေးလိမ်းခိုင်းနေတယ်'

'ပျို ချော်လဲကျသွားလို့ပါ ဖေဖေ'

'မင်း အနေအထိုင်ဆင်ခြင်ပါ သားဖေ၊ အခု မင်းမှာက လက်ထပ်ရမယ့် ဇနီးလောင်းရှိနေပြီ'

သခင်ကြီး ခရီးထွက်နေရာကနေ ပြန်ရောက်လာပြီး ပျို့ကို အလိုမကျတဲ့ မျက်ဝန်းတွေနှင့် ကြည့်သည်။ ကြောက်လိုက်တာ၊ ပျိုထတော့ ခါးက မနာတော့ပေ။

'မင်း စောစောက ခါးနာနေတယ်ဆို ပျိုမဒီ၊ အခု ထလို့ရနေတာပဲ'

'ပျို ချော်လဲပြီး တကယ်ပဲ ခါးနာသွားတာပါ သခင်ကြီး၊ ဆေးလိမ်း ဆေးထိုးလိုက်လို့ ထင်တယ်၊ သက်သာသွားတာပါ'

'ဇေ... ဖေဖေနဲ့ လိုက်ခဲ့'





'ဟုတ်ကဲ့'

သခင်ကြီးက ပျိုနှင့် ဇေတို့ ပူးပူးကပ်ကပ်နေလျှင် အမြဲတမ်းရောက်ရောက်လာပြီး ဇေ့ကို ခေါ်သွားတတ်သည်။ ရှင်ကြီးကြောင့် ဇေက ပျို့ကို အစေအပါးလိုပဲ သဘောထားတာ။ သခင်မကြီးကြောင့်သာပါ။ ပျို မကျေမနပ် ကျန်ရစ်ခဲ့သည်။

'ပျို'

'ဟင်... သခင်မကြီး'

'သက်သာရဲ့လား'

'ဟုတ်ကဲ့'

'ပျို ဘာမှ မပူပါနဲ့ သခင်မကြီးတစ်ယောက်လုံး ရှိပါသေးတယ်ကွယ်'

ပျို့ကို သနားလွန်း၍ ဒေါ်တိမ်သခင်မ နှစ်သိမ့်မှုပေးဖို့အတွက် ပျို့အနားမှာ ဝင်ထိုင်ကာ ပွေ့ဖက်ထားမိသည်။

'သခင်မကြီး သတ်မှတ်ထားတာက ပျိုပဲလေ'

'ရှင်'

'သားနဲ့ အသင့်တော်ဆုံးက ပျိုပါ'

ဒေါ်တိမ်သခင်မ ဘယ်လိုမှ စိတ်တွေထိန်းချုပ် မထားနိုင်



www.burmeseclassic.com

www.burmeseclassic.com



တော့ပဲ ပျို့ကို ပွေ့ဖက်ထားမိသည်။ သမီးလေး မိမိသမီးလေး မိမိကြောင့် အစေအပါးဘဝနဲ့ နေရတာ။ မိမိရင်ခွင်ထဲမှာ သမီးလေး ငိုကြွေးနေသည်။

'အားမငယ်ပါနဲ့ ပျို့၊ သခင်မကြီး စီစဉ်ပါ့မယ်ကွယ်'

'စန္ဒကူးကို မောင်းထုတ်ပစ်လိုက်စမ်းပါ သခင်မကြီး ရယ်၊ ပျို့လေ ဖေ့ကို ချစ်နေပြီ၊ ဒါပေမဲ့ ဖေက ပျို့ကို အစေအပါး တစ်ယောက်လို့ပဲ မြင်နေတယ်'

'ဘာအစေအပါးလဲ၊ ပျို့က သခင်မကြီးရဲ့ သမီးပါ၊ ပျို့အတွက် သခင်မကြီး အားလုံးလုပ်ပေးမယ်၊ မငိုနဲ့တော့ စန္ဒကူး ကလည်း သားကို မချစ်ပါဘူး၊ လက်ထပ်ပွဲက ပျက်မှာပါ'

'ဖေ... ဖေကလေ စန္ဒကူးကို ချစ်နေတယ်၊ ဒီဟာမ လေးကိုပဲ အရမ်းဂရုတစိုက် ရှိလွန်းနေတယ်၊ ပြီးတော့ သခင်ကြီး ကလည်း ပျို့ကို နှိမ်တယ်၊ သဘောတူမှာ မဟုတ်ဘူး'

'ပျို့'

'ရှင်'

'သခင်မကြီး ချွေးမက ပျို့ပဲ အဲဒါကို အသေအချာ မှတ်ထား'





'မေမေရယ်'

'ဟင်'

'ကျွန်မကို မေမေလို့ပဲ ခေါ်ခွင့်ပြုပါ၊ ကျွန်မ အမေကို မတွေ့ဖူးခဲ့ဘူး၊ ကျွန်မကို ထားခဲ့ပြီး ထွက်သွားတာလေ၊ မေမေ့ကို မုန်းပေမယ့် သခင်မကြီးကိုတော့ ချစ်တယ်၊ မေမေလို့ပဲ အမြဲ တမ်း ခေါ်ချင်နေခဲ့တယ်။ ပျို့ကို အမေတစ်ယောက်လိုပဲ ပြုစု စောင့်ရှောက်ပေးခဲ့တာလေ'

'ခေါ်ပါကွယ်၊ ဒါပေမယ့် သခင်ကြီးရှေ့မှာတော့ မခေါ် နဲ့နော်၊ အချိန်ကာလတစ်ခုကိုတော့ စောင့်ပေးပါလား၊ သမီးပျို့က မေမေ့သမီးပါ'

ပျို့မဒီကို ဒေါ်တိမ်သခင်မ တင်းကြပ်စွာ ပွေ့ဖက်ထားမိ သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၂)

ဖေဖေက စန္ဒကူးကို ခေါ်ပြီး လိုအပ်တာတွေ သွားဝယ်ပေးရမယ် ဆိုတော့ ဇေ အတိုင်းအဆမရှိအောင် ဝမ်းသာသွားသည်။ ဖေဖေက စန္ဒကူးနှင့် သူ့ကို ရင်းနှီးကျွမ်းဝင်မှု ရှိစေရန် ချွေးမလောင်းအား အခွင့်အရေး ပေးလိုက်၏။ မေမေကတော့ ထိုကိစ္စအတွက် အကြီးအကျယ် ကန့်ကွက်နေသည်။

'သခင်ကြီး ချွေးမက ရိုင်းရိုင်းစိုင်းစိုင်း၊ ဒါကို အခွင့်အရေးတွေ ပေးနေရသေးလား၊ သခင်မတော့ ကန့်ကွက်တယ်၊ သားဇေ မင်းအရေးတယူလုပ်စရာ မလိုဘူးနော်၊ မေမေကတော့ ချွေးမအဖြစ် ဘယ်လိုမှ သဘောမကျဘူး'





'သခင်မ… အသာနေပါ၊ သခင်ကြီး အမိန့်နော်၊ ဘယ်သူမှ ဝင်စွက်ဖက်ခွင့် မရှိဘူး'

'ဟုတ်ကဲ့ပါ'

ဒေါ်တိမ်သခင်မ ဘာမှ ဆက်မပြောရဲတော့ဘူး။ မိမိက သခင်မကြီး အစစ်အမှန်မှ မဟုတ်တာဘဲ။ သခင်ကြီးမျက်နှာ ကြည့်နေရတာပါ။

ရှင်ကြီး လွန်တယ်။ သမီးပျိုနဲ့ နီးစပ်သွားမှာ ကြောက်လို့ မဟုတ်လား။ သားဇေကိုယ်တိုင်က စန္ဒကူးကို ချစ်နေသည်။ ဒေါသဖြစ်လိုက်တာ စောင့်ကြည့်နေလေ။ ငါ့ချွေးမက ငါ့သမီး ပျိုမဒီပဲ ဖြစ်စေရမယ်။ ဒေါ်တိမ်သခင်မ ငြိမ်ကုတ်သွားရသည်။

'ဖေဖေကတော့ သားနဲ့ စန္ဒကူးတို့ကို နီးစပ်စေချင်တယ်၊ သံယောဇဉ်တွယ်စေချင်တယ်၊ သားကို ဖေဖေပြောချင်တာက စန္ဒကူးလေးကို သည်းခံပါ၊ ငယ်သေးတယ်၊ မင်းကရော စန္ဒကူးလေးကို ချစ်လား'

'ဟုတ်ကဲ့'

'သားဇေ'

'ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



မေမေက အထိတ်တလန့်အော်ပစ်လိုက်၍ ဇေလန့်သွားသည်။ ဇေလည်း ဖေဖေမေးတာကို ရင်ထဲမှာ ဖြစ်တည်နေသည့်အတိုင်း အဖြေပေးလိုက်မိ၍ မေမေက ဒေါသဖြစ်သွားသည်။

'သခင်မကြီး ဒီကိစ္စမှာဝင်ပြီး မနှောင့်ယှက်ပါနဲ့၊ စန္ဒကူးက သခင်ကြီးတို့ရဲ့ ချွေးမပဲ၊ ဘယ်တော့မှ မပြောင်းလဲဘူး'

'သခင်ကြီး'

'သားဇေကိုယ်တိုင်က ချစ်နေပြီ၊ ရင်ထဲမှာ သံယောဇဉ်တွယ်နေတယ်၊ အဲဒါ ဖူးစာပဲ၊ ရှေးရေစက်ပဲ'

ဦးမိုးသခင်ကတော့ စန္ဒကူးလေးကို အချိန်ပေးပြီး ပြုပြင်သွန်သင်ဆုံးမရမည်။ သားရဲ့ ဇနီးပဲ။

ပြီးတော့ သခင်မအရေးပေးလွန်းနေတဲ့ ပျိုမဒီကို မနှစ်သက်။ သားကို လိုအပ်တာထက်ပိုမို ပြုစုပေးနေသည်။ သခင်မကလည်း အလွန်အမင်း အရေးပေးလွန်းနေ၏။ မိမိ မကြိုက်ဘူး။

သားက စန္ဒကူးနှင့်ပဲ့ လက်ထပ်ရမယ်။ စန္ဒကူးကတော့ နည်းနည်းလေးရိုင်းသည်။ မိမိတို့ပုံစံခွက်ထဲ မဝင်ချင်။ အချိန်တွေ ရှိနေပါသေးတယ်။ ပြီးတော့ သားဇေကိုယ်တိုင်က နှစ်သက်နေသည်။





'စန္ဒကူးလေးက သားကို ချစ်ခင်နှစ်သက်လာအောင် ကြိုးစားပါ'

'ဟုတ်ကဲ့ ဖေဖေ'

'သွားတော့'

'ဟုတ်ကဲ့'

ဇေ့ကို မေမေက မျက်နှာထားတင်းတင်းနှင့် ခေါင်းခါပြသည်။ စန္ဒကူးကို မေမေက မနှစ်သက်ဘူး။ ချွေးမအဖြစ် လက်မခံချင်။ စန္ဒကူးကလည်း စန္ဒကူးပဲလေ။ ဒီကောင်မလေးကိုက ထောင့်မကျိုးတာပါ။ ဒါပေမယ့် ဇေက ချစ်နေသည့် စန္ဒကူးကို ခေါ်ဖို့ ဇေအပြင်ထွက်လာတော့ ပျိုနှင့် ဆုံ၏။ ခါးနာပျောက်သွားပုံပင်။ မနေ့ကတော့ အိပ်ရာပေါ်မှာ လဲနေသည်။

'ပျို ခါးနာပျောက်သွားပြီလား'

'အင်း… ဇေ ဆေးလိမ်းပေးလို့လေ၊ ဇေဘယ်သွားမလို့လဲ၊ ဒီနေ့ OFF လေ'

'ဇေ အပြင်သွားမလို့ပါ ပျို၊ ဖေဖေ့အမိန့်လေ၊ စန္ဒကူးကို ခေါ်ပြီး လိုအပ်တာတွေ လိုက်ဝယ်ပေးရမယ်တဲ့'

'ဘာပြောတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဇေနဲ့ ရင်းနှီးအောင်လေ'

'ဇေ'

'ဗျာ'

'သခင်မကြီးက လုံးဝသဘောမတူဘူးနော်'

'ဖေဖေကြောင့်ပါ'

မင်းကိုယ်တိုင်က သွားချင်နေတာ မဟုတ်လား ဇေ။ ပျို အိပ်မရ။ ခါးနာက ဇေ့ကို ချွဲပြတာ ကောင်းနေပါပြီ။ ဇေနှင့် စန္ဒကူးတို့ သွားကြမယ်ဆိုတော့ ပျို မနာလိုဖြစ်ရသည်။ ဒါပေမဲ့လည်း ဇေနှင့် ပျိုလိုက်ပိုင်ခွင့် မရှိပေ။

'ဇေ'

'ပြောလေ ပျို'

'ပျိုလည်း လိုက်ချင်တယ်၊ စန္ဒကူးကိုလည်း အိမ်မှာ လိုအပ်တာတွေ ဝယ်တတ်အောင် သင်ပြရမယ်လေ'

ဇေက နှစ်ယောက်တည်း သွားချင်တာပါ။ ပျိုကိုလည်း မလိုက်နှင့်ဟု မပြောချင်။ ဇေက ရှက်သည်။ စန္ဒကူးလို ကောင်မလေးမျိုးကို ဇေချစ်နေတယ်ဟု ဝန်မခံချင်။ ဖေဖေက အတင်းအကျပ် လက်ထပ်စေ၍ လက်ထပ်ရသည့် ပုံစံမျိုးချိုးနေတာပါ။





ပျိုလိုက်လာရင်လည်း ကောင်းတာပဲဟု ပြောလိုက်၏။ မေမေလည်း စိတ်ကျေနပ်သွားစေရန် ဖြစ်သည်။

'လိုက်ခဲ့လေ ပျို၊ ဇေလည်း ဟိုကောင်မလေးကို သွားပြောရမယ်၊ စိတ်ပျက်တယ်၊ ဖေဖေ့ကြောင့်ပါ'

'ပျို သွားပြောမယ်လေ ဇေ'

'ရပါတယ်၊ ဇေပဲ သွားမယ်၊ ဒီကောင်မလေးက ပျိုနဲ့ဆို မဖြစ်ဘူး'

စန္ဒကူး။ ငါလေ မင်းကို အမြဲတမ်းပဲ တွေ့ချင်နေတယ်။ မင်းကရော ငါ့ကို မချစ်ဘူး မဟုတ်လား။ ငါ့ပုံစံကို မင်းမကြိုက်တာပါ။ ငါက ဆရာဝန်ဆိုတဲ့ ဂုဏ်ဒြပ်ရှိနေတာတောင် မင်း အထင်မကြီးဘူး မဟုတ်လား။

ဇေကိုယ်တိုင်ရော ခေတ်အရမ်း နောက်ကျနေပြီလား။ ဖေဖေရဲ့ဆန္ဒအရ သူ့မိဘစကားကို မြေဝယ်မကျ နားထောင်ရပြီး ရိုးသားစွာ ဝတ်ဆင်နေရသည်။ စန္ဒကူး နှစ်သက်စေရန် ဝတ်စား ပြင်ဆင်လို၏။ ခက်နေတာက သူ့မှာ Style Pan တော့ရှိတယ်။ သူ့စိတ်တွေကိုတင်းကာ စန္ဒကူးအခန်း ရောက်လာသည်။

'စန္ဒကူး'



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်သူလဲ'

'ဟာ'

ဒီကောင်မလေး အော်လိုက်တဲ့အသံကြီးက ကျယ်ကျယ်။ ဒါကြောင့်လည်း မေမေက မကြိုက်တာ။ သူက တံခါးဖွင့်ခိုင်း မနေတော့ဘဲ အပြင်ထွက်ဖို့ရှိတယ်။ အဝတ်အစားလဲထားပြီး အောက်ဆင်းလာခဲ့ဟု ပြောလိုက်သည်။

'ဘာလဲ အမိန့်လား၊ ဘယ်သွားရမှာလဲ၊ ဒီနေ့ ကျွန်မ အတွက်သင်တန်းက ဈေးဝယ်တတ်ဖို့လား'

'ဟော့... မင်းဘယ်လိုပြောလိုက်တာလဲ၊ မင်း လိုအပ်တာ တွေ ဝယ်ပေးမလို့လေ'

'မလိုအပ်ဘူး'

စန္ဒကူးလည်း ငရုတ်သီးထောင်းခိုင်းထဲက ဒေါသတွေ ဖြစ်ပြီး သူတို့ပေးတဲ့သင်တန်းတွေ တက်ရတာ သေချင်နေသည်။ လာပြန်ပြီ ဈေးဝယ်ထွက်မယ်တဲ့။ ဒါလည်း သင်တန်းပေးဖို့ပဲ ဖြစ်မှာပါ။ စန္ဒကူး တစ်နေ့ တစ်နေ့ Shopping ပဲ ထွက်နေတာ။ ဘာတွေ သင်ပေးဦးမလဲ မသိပါဘူး။ မသွားချင်ဘူးလို့လည်း ငြင်းမရ ဖြစ်နေသည်။





'စန္ဒကူး... မင်းကို သင်တန်းပေးမှာ မဟုတ်ပါဘူးကွ၊ ဖေဖေက မင်းလိုအပ်တာတွေ ဝယ်ဖို့ပါ၊ စိတ်ချ ဘာသင်တန်းမှ မပေးစေရဘူး'

'တကယ်နော်'

'အင်း'

'ဒါဆို စန္ဒကူး ပြင်ဆင်ပြီး ထွက်လာခဲ့မယ်'

'Ok'

စန္ဒကူး အပြင်တော့ ထွက်ချင်တယ်။ ဒီစံအိမ်ကြီးထဲမှာ နေရတာ စိတ်ညစ် စိတ်အိုက်လွန်းလို့ သေတော့မယ်။ စန္ဒကူး အတွက် သခင်ကြီးက ညှာတာထောက်ထားပေးသားပဲ။ သူမ အလှအပတွေ ပြင်သည်။

အောက်ထပ်ကို ဆင်းလာတော့ သခင်မကြီးနှင့် မပျိုမဒီ တို့လည်း ကိုကိုဇေရတုနှင့်အတူ စောင့်နေသည်။

'ပျို... ဒီကလေးမကို ဈေးဝယ်နည်းတွေ၊ တို့အိမ်ရဲ့ လိုအပ်တဲ့ပစ္စည်းတွေ ဝယ်တတ်အောင် သင်ပေးလိုက်'

ဘာကြီးလဲဟ၊ ကိုကိုပြောတော့ ဘာသင်တန်းမှ မပေး ဘူးတဲ့။ စန္ဒကူးလိုအပ်တာတွေ ဝယ်ပေးမလို့တဲ့။ ဒီမိန်းမက



www.burmeseclassic.com

www.burmeseclassic.com



လိုက်မှာလား။ ကိုကိုနှင့် လက်ထပ်ပြီးရင်တောင် ဒီမိန်းမက လိုက်ပြီး ဆရာကြီးလုပ်နေဦးမှာလား။ စိတ်ပျက်တယ်။ သူမမျက်နှာလေး ရှုံ့မဲ့သွားသည်။

'ဖျို ဒီကလေးမလေးအတွက် လုံလုံခြုံခြုံ အဝတ်အစားတွေလည်း ဝယ်ခဲ့၊ အခုဝတ်ထားတာ ကြည့်ဦးလေ'

ဒုက္ခပါပဲ။ စန္ဒကူးက စပို့ရှပ် Body Fit ကို ဝတ်ထားပေမယ့် ထမီနဲ့ တွဲဝတ်တာလေ။ အရင်ကဆို ဘောင်းဘီအတိုနဲ့ ဝတ်တာ။ အပြင်ထွက်ရင် လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါးပဲ ဝတ်ဆင်တာ။ ထမီတောင် အတော်လေး ကြိုးစားဝတ်ရသည်။ ခါးမှာ ခါးပတ်ပတ်ထားရသည်။

'ဟဲ့'

'ရှင်'

'ညည်းလေး အကျောကို ပြင်စမ်း၊ တို့အိမ်က ချွေးမဆိုတာ အရမ်းဂုဏ်သိက္ခာမြင့်မားပြီး မိန်းမပီသရတယ်အေ့၊ ကြားလား'

ဒေါ်တိမ်သခင်မှနှင့် စန္ဒကူးအတိုက်အခံ မပြောလိုပေ။ မတော်လည်းမရတဲ့ ယောက္ခမကြီး။





ကိုကိုဖေရတုကို မျက်စောင်းထိုးပစ်သည်။

'သွားကြဲတော့'

ဖေလည်း စန္ဒကူးရဲ့ မီးဝင်းဝင်းတောက်လုမတတ် ဒေါသမျက်စောင်းကြောင့် အထိတ်တလန့် ဖြစ်ရသည်။ သူကတိမတည်သလို ဖြစ်ရ၍လည်း ရှက်သွား၏။ စန္ဒကူးကို ဘယ်လိုရှင်းပြရမလဲ။

သူက မင်းလိုအပ်တာဝယ်ဖို့ပဲ၊ သင်တန်းမပေးပါဘူးလို့ ပြောခဲ့တာ။ ဖေဖေကလည်း ဒီအတိုင်းပဲလေ။ မေမေက လက်မခံတာ။ ဖေဖေက အလုပ်ကိစ္စနှင့် အပြင်ထွက်သွားပြီ ဖြစ်သည်။

'လူလိမ်ကြီး'

'ဘာ'

စန္ဒကူးက သူ့အနားကပ်လာပြီး လူလိမ်ကြီးဟု ပြောကာ မျက်နှာလွှဲထားသည်။

'စန္ဒကူး… မင်း နောက်မှာ ဖျို့နဲ့ အတူတူ လာထိုင်ပါ'

'ဘာဖြစ်လို့လဲ'

'သွန်သင်စရာရှိတာတွေ သွန်သင်ပေးမလို့'

နှင်နဲ့ ဖေတွဲထိုင်နေတာ ငါဘယ်လိုလုပ်ပြီး ကြည့်နေနိုင်



www.burmeseclassic.com

www.burmeseclassic.com



မလဲဟဲ့ မိစ္ဆာမလေးရဲ့ ပေကပ်ကပ်ကောင်မလေး။ မကျေမနပ်နှင့် နောက်မှာ ဝင်ထိုင်သည်။

'ဦးဇေရတု'

'ဗျာ... အဲ... ဘာလဲ စန္ဒကူး'

'ရှင်ကြီးပြောတော့ ဘာသင်တန်းမှ မပေးပါဘူးဆို၊ စန္ဒကူး လိုအပ်တာတွေပဲ ဝယ်ဖို့ဆို'

'ဟဲ့... ကောင်မလေး နင် ဇေ့ကို ဘယ်လိုဆက်ဆံတာလဲ၊ ရိုင်းလွန်းတယ်'

'ကျွန်မက ကတိမတည်တဲ့လူကို မုန်းတယ်၊ လူပုံကြည့်ရင်တော့ ရိုးပုံရိုးလျက်နဲ့ လျှာမှာ အရိုးမရှိဘူး ထင်တယ်'

'စန္ဒကူး'

ကိုကိုဇေရတုက ဘာမှမပြောဘဲ ဒီမိန်းမကပဲ သည်းသည်းလှုပ် ဝင်ပါနေသည်။ ဟုတ်တယ် အမြင်ကတ်လို့ပြောတာ။ စန္ဒကူးနဲ့ လက်ထပ်ဖို့ ငြင်းပါဆိုလည်း မငြင်းဘူး။ ကိုကိုဇေရတု မျက်နှာကြီးက မည်းနေ၏။ မပျိုမဒီက သူမအား ကိုက်စားတော့မတတ် မျက်နှာကြီးနှင့် ကြည့်သည်။

'နင် ဘယ်လိုကောင်မလေးလဲ စန္ဒကူး၊ ဇေက နင်ပြော





ချင်တိုင်း ပြောလို့ရတဲ့ ယောကျ်ားတစ်ယောက် မဟုတ်ဘူးနော်'

'သူက ကျွန်မရဲ့ ခင်ပွန်းလောင်းပါ၊ မဆိုင်ဘဲ ဝင်ပါနေတာက ရှင်ကြီးပဲ'

'စန္ဒကူး'

ဒီတစ်ခါတော့ စကားကို ထိန်းထိန်းသိမ်းသိမ်း ပြောဖို့ တားဆီးလိုက်သူက ဇေပင်။ ပျို့က တာဝန်အရ လုပ်ပေးနေတာပါ။ စန္ဒကူးက ငယ်သည်။ သူ တားဆီးရမှာပဲ။ စန္ဒကူးက တော်တော်လေးရိုင်းတယ်။ သူ့ကို လက်မထပ်ချင်လို့ဘဲ ဖြစ်မယ်။ ပျို့က သူမဆက်မလိုက်တော့ဘဲ နေခဲ့မည်ဟုပြောပြီး ကားကို အတင်းရပ်ခိုင်းသည်။

'ကားရပ်တော့ ဇေ၊ ဒီကောင်မလေးရဲ့ ရိုင်းပျစော်ကားနေမှုတွေကို ပျို့ လုံးဝမခံစားနိုင်တော့ဘူး၊ စိတ်ထိခိုက်လိုက်တာ၊ ရပ်လေ'

'အဲဒီလို မလုပ်ပါနဲ့ ပျို့ရယ်၊ ဇေတောင်းပန်ပါတယ်၊ စန္ဒကူးက ငယ်သေးလို့ပါ၊ မနေခဲ့ပါနဲ့နော်'

'ကားရပ်ပေးပါတော့ ဇေရယ်၊ ဒီကောင်မလေးကို သွန်သင်ဆုံးမဖို့ တာဝန်လည်း ပျို့ မယူတော့ပါဘူး၊ သခင်မကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ပြတ်ပြတ်သားသားပဲ ပြောမယ်၊ ကားရပ်ပေးပါ၊ ဇေတို့ဟာဇေတို့ သွားကြတော့'

'ပျို့ကိုတော့ လမ်းမှာ မထားခဲ့ပါဘူး၊ ကျွန်တော်တို့ ပြန်ကြမယ်'

ဖေဖေလည်း ပြောချင်တာ ပြောပါစေတော့။ မေမေက လည်း စန္ဒကူးကို ချွေးမတော်ဖို့ လုံးဝငြင်းဆန်နေသည်။ ဖေဖေပဲ ဗွတ်စီစဉ်နေတာပါ။ ဇေ ကားကို အိမ်ဘက်ပဲ ပြန်မောင်းလာ သည်။



## အခန်း(၁၃)

စန္ဒကူးကလည်း ဘာကိုမှ ဂရုမစိုက်ပါဘူး။ ကိုကိုဇေရ တုကိုမှ လက်မထပ်ချင်တာ။ ရှေးရိုးဆန်ပြီး အတ္တကြီးတဲ့ အိမ်တစ် အိမ်ဂ. ချွေးမဘဝကို စန္ဒကူးလုံးဝ မခံယူလိုပေ။ သူတို့ဟာသူတို့ ဘာကြီးပဲ ဖြစ်နေပါစေ။

မပျို့မဒီက ကိုကိုဇေရတုကိုများ ကြိတ်ပိုးနေလားပဲ။ အမလေး စကားပြောတာကအစ ချွဲပျစ်ပျစ်၊ ရှင်ကြီးကလည်း အဖြစ်သည်းသည်း စန္ဒကူးဘက်ကနေ မရပ်တည်ဘဲ၊ အစေ အပါးတစ်ယောက်ရဲ့ရှေ့ကနေ ရပ်သည်။ ရှင်ကြီးတို့နှစ်ယောက်ပဲ ယူလိုက်ကြပါလားလို့ စန္ဒကူး ခပ်တည်တည်ပဲ ထိုင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဖေ... ပျို့ကို ထားခဲ့ပြီး မင်းတို့ပဲ သွားကြပါ၊ ဟုတ်ပါတယ်လေ၊ ပျို့က ဝင်ရှုပ်နေတာပါ၊ တော်ကြာ သခင်ကြီး သိသွားရင် ပျို့ မောင်းထုတ်ခံနေရပါ့မယ်'

ဖေက သနားကြင်နာတတ်တာ ပျို့ သိသည်။ သခင်ကြီးက နှစ်ယောက်တည်းသွားဖို့ အမိန့်ပေးထားတာ။

ပျို့ တမင် ဖေကြွေသွားစေရန် ကြေကြေကွဲကွဲ မျက်နှာလေးနှင့် ပြောမိသည်။

'အိမ်လည်းရောက်နေပြီ ဆိုတော့ ပျို့ နေခဲ့လေ၊ ဖေတို့ကတော့ သွားရမယ်၊ ဖေဖေ့အမိန့်ကြောင့်ပါ'

'အင်း... သွားပါ'

ဖေဖေအမိန့်ကြောင့်တဲ့။ ဘာအမိန့်လဲ မိန်းမတစ်ယောက်ကို လက်ထပ်တာ အမိန့်ကြောင့်လား။ ဟွန်း... မုန်းလိုက်တာ။ အဓိပ္ပာယ်လုံးဝ မရှိဘူး။ ကားလေးက အပြင်ပြန်ထွက်လာသည်။

'စောစောထဲက အဲဒီလိုပဲ ဖြစ်သင့်တာ'

'စန္ဒကူး'

'ပြောပါရှင့်'

'လူကြီးမိဘတွေအပေါ် မင်းဆက်ဆံတာက...'





'သူတို့ကရော ကျွန်မကို တမင်သက်သက် ရန်သူလို သဘောထားပြီး နှိပ်ကွပ်ဖို့ ကြိုးစားနေကြတာလေ'

'မဟုတ်သေးဘူး စန္ဒကူး၊ ဒါက ကိုကိုတို့ အိမ်ရဲ့ စည်းကမ်းပါ'

'အဓိပ္ပာယ်မရှိတာပဲ'

'ထားလိုက်ပါတော့ကွာ'

'မထားနိုင်ဘူး'

'ဘာဖြစ်လို့လဲ'

'အစအဆုံး မိန်းမတစ်ယောက်ဘက်ကနေ ကိုကိုက ဘာဖြစ်လို့ လိုက်ပြီး အကာအကွယ် ပေးနေရတာလဲ၊ စန္ဒကူးက ဘာလဲ၊ သခင်ကြီးကလွဲပြီး ဒီအိမ်ကလူတွေ စန္ဒကူးကို ဘယ်လို သဘောထားနေကြတာလဲ'

ဖေက ကားကို လူရှင်းတဲ့ နေရာမှာ ထိုးရပ်သည်။ သူ့ရင်တွေတော့-တဒိတ်ဒိတ် ခုန်နေ၏။ ပြောမယ့်သာ ပြောရတာ စန္ဒကူးကို သူချစ်နေ၏။ အပြစ်မမြင်မိ။

မေမေက ပျို့ကို နှိပ်ကွပ်ခိုင်းနေသည်။ ဖေ မတားဆီးနိုင်။ မေမေ့ကိုလည်း စိတ်ညစ်အောင် ဖေမလုပ်ချင်ဘူး။ ပျို့က



www.burmeseclassic.com

www.burmeseclassic.com



လည်း နေ့ကို ငယ်စဉ်လေးကတည်းက တယုတယ ဂရုတစိုက်နဲ့ ပြုစုခဲ့တာပါ။ စန္ဒကူးကလည်း သူ့ကိုလက်မထပ်ချင်တိုင်း ရိုင်း ရိုင်းပျပျနှင့် တုံ့ပြန်သည်။

'ဖွားကို အစေအပါးလို သဘောမထားပါနဲ့၊ ကိုကို့ကို ငယ်စဉ်လေးထဲက ထိန်းကျောင်းယုယလာတာပါ'

'အဲဒါဆိုလည်း ကျွန်မကို လက်ထပ်ဖို့ ငြင်းပစ်ပေးပါ၊ ကျွန်မ လုံးဝပဲ ကိုကိုနဲ့ လက်မထပ်ချင်ဘူး'

'ဟင်'

'အချစ်မပါဘဲ အမိန့်တစ်ခုကြောင့် လက်ထပ်သင့်လား ဟင်၊ ပြီးတော့ ကိုကိုနဲ့ ကျွန်မက အသက်ကွာတယ်၊ ကျွန်မက ငယ်လွန်းတော့ ကိုကိုရဲ့ ဇနီးကောင်း အိမ်ရှင်မကောင်း လုံးဝ မဖြစ်သင့်ဘူး၊ ကျွန်မကို လေ့ကျင့်ပေးနေတာကိုက နှိပ်စက်နေ တာပဲ'

စန္ဒကူးမျက်နှာလေးကို စူးစိုက်ကြည့်မိပြီး စန္ဒကူးပြောနေ တာတွေလည်း အမှန်တွေပဲဟု ထင်သည်။ ငြင်းသင့်လား။ အချစ်မပါဘူးတဲ့။ ကိုကိုက စန္ဒကူးကို ချစ်နေပြီ ဆိုရင်ရော စေက ဖွင့်မပြောရဲ မျက်နှာတွေ ထူပူနေသည်။





အချစ်တွေကို ဘယ်တုန်းကမှ မခံစားဘူးတဲ့ စေက စန္ဒကူးနှင့်တွေ့တော့ နှလုံးသားတွေ လှုပ်ခတ်ကာ ရင်ခုန်တတ် နေသည်။

'ကိုကို'

'ဟင်'

'ကျွန်မကတော့ ဒက်ဒီဆန္ဒကို မလွန်ဆန်ရဲတာတစ်ခုပဲ ရှိပါတယ်၊ ကျွန်မ လုံးဝကို ခံစားလို့မရတာပါ၊ ကိုကို့ကို ချစ်လို့ လည်း မရဘူး'

တော်ပါတော့ စန္ဒကူးရယ်။ ကိုကို ဆက်မကြားပါရစေ နဲ့လို့ တားဆီးပစ်ချင်နေသည်။ ကိုကို့ဘက်ကနေ ငြင်းပါတဲ့၊ ဖေဖေက ရမလား။ ဇွတ်အတင်းပဲ လက်ထပ်ပေးတော့မယ်။ စေကလည်း အဲဒီလို ဖြစ်ချင်တာ။

မေမေက လိုက်ကန့်ကွက်နေ၍ စိတ်ညစ်သည်။ စန္ဒကူး ကိုချစ်နေပြီဟုလည်း ပေါ်ပေါ်တင်တင် ထုတ်ဖော်မပြောရဲ၊ ရှက် နေသည်။

'ကျွန်မနဲ့က ဘယ်လိုမှ မလိုက်ဖက်ပါဘူး ကိုကိုရာနော်၊ ကျွန်မတို့ လက်မထပ်သင့်ပါဘူး၊ ကိုကိုပဲ မျက်စိမှိတ်ပြီး ငြင်းပါ'



www.burmeseclassic.com

www.burmeseclassic.com



'ကိုကိုက ငြင်းလို့မရဘူး စန္ဒကူး၊ မိဘစကားကို တသွေမတိမ်း ပြားပြားဝပ် နာခံခဲ့ရတာပါ၊ ကိုကို ငြင်းလည်း ဖေဖေက လက်ခံမှာ မဟုတ်ဘူး'

'အမိန့်လား'

'ကိုကိုတို့ ဒီအခြေအနေကို အေးအေးဆေးဆေး လက်ခံလိုက်ကြရအောင်ပါ စန္ဒကူး'

'ကျွန်မကို ဝိုင်းပြီး နှိပ်စက်ကြတော့မယ်၊ ငြိမ်ဝပ်ပိပြားပြီး သူတို့အမိန့်ကို နာခံစေတဲ့ မိန်းမအဖြစ် သူတို့သားရဲ့ ကျွန်အဖြစ်'

'တော်ပါတော့ကွာ'

သူဆက်ပြီး နားမထောင်နိုင်တော့သဖြင့် စိတ်ထဲမှာ ပေါက်ကွဲသွားကာ စန္ဒကူးခန္ဓာကိုယ်လေးအား ဆွဲယူဖွေ့ဖက်ထားမိပြီး သူမနှုတ်ခမ်းလေးကို လက်နှင့် ပိတ်မိသွားသည်။

'ကိုကို ဘာလုပ်တာလဲ ဖယ်ပါ'

စန္ဒကူးက သူ့လက်တွေကို ဒေါသတကြီး ဖယ်ရှားပစ်သည်။

'ပြောရမှာပဲ၊ ကျွန်မက ကျွန်လား၊ ပြောစမ်းပါဦး၊ ဗိုက်





ထဲမှာကတည်းက ချွေးမအဖြစ် အပိုင်သိမ်းပိုက်ပြီး နာမည်လည်း သူတို့စိတ်ကြိုက် ပေးတယ်။ ဆယ့်ရှစ်နှစ်ပြည့်တာနဲ့ သူတို့ဆီခေါ်ပြီး ချွေးမလောင်းအဖြစ် လေ့ကျင့်တယ်။ သူ့သားအတွက်လား၊ သူတို့အတွက်ပဲလား။ ကျွန်မမှာမီ ဘယ်လောက်အထိ ခံစားရမလဲ။ ကိုကိုတို့မိသားစု အတ္တကြီးတယ်။ ကိုယ်ချင်းစာစိတ် နည်းနည်းလေးမှ မရှိဘူး'

'ကိုကို ဘာလုပ်ပေးရမလဲ'

'ကျွန်မကို လက်မထပ်နိုင်တဲ့အကြောင်း သခင်ကြီးကို အပြတ်သားဆုံး ငြင်းပေးပါ၊ အကြောင်းပြချက်တွေ ရှိတာပဲ၊ ကျွန်မက ယဉ်ကျေးမှုမရှိတဲ့ ချွေးမ'

'တော်ပါတော့'

'ကျွန်မက ကိုကိုရဲ့ ဖူးစာရှင် ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲလို့'

ကိုကိုက စန္ဒကူးကို ချစ်နေပြီလို့ ဘာဖြစ်လို့ ဖွင့်ဟမပြောရဲရတာလဲ။ သတ္တိမရှိလိုက်တာ။ ဇွဘဝမှာ မိန်းကလေးတစ်ယောက်နှင့် တရင်းတနှီး နေထိုင်ပြီး ရင်ခုန်ခဲ့ဖူးတာ စန္ဒကူးပဲ ရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မျိုးကိုတော့ သူစိတ်ထဲမှာလည်း အစေအမါးမဲ့ သဘော ထားသည်။

'ကိုကို'

'ဟင်'

'ငြင်းပေးပါ'

'မဖြစ်ဘူး'

'ဘာဖြစ်လို့လဲ အမိန့်ကြောင့်လား'

စန္ဒကူးကို ချစ်မိသွားလို့ဆိုတဲ့ စကားကို ဖေပြောမထွက်။ ဒုက္ခပါပဲကွာ။ သူ့ဆန္ဒက စန္ဒကူးလေးအား ပွေ့ဖက်ထားချင်ပေမယ့် ဂုဏ်သိက္ခာနှင့် ရှက်စိတ်တွေကြောင့် ထူပူနွေးထွေးလိုက်ဖို့ နေသည်။

သတ္တိမရှိဘူး။ လူကြီးတွေက ဖွတ်အတင်းပေးစားလို့ လက်ထပ်လိုက်ရတာမျိုးပဲ ဖြစ်စေချင်နေ၏။ ကိုကို ရှက်လို့ပါ စန္ဒကူးရယ်။ ကိုကို့ကို ငြင်းခိုင်းမနေပါနဲ့တော့။ လက်ထပ်ကြမယ် နော်။

အချစ်ဆိုတာ ဘာဖြစ်လို့ မရှိရမှာလဲကွာ။ ဟိုးဘဝ အဆက်ဆက်ကတည်းက ချစ်လာခဲ့ကြသူတွေ ဖူးစာဖက်တွေပါ။





နေရင်းထဲက စကားတွေကို စန္ဒကူးသိစေရန် အယ်လို ထုတ်ဖော်ပြသရမှန်းပင် မသိ။ စန္ဒကူးချစ်လာစေရန်လည်း ဘယ် လိုမှ မလုပ်တတ်။ တစ်ယောက်နှင့်တစ်ယောက် နှုတ်ဆိတ်နေ ကြသည်။

'ကိုကို'

'အား… လန့်လိုက်တာ စန္ဒကူးရယ်၊ ဘာဖြစ်လို့ ဒီ လောက်အကျယ်ကြီး အော်ရတာလဲ'

'ပြန်မယ်'

'ဟင်'

'ကျွန်မ သေပစ်မိတော့မယ် သိလား'

'ဟင်… ဘာဖြစ်လို့လဲ၊ အဲဒီလိုတော့ မလုပ်ပါနဲ့ကွာ၊ ကိုယ့်ကိုယ်ကို သတ်သေရင်လေ နောက်ဘဝငါးရာအထိ ဒီလိုပဲ သတ်သေရမှာ၊ အဲ့ဒီလောက်တောင် မကပါဘူး၊ အဖန်ငါးရာငါး ကမ္ဘာအထိတဲ့'

'သွားပါ ဘာတွေလာပြောနေတာလဲ၊ ခံရပါစေ ကိုကိုနဲ့ လက်မထပ်ရရင်ပြီးရော'

'နေပါဦး၊ မင်းက ဘာဖြစ်လို့ ကိုကိုနဲ့ ဒီလောက်အထိ



www.burmeseclassic.com

www.burmeseclassic.com



ခါးခါးသည်းသည်း လက်မထပ်ချင်ဘူး ဖြစ်နေရတာလဲ'

'အနှိပ်စက်ခံရလို့ ကျွန်မ ခန္ဓာကိုယ်ကို မီးမြှိုက်ပြီး အရည်ဖျော်ပုံစံခွက်ထဲ ထည့်နေကြလို့'

အဲဒါတော့ မဖြစ်သင့်ဘူး။ စန္ဒကူးပြောတာ မှန်တယ်။ မေမေက လွန်တယ်။ ပျိုကလည်း နှိပ်စက်နေတာပဲ။ ဖေလည်း မနှစ်သက်မိ။ စန္ဒကူးဘက်ကနေ ရပ်တည်ပေးဖို့ကလည်း သူတို့ မိသားစုရဲ့ ရိုးရာထုံးတမ်းစဉ်လာ ဖြစ်နေသည်။

'သခင်ကြီးထက် သခင်မကြီးနဲ့ ရှင့်ရဲ့အထိန်းတော်ကြီးက နှိပ်စက်နေကြတာလေ၊ ပြီးတော့ ကျွန်မ ဒီအဝတ်အစားတွေ ဝတ်ရတာ စိတ်ကျဉ်းကျပ်တယ်။ အိမ်မှုကိစ္စတွေလည်း ကျွန်မ လုံးဝမလုပ်ချင်ဘူး။ ပိုက်ဆံရှိတာပဲ အလုပ်သမားတွေလည်း ရှိတယ်။ ကျွန်မကို သက်သက် ညှင်းပန်းနှိပ်စက်နေကြတာ'

ဇေခန္ဓာကိုယ်တစ်ခုလုံး လေးလံနေသည်။ စန္ဒကူးကိုလည်း သနားမိ၏။ သူ ငြင်းပစ်ရမလား။ စန္ဒကူးကတော့ ငယ်စဉ်လေးထဲက သူ့ကို မနှစ်သက်ခဲ့။

'ပြန်မယ်... ပြန်မယ်၊ ကျွန်မ ဘာမှ ဆက်မပြောချင်တော့ဘူး ပြန်မယ်'





'စန္ဒကူး'

'ဘာလဲ'

'မင်းကို ပြန်ပို့ပေးမယ်'

'ဘယ်ကိုလဲ'

'မင်း မာမီဆီကိုလေ'

'ဘာပြောတယ်'

'မင်း ထွက်သွားပါ၊ ဖေဖေ အတင်းအကျပ် လိုက်မခေါ်ရဲပါဘူး၊ မင်းကို ငါ့ဘက်က လုံးဝမငြင်းနိုင်ဘူးလေ၊ ဒါကြောင့်ပဲ မင်းထွက်ပြေးသွားတဲ့ ပုံစံမျိုးပေါ့'

'အယ်'

'ဘာဖြစ်လို့လဲ'

'ကျွန်မလည်း အဲဒီလို မလုပ်နိုင်တော့လို့ပေါ့ရှင်၊ မာမီက လက်ခံမှာမဟုတ်ဘူး၊ ဒက်ဒီစီစဉ်ထားခဲ့တာကို ကျွန်မ ဘယ်လို လုပ်ပြီး ဖျက်ရမလဲ'

'ဒါဆိုလည်း ကိုကို့ကို လက်ထပ်လိုက်လေ'

'ချစ်မှ မချစ်တာ'

ကိုကိုက မင်းကို ချစ်နေပြီဟု ပြောမထွက်။ စန္ဒကူးလို



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးမျိုးကို ချစ်တယ်ပြောရတာ သူ့အသက်အရွယ်နှင့် အရှက်ရစရာကြီးဟု ထင်သည်။

'ပြန်မယ်'

'စန္ဒကူး လိုအပ်တာတွေ ဝယ်ဦးလေ'

'အမိန့်ကြောင့်လား'

'ဝယ်ပါကွာ'

'မဝယ်ဘူး'

'မင်း လူကြီးတွေရဲ့ ဆန္ဒကို ဘာဖြစ်လို့များ ဆန့်ကျင်နေရတာလဲကွာ'

သူမ ထသည်။ ဖေဖေပြောသလိုပဲ သူနှင့် စန္ဒကူးက ဖူးစာရှင်တွေလည်း ဖြစ်နိုင်သည်။ သူ့နှလုံးသားတွေထဲမှာ စန္ဒကူးကို ချစ်နေမိ၏။ ကိုကိုငြင်းပယ်ဖို့ ဝန်လေးနေတာ စန္ဒကူးကို ချစ်နေမိလို့လေ။ မရေမရာနှင့် ပြန်လာကြသည်။



## အခန်း(၁၄)

'စန္ဒကူး'

'မာမီ'

'ကူးလေး'

'မာမီ အခုမှ ဘာဖြစ်လို့ ဖုန်းဆက်ရတာလဲ၊ ဘာကူးလေးလဲ၊ သမီးတစ်ယောက်ကို ရက်ရက်စက်စက် သူများလက်ထဲ ဝကွက်အပ်ပြီး'

မာမီက စန္ဒကူးဆီ ဖုန်းဆက်တော့ စန္ဒကူး ဝမ်းနည်းကြေကွဲသံကြီးနှင့် ပြောလိုက်သည်။ စန္ဒကူးက စတင်ဆက်သွယ်ခွင့်မရှိ။ မာမီတောင် တစ်လမှ တစ်ကြိမ်သာ ခွင့်ပြုထား၏။ ဘာကြောင့်လဲ သူတို့က ဘာကြောင့်များ ပိုင်စိုးပိုင်နင်းလုပ်ရတာလဲ။ မာမီက သမီးလေး လိမ္မာပါဟု ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'မောင်ဇေရတုက မိန်းကလေးတစ်ယောက် အားကိုးအားထားပြုထိုက်တဲ့ ယောကျာ်းကောင်းတစ်ယောက်ပါ စန္ဒကူး၊ မာမီ စုံစမ်းကြည့်ပြီးပါပြီ'

'ဘာ ယောကျာ်းကောင်းလဲ၊ အမေရှုံးတဲ့သား၊ ပြီးတော့ အိမ်တော်စိုးက တစ်မျိုး'

'ရှောင်လွှဲလို့မရဘူး၊ စန္ဒကူး လက်ခံပါ၊ သူတို့စကားကို နာခံပါ၊ သမီး ဘယ်လောက်အထိ ခက်ခဲနေမယ်ဆိုတာ'

'သမီး ထွက်ပြေးချင်တယ်၊ သူတို့က စန္ဒကူးကို အမြဲ တမ်းပုံစံပေးနေတာပဲလေ'

'သမီး ကောင်းစားရေးပါကွယ်'

'မာမီ'

'သမီး နေရမယ်၊ လူကြီးမိဘစကားကို နားထောင်ပါ၊ သူတို့ သွန်သင်ဆုံးမတာ လက်ခံရမယ်၊ သမီးနဲ့ မောင်ဇေရတုတို့ လက်ထပ်ပြီးမှ မာမီနဲ့ ကူးလေးတွေ့ရမှာပါ'

'သမီးက ဘာလဲ အစီပွားယ်မရှိဘူး၊ သူ့ကိုလည်း သမီး ဘယ်လိုမှ ချစ်လို့မရဘူး'

'သမီးတို့နှစ်ယောက် ဖူးစာရှင်တွေပါ'





'သမီးက လူသားတစ်ယောက်ပါ မာမီ'

'သမီး လက်ထပ်ရမယ်၊ သခင်ကြီးတို့ကျေးဇူးတွေက သမီး ဖေဖေ့အပေါ်ဆပ်လို့တောင် မကုန်နိုင်ဘူး၊ ဒက်ဒီဆန္ဒဖြစ်နေလို့ပါကွယ်'

'မာမီ'

'မာမီ'

'မာမီ'

မာမီဖုန်းပိတ်သွားသည်။ ကူးပြန်ဆက်သည့် မရ။ ပြီးပြီလေ။ သူတို့ဆန္ဒအတိုင်းပဲပေါ့။ ယောကျာ်းမလောင်းကြီးနှင့် ကူးက ရန်သူတွေပဲ။

သခင်ကြီးကတော့ စန္ဒကူးကို ခွင့်လွှတ်သေးသည်။

ရက်စက်လိုက်တာ မာမီရယ်၊ စန္ဒကူးက အရုပ်လား

စန္ဒကူးပါးပြင်လေးပေါ် မျက်ရည်တွေ လိမ့်ဆင်းကျလာသည်။ ကိုကိုဇေရတုကို မချစ်ဘူး၊ လက်မထပ်ချင်ဘူး၊ ဘယ်လိုလုပ်ရမလဲ။ ရှေးဆန်လွန်းတဲ့ ဒီစံအိမ်ကြီးထဲမှာ နေရတာ စန္ဒကူး အကျဉ်းထောင်ထဲမှာ ရောက်နေရသလိုပဲ ထွက်ပြေးချင်သည်။

ထိုအချိန်မှာပင် . . .



www.burmeseclassic.com

www.burmeseclassic.com



'စန္ဒကူး'

'ရှင်'

'ဘာရှင်လဲ၊ နင်လုပ်နေရာရှိတာတွေ သွားလုပ်လေ'

'ဟုတ်ကဲ့'

မလူးတော့ပါဘူး။ သူတို့ရဲ့ ဇနီးကောင်းအဖြစ်ပဲ ကြိုးစားမယ်။ ရှင်ကြီးတို့ ဘယ်လောက်နှိပ်စက်မလဲ။ ကျွန်မဒက်ဒီကြောင့် သိလား။ စန္ဒကူး စားသောက်ခန်းထဲ ရောက်လာသည်။

'စန္ဒကူး'

'ပြောပါ'

'နင် ထမင်းအိုးတည်ရမယ်'

အရေးမပါတာ၊ အလုပ်သမားက ထမင်းအိုးမတည်ဘဲ အိမ်ရှင်က တည်ရမလား။ ပြောဦးမယ် တတ်အောင်သင်ပေးတာလို့ မပျိုမဒီမျက်နှာကြီးက သုန်မှုန်တင်းမာနေသည်။

'ဆန်ခြောက်လုံးချက်၊ ဒီအိုးထဲ ဆန်ထည့်ပြီး ချက်'

'ကောင်းပါပြီ'

'ဟဲ့… နင့်လေသံက မထေမဲ့မြင်နဲ့'

စန္ဒကူး ဘာမှ ပြောမနေတော့ဘဲ ထမင်းအိုးထဲ ဆန်





ခြောက်လုံး ထည့်သည်။ တော်တော်ခေတ်နောက်ကျတဲ့ဟာတွေ ထမင်းအိုးကို ပေါင်းအိုးနှင့် မချက်ဘဲ ငှဲ့ချက်ရမည်။ စိတ်ပျက်လိုက်တာ။ စန္ဒကူးက ပေါင်းအိုးနဲ့တောင် မချက်တတ်တာ။ မပျိုမဒီကပြောပြီး ထွက်သွားသည်။

'ဘယ်လိုလူတွေမှန်း မသိဘူး၊ ဒုက္ခပါပဲ သေချင်တယ်၊ ဘယ်ဘဝက အကုသိုလ်တွေလဲ'

စန္ဒကူးပါးစပ်ကနေ ပွစိပွစိလေးပြောပြီး ထမင်းအိုးထဲ ဆန်ထည့်သည်။ တကယ်ဆို •အစအဆုံး သင်ပြပေးရမှာပေါ့။ တွေးမိတိုင်း ဒေါသဖြစ်နေသည်။

'ဒုက္ခပါပဲ၊ ဒီဂက်စ်မီးဖိုလည်း မဖွင့်တတ်ဘူး'

သူမ ဆန်ကို ရေဆေးသည်။ အိုးထဲ ရေဘယ်လောက်ထည့်ရမှန်းမသိ။ နေပစေ တတ်သလောက်ပဲ လုပ်မယ်။ ရေဆေးပြီး အိုးထဲ ရေအပြည့်ထည့်ကာ ဂတ်စ်မီးဖိုကို ဖွင့်တော့ မီးတွေ ဟုန်းခနဲ ထတောက်တော့ သူမ အထိတ်တလန့် ဖြစ်ရသည်။

'အမလေး'

စန္ဒကူး ငယ်သံပါအောင် အော်ပြေးတော့ ကိုကိုဇေရတု ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



'စန္ဒကူး… ဘာဖြစ်တာလဲ'

'မီး… မီး'

'ဘယ်မှာလဲ'

'ဟိုမှာလေ'

'ဟာကွာ… စန္ဒကူးက မီးကို အရမ်းတင်ထားတာကိုး၊ ပြန်လျှော့လေ'

'ဒီမှာ'

'ဟင်'

'ကျွန်မ ဒီအလုပ်တွေကို မလုပ်ချင်ဘူး၊ ကိုကိုတို့အိမ်က ချွေးမကို ကျွန်လို သဘောထားနေတာလား'

'ထုံးတမ်းစဉ်လာပါ'

'ဘာထုံးတမ်းစဉ်လာလဲ၊ အရူးတွေ'

'ဟော့… မင်း အဲဒီလို မပြောရဘူးလေ'

စန္ဒကူး မျက်ဝန်းလေးတွေထဲမှာ မျက်ရည်တွေ ဝဲနေတော့ ဖေစိတ်မကောင်းမိ။ စန္ဒကူးတစ်ခုခု ဖြစ်သွားမှာလည်း စိတ်ပူသည်။ ဖေဖေက စည်းကမ်းတွေ ထုံးတမ်းစဉ်လာတွေကို လျှော့ပေါ့ပေးချင်ပေမယ့် မေမေက လက်မခံ။ ဒီကောင်မလေးကို





တစ်သက်လုံး ပေါ့ပျက်ပျက် မိန်းကလေးအဖြစ် သားဘဝမှာ စိတ်သောကတွေနဲ့ ရင်ဆိုင်ဖြတ်သန်းသွားရမှာမို့ စည်းကမ်းနဲ့ပဲ သွန်သင်ဆုံးမရမယ်တဲ့။ ပျိုလက်ထဲ အပ်ထားသည်။

'လာ… ကိုကိုပြမယ်၊ မီးကို ဒီလိုလျှော့လေ ဘာမှ လန့်စရာ မရှိဘူး'

'ကိုကို'

'ဟင်'

'ကျွန်မ ဒီအလုပ်တွေ မလုပ်ဘဲ ကိုကိုနဲ့ လက်ထပ်လို့ မရဘူးလားဟင်'

'မရဘူး'

'သေချင်တယ်'

စန္ဒကူးလေးရယ်။ သည်းခံပေးပါကွာ။ ကိုကိုနဲ့ လက်ထပ်ပြီးရင် မင်းကို အဝေးကို ခေါ်သွားပါ့မယ်။ ပြီးတော့ မင်း ပျော်ရွှင်စေရမှာပါ။ ဖေ့ရင်ထဲက ခံစားချက်တွေကို ထုတ်ဖော်ပြောပြလို့ မဖြစ်ပေ။ သူ့အတွက် စိတ်ပူပေးနေတဲ့ မိခင် စိတ်မချမ်းမသာဖြစ်မှာတော့ ဖေမလုပ်လိုပေ။ စန္ဒကူးမျက်နှာလေးက အလိုမကျသလို မှုန်မှုန်လေး ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟင်… ဇေ ဘာလာလုပ်နေတာလဲ၊ တကယ်ပဲကွယ် ဇေက ယောက်ျားလေးလေ ဘုန်းနိမ့်မယ် ထွက်… ထွက်'

ပျို့ဝင်လာပြီး ဇေ့လက်ကို ဆွဲခေါ်သည်။ စန္ဒကူးက မျက်စောင်းလေးထိုးသည်။ ဇေ့နှလုံးသားတွေထဲမှာ နာကျင်သွားရ၏။

စန္ဒကူးက ငယ်သေးတယ်။ ချမ်းချမ်းသာသာ ပြည့်ပြည့်စုံစုံ နေထိုင်လာရတဲ့ မိန်းကလေးပါ။ ပျို့က သူ့ဝေယျာဝစ္စအတွက် ပျို့ပဲ လုပ်ပေးနေတာလေ။

သူ အပြင်ထွက်လာရသည်။

'ဇေရယ်… မင်းလေး ဘယ်တုန်းက မီးဖိုခန်းထဲ ဝင်ခဲ့ဘူးလို့လဲ၊ ကိုယ့်အဆင့်နဲ့ကိုယ် နေစမ်းပါ၊ ပျို့တို့က စန္ဒကူးရှေ့ရေးအတွက် လေ့ကျင့်ပေးနေတာပါ'

'အရမ်းကြီးတော့ မနှိပ်ကွပ်ပါနဲ့ ပျို့'

'နှိပ်ကွပ်တာလား၊ သခင်မကြီးရဲ့ ဆန္ဒလေ၊ ဒီကောင်မလေးက ရိုင်းတယ်'

စန္ဒကူးကို ချိုးချိုးနှိမ်နှိမ် ပျစ်ပျစ်နှစ်နှစ် ပြောနေလျှင် ဇေ မကြိုက်ပေ။ ချစ်သူမျက်နှာလေး ညှိုးငယ်သုန်မှုန်နေတာကို





ဇေမကြည့်ရက်။ ချော့မော့နှစ်သိမ့်ပေးချင်ပေမယ့် သူ့မှာ အခွင့်အရေး မရှိပေ။

'ဇေ အသာနေစမ်းပါ၊ မိန်းကလေးဆိုတာ မိန်းမပီသရမယ်လေ၊ ဇေက ဘာလဲ၊ ဂုဏ်ဖြိုပ်တွေနဲ့ ပညာတတ်ဆရာဝန်တစ်ယောက်ပါ၊ ဇေနဲ့ လက်ထပ်မယ့် မိန်းမက ပေါ့ပျက်ပျက် ယဉ်ကျေးမှုမရှိ နေချင်သလိုနေရင် ဇေ့ဂုဏ်သိက္ခာတွေ ညှိုးနွမ်းစေရသလို ဇေ့ဘဝတစ်လျှောက်လုံးလည်း စိတ်သောကတွေ ရောက်ရလိမ့်မယ်'

ဇေရယ်၊ မင်းကိုယ်တိုင် အဖြစ်သည်းနေတာပါ။ ပျို့ နည်းနည်းလေးမှ မကျေနပ်။ စန္ဒကူးအတွက် ဇေပျာယာခတ်အောင် ဂရုစိုက်ချင်နေသည်။ ဇေ့ရင်ထဲမှာ စန္ဒကူးကို ချစ်နေပြီဆိုတာ ပျို့သိလေ ဒေါသတွေပေါက်ကွဲချင်လေပဲ။ ဒါပေမဲ့ ပျို့ ဟန်ဆောင်ပစ်သည်။

'ဇေ… ဆေးရုံသွားရမယ် မဟုတ်လား၊ စည်းစနစ်ကြီးပြီး သားလိမ္မာလေး ဒေါက်တာဇေရတုရယ်၊ မင်းလေး လက်ထပ်မယ့်ဇနီးက တော်လေးဝ ဝင်ရမယ်လေ'

စန္ဒကူးအတွက် ဇေ စိတ်ပူသည်။ တော်လေးဝဝင်တွေ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှင်မပီသဖို့ကိုပင် ထည့်မစဉ်းစားချင်တော့။ ဇေ့နှလုံးသားတွေက စန္ဒကူးကို ချစ်နေပြီပဲ။ စန္ဒကူး စိတ်ညစ်ပြီး ထွက်ပြေးသွားမှာပင် ဇေ စိတ်ပူရ၏။

ပျိုက သူ့ကို ဆေးရုံသွားဖို့အတွက် အဝတ်အစားကအစ ပြင်ဆင်ပေးနေသည်။ ပျိုနေရာမှာ စန္ဒကူးဆိုရင် ဘယ်လောက်ကောင်းမလဲ။ သူ့စိတ်တွေ မသက်မသာနှင့်ဘဲ ဆေးရုံကို ထွက်လာရသည်။

စန္ဒကူးကတော့ မီးဖိုခန်းထဲမှာ ထမင်းအိုးတစ်လုံးနှင့် အလုပ်ရှုပ်နေသည်။ ဘယ်အချိန်မှာ ထမင်းအိုးကို ငှဲ့ရမလဲ။

ကြည့်လေ။ မပျိုမဒီက ကိုကို့အပေါ် အမြင်ကတ်စရာကောင်းလောက်အောင်ပင် တယုတယနဲ့ လက်ထပ်မယ့် ဇနီးလောင်းရှေ့မှာတောင် ဘာလဲဟ၊ အရှက်မရှိလိုက်တာ၊ သခင်မကြီးကလည်း ဒီမိန်းမကိုများ ချွေးမတော်ချင်နေလား မသိပါဘူး။ အရေးပေးလွန်းတယ်။ စန္ဒကူး မကျေနပ်မိ။ ကိုကို့အပေါ် ပိုင်စိုးပိုင်နှင်း လုပ်လွန်းသည်။

'ဗွက်… ဗွက်'

'ဗွက်'





'ဟဲ့… စန္ဒကူး၊ အမလေး ကြည့်ကြပါဦး၊ ထမင်းအိုးက ပွက်နေလိုက်တာ ရေတွေတောင် ခမ်းနေပြီ'

'ဟင်'

ဟုတ်သားပဲ။ စန္ဒကူး အတွေးလွန်နေတာပါ။ ထမင်းအိုးကိုပင် မကြည့်မိ။ မပျိုမဒီ ဝင်လာပြီး အသံကုန်အော်ဟစ်နေသည်။

'နင် ဘာတွေ လုပ်နေတာလဲ စန္ဒကူး၊ နင် တမင်အရွဲ့တိုက်ပြီး ပျော့ပြဲသွားအောင် လုပ်နေတာလား၊ ဒီအိမ်က စည်းစနစ်ရှိတယ်ဟဲ့၊ အလဟဿ ကုန်သွားတာမျိုး မကြိုက်ဘူး'

'မသိဘူးလေ၊ ကျွန်မမှ မငှဲ့တတ်တာ၊ ရှင်ကြီးက အစအဆုံးစောင့်ကြည့်ပြီး သင်ပေးရမှာလေ'

'နင့်မှာ အသိဉာဏ်မရှိဘူးလား စန္ဒကူး၊ ကြည့်လေ ထမင်းလေးတောင် မချက်တတ်ဘူးလား'

'မချက်တတ်ဘူး၊ ကျွန်မက သူဌေးသမီးလေ၊ မသိတော့ဘူး၊ ရှင်ကြီး မကျေနပ်လည်း တိုင်ချင်တဲ့သူ သွားတိုင်တော့ ရှုးချင်လာပြီ'

ဒေါသဖြစ်ဖြစ်နှင့် ပြောချင်တာတွေ ပြောပြီး စန္ဒကူး



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာခဲ့သည်။ ပြဿနာမရှိ ပြဿနာရှာတာ။ သူလာသင်ပေးပါလား။

စန္ဒကူးပြဿနာတက်အောင် ထွက်သွားပြီးတော့ ကိုကို့အပေါ် ဒီလောက်အထိ အဖြစ်သည်းနေရင်လည်း ရှင်ကြီးပဲယူလိုက်။ သူမ ခြေကလေးဆောင့်ပြီး အပေါ်ထပ် တက်လာသည်။

'စန္ဒကူး'

'ဟင်'

'နင် ပျို့ကို ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံပြောဆိုလာပြန်ပြီလား'

စန္ဒကူး ဘာမှမပြောနိုင်ခင် မပျို့မဒီ ရောက်လာပြီး ထမင်းအိုးတည်နိုင်းတာ အရွဲ့တိုက်တယ်။ တမင်ပစ်ထားတယ်။ ပြဿနာရှာနေတာပဲပြောတော့ သခင်မကြီးက စန္ဒကူးကို ဆူသည်။

'နင် ဘာလုပ်တာလဲ၊ တို့ကို မရှိမသေလုပ်တာလား၊ နင် ငါ့သားနဲ့ လက်မထပ်ချင်ရင် ထွက်သွားလေ၊ နင် စည်းစိမ်ဥစ္စာတွေမက်ပြီး လက်ထပ်မှာ မဟုတ်လား၊ နင်သာ ငါတို့အပေါ်





စိတ်ကောင်းထားရင် ငါတို့ စည်းကမ်းလိုက်နာရမှာပေါ့၊ နင် ဘာလုပ်ချင်တာလဲ'

စန္ဒကူး ဘာမှ ဆက်မပြောချင်တော့ဘဲ ဖြစ်ချင်ရာဖြစ် အပေါ်ထပ်သို့ တက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၅)

'သခင်ကြီး… သားအတွက် သခင်မဘယ်လောက်အထိ စိတ်ပူရလဲ၊ ဒီကောင်မလေးကို ချွေးမတော်ဖို့ လက်လျှော့လိုက်ပါတော့ သခင်ကြီးရယ်'

'သခင်မကြီးကို ဝင်မပါနဲ့လို့ အမိန့်ပေးထားတယ်လေ၊ ဒါ သခင်ကြီးသား ကိစ္စပါ၊ သခင်မ ဝင်မပါသင့်ဘူး'

'ရှင်'

'စန္ဒကူးက သခင်ကြီးချွေးမပဲ၊ သားဇေနဲ့ လက်ထပ်ရမယ်၊ မင်း ဝင်မပါသင့်ဘူး မတိမ်ဖြူ'

'သခင်ကြီး'





မိမိအား ငယ်နာမည်မတိမ်ဖြူဟု ခေါ်လိုက်၍ ဒေါ်တိမ်သခင်မ အလွန်အမင်းဒေါသ ဖြစ်ရသည်။ သခင်ကြီးက မင်း… သား မဟုတ်ဘူးတဲ့။

ငယ်နာမည်ကိုပါ ခေါ်လိုက်သေး၏။ အသည်းနာလိုက်တာ။ ဒေါ်တိမ်သခင်မ နာကြည်းသွားသည်။

'သခင်ကြီး အဲဒီလို မပြောပါနဲ့၊ ဇေက သခင်မသားပါ၊ သားအရင်းထက်တောင် ချစ်ရပါသေးတယ်'

ဦးမိုးသခင်ကတော့ မတိမ်ဖြူ (ခေါ်) ဒေါ်တိမ်သခင်မအား အယုံအကြည် မရှိတော့ပေ။ မိမိစိတ်ထဲမှာ သံသယတွေ ဝင်နေသည်။

ပျိုမဒီက ဘာလဲ။ သခင်မက လိုအပ်သည်ထက် ပို၍ပင် အရေးပေးနေ၏။ ဦးမိုးသခင် သံသယဖြစ်ရတာက သားဇေနှင့် ပျိုမဒီအား ရင်းနှီးကျွမ်းဝင်စေရန် သခင်မကိုယ်တိုင် ဖန်တီးနေသည်ဟု ထင်သည်။

'မတိမ်ဖြူ မင်းအတွက်တော့ စိတ်မကောင်းပါဘူး၊ မင်းငါ့အမိန့်ကို ဆန့်ကျင်ချင်နေတယ်'

'မဟုတ်ပါဘူး သခင်ကြီး၊ ကျွန်မပြောနေတာက သား



www.burmeseclassic.com

www.burmeseclassic.com



ဖေ ဘဝအတွက်ပါ၊ စန္ဒကူးက ရိုင်းစိုင်းပြီး လူကြီးတွေအပေါ် လေးစားမှု မရှိဘူး'

'အဲဒါကြောင့် အရိုန်ယူပြီး မင်းကို သွန်သင်ဆုံးမနိုင်းနေတာလေ၊ စန္ဒကူးက ငယ်တယ်၊ ငါတို့နဲ့ ကင်းကွာနေတယ်၊ မင်း နားလည်ပါ၊ ပြီးတော့ သားနဲ့ စန္ဒကူးနှစ်ယောက်တည်း နီးနီးစပ်စပ် နေပါစေ၊ ပျို့မဒီ ဝင်မနှောင့်ယှက်ပါစေနဲ့'

သခင်ကြီး ထွက်သွားတော့ ဒေါ်တိမ်သခင်မ ဒေါသတကြီးနှင့် ကျန်ခဲ့သည်။ မတိမ်ဖြူတဲ့ ရှင်ကြီးက ကျွန်မကို ဒေါ်တိမ်သခင်မနေရာကို ပြန်ရုပ်သိမ်းချင်တဲ့ သဘောလား။ သိမယ်။

ရှင့်သားက ကျွန်မသမီး ပျို့အတွက်ပဲ ဖြစ်စေရမယ်။ စန္ဒကူးလည်း လွင့်ထွက်သွားစေရမယ်။ စိတ်ထဲကနေ ကြိမ်းဝါးနေသည်။

'သခင်မကြီး'

'ပျို့'

'ပျို့တို့ ပြတ်သားမှ ဖြစ်တော့မယ်ထင်တယ်'

'ဘာဖြစ်လို့လဲ ပျို့'





'ဖေကိုယ်တိုင်က စန္ဒကူးကို ချစ်နေတယ်၊ ဒါကြောင့် ဟိုဟာမလေးက မာန်မာနတွေ တက်နေတာလေ'

'အင်း… ဘာဆက်လုပ်ချင်တာလဲ ပျို့ရယ်၊ တော်ကြာ သခင်ကြီးသိသွားရင် ပြဿနာတွေ တက်လိမ့်မယ်၊ စန္ဒကူးက လွဲပြီး ဘယ်သူ့ကိုမှ ချွေးမတော်မှာ မဟုတ်ဘူး'

'သခင်မကြီး'

'ပြောလေ'

'စန္ဒကူးကို ချွေးမအဖြစ် လက်မခံနိုင်ဘူး မဟုတ်လား'

'လုံးဝလက်မခံနိုင်ဘူး ပျို့၊ သခင်ကြီးနဲ့ အတိုက်အခံဖြစ်နေရတာပါ'

'ပျို့နဲ့ရော'

'ပျို့ရယ် ဘယ်လိုမေးလိုက်တာလဲကွယ်၊ သခင်မကြီး သမီးပါ'

'သခင်မကြီး'

'ဟင်'

'အကောင်းဆုံးက ဦးမိုးသခင်ကို ရှင်းပစ်လိုက်ဖို့ပဲလေ'

'ဘာပြောတယ်'



www.burmeseclassic.com

www.burmeseclassic.com



'အမြန်ဆုံး ရှင်းရမယ် သခင်မကြီး၊ ဇေ့ကို ဘယ်နည်းနဲ့မှ လက်လွှတ်မခံနိုင်တော့ဘူး၊ သမီးရဲ့ဆန္ဒကို မေမေ ဒီတစ်ခါတော့ လိုက်လျောပေးပါ'

'ဘာ'

'သခင်မကြီးဟာ ကျွန်မရဲ့အမေဆိုတာ လွန်ခဲ့တဲ့ ငါးနှစ်လောက်ကတည်းက ကျွန်မ သိနေပါတယ်'

'ဟင်'

'ကျွန်မကို ဒီကို လိုက်ပို့တဲ့ အဒေါ်ကြီးလေ၊ သူက လျှို့ဝှက်ပြီး ဖုန်းဆက် အသိပေးခဲ့တာပါ'

'သမီးရယ်'

ဒေါ်တိမ်သခင်မ ဘယ်လိုမှ စိတ်တွေကို ထိန်းချုပ်မထားနိုင်တော့ဘဲ သမီးပျိုမဒီအား ပွေ့ဖက်ထားမိသည်။ ကြည့်စမ်း၊ သမီးလေးက မျိုသိပ်ပြီး မိမိအိမ်မှာ အစေအပါးအဖြစ် နေထိုင်ခဲ့သည်။

'မေမေက ပျို့ကို အခွင့်အရေးတွေ ပေးခဲ့တာ သိပါတယ်၊ အခြေအနေအရ သမီးမသိဟန်ဆောင်ပြီး နေထိုင်ခဲ့ပါတယ်၊ ဒါပေမယ့် အခုတော့ ဇေက စန္ဒကူးနဲ့ သံယောဇဉ်တွယ်နေ





ပြီ၊ ပျို ဘာဆက်လုပ်ရမလဲဟင်၊ သခင်ကြီးက ပျို့ကို သားနဲ့ အနီးစပ်ဆုံး မနေပါနဲ့တော့တဲ့'

'ဟင်'

'ပျို ဒီလိုပဲ အစေအပါးဘဝနဲ့ နေထိုင်သွားရတော့မှာလား မေမေရယ်၊ ပျို့ရင်ထဲမှာ မီးတောက်နေပါပြီ၊ ဇေ့ကို ဘယ်လိုနည်းနဲ့မှ မစွန့်လွှတ်နိုင်လို့ပါ'

'မေမေ သိပါတယ်၊ ဘယ်လက်လွှတ်ခံလို့ ဖြစ်မလဲ၊ သမီးပဲ ပိုင်ဆိုင်သင့်တာပါ၊ မေမေ တမင်ဖန်တီးထားခဲ့တာလေ'

'သမီးတို့ နောက်ကျနေလို့ မဖြစ်ပါဘူး၊ အမြန်စီစဉ်မယ်၊ သခင်ကြီးက သမီးနဲ့ နီးစပ်မှာ လုံးဝကြောက်ပြီး အဆင့်အတန်းခွဲခြားထားတာ'

'ဟုတ်တယ်၊ သမီးပြောတာ အမှန်ပဲ၊ သခင်ကြီးက မေမေကိုတောင် သားဇေရဲ့ အမေနေရာကနေ ဖယ်ထုတ်ပစ်ချင်နေတယ်လေ'

'သမီးတို့ ကြံစည်ရအောင်၊ ဦးမိုးသခင် မရှိတော့ရင် ဇေက သမီးတို့ လက်ခုပ်ထဲက ရေဖြစ်သွားပြီလေ'

'ဟုတ်တယ်၊ ပျိုပြောတာ အမှန်ပဲ၊ မေမေ့ကိုတောင်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တိမ်သခင်မနေရာကနေ ဖယ်ပစ်ဖို့ ကြိုးစားနေတယ်'

စန္ဒကူးဆိုတဲ့ ကောင်မလေးနဲ့ ပတ်သက်လာတော့ ရှင်က ကျွန်မကိုတောင် အရေးအရာ မလုပ်တော့ဘူးပေါ့။ ဘာဖူးစာရှင်လဲ။ ဇေရဲ့ ဖူးစာရှင်က ကျွန်မသမီး ပျိုမဒီပဲ။ အမွေပစ္စည်းတွေ အားလုံးက သားဇေရတုနာမည်တွေနှင့် ပြောင်းထားသည်။

'သခင်ကြီးက နှလုံးရောဂါရှိတယ်၊ သွေးတိုးလည်း ရှိတယ်လေ၊ သူသောက်နေကျ ဆေးတွေကို သူသောက်မယ့် ကော်ဖီထဲ အလွန်အကျွံထည့်ထားရင် သူ့နှလုံး ဘယ်ခံနိုင်တော့ မှာလဲ၊ ပြီးတော့ မေမေနဲ့ သူက တစ်ယောက်တစ်ခန်းစီ အိပ်ကြ တာ၊ ဒီကိစ္စတွေ သမီး ဘာမှမပတ်သက်နဲ့၊ မေမေအားလုံး စီစဉ်မယ်၊ ခံစရာရှိရင် မေမေပဲ ခံမယ်'

သမီးလေးဘဝတလျှောက်လုံး အိမ်ဖော်မလေးအဖြစ်နဲ့ နေထိုင်လာခဲ့ရတာပါ။ ဦးမိုးသခင်အား အပျိုအဖြစ် လက်ထပ်ခဲ့ မိ၍ သမီးလေး တစ်ယောက်ရှိကြောင်း ထုတ်ဖော်မပြောပြရဲခဲ့။ သိသွားရင်လည်း ဦးမိုးသခင်က လုံးဝခွင့်လွှတ်မှာ မဟုတ်ဘဲ၊ မိမိအား မောင်းထုတ်မှာ သေချာသည်။

'ပျိုကတော့ ဇေကိုပဲ အပိုင်ကပ်ထားပါ၊ ကျန်တာတွေ





မေမေအားလုံး စီစဉ်မယ်၊ မေမေ့သမီးလေးကို ပစ်ထားခဲ့တာ မဟုတ်ပါဘူး၊ မေမေ့ရင်ထဲမှာ သမီးလေးက အမြဲတမ်း ရှိနေခဲ့ တာပါ'

'မေမေရယ် ပျို အားရှိလိုက်တာ၊ သခင်မကြီးက ပျို့ မေမေဆိုတာ သိနေခဲ့ပေမယ့် ထုတ်ဖော်မပြောရဲဘဲ အားငယ်နေ ရတာပါ'

'အခုချိန်ကစပြီး အားမငယ်နဲ့တော့ ပျို မေမေ့သမီးလေး အတွက်ပဲ အရာအားလုံး ဖြစ်စေရမယ်'

ပျို စိတ်လက်ရွှင်လန်း တက်ကြွစွာဖြင့် ပြန်လာခဲ့သည်။ စန္ဒကူး ညည်းက မာန်တက်နေတယ်။ ဇေက အရေးပေးနေလို့ လေ သခင်မကြီးက ငါ့အမေဟဲ့၊ နင့်လို ကောင်မမျိုး ဘာဖြစ် သွားမလဲဆိုတာ စောင့်ကြည့်နေ၊ ပျိုစိတ်ထဲကနေ ကြိမ်းဝါးရင်း ဇေ့အိပ်ခန်းထဲ ဝင်လာခဲ့သည်။

'ဇေ'

'ဟင်... ပျို'

'ဘယ်သွားမလို့လဲကွယ်'

'ဇေ အပြင်သွားစရာရှိလို့ပါ၊ ပျိုရောက်လာတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



အတော်ပဲ၊ စန္ဒကူးနဲ့ပတ်သက်ပြီး ပျိုကို တောင်းပန်ချင်ပါတယ်၊ စန္ဒကူးက ဇေတို့ကို အထင်လွဲနေတာပါ၊ သူ့ကို နှိပ်စက်တယ်လို့ ထင်နေတာလေ'

'ရပါတယ် ဇေရယ်၊ ပျိုက ဘာပြောလို့ရမှာလဲ၊ သခင်ကြီးရဲ့အမိန့်ပဲလေ၊ တကယ်တော့ ပျိုက သည်းခံပေးရမှာ မဟုတ်လား ဇေရယ်၊ စန္ဒကူးက တစ်နေ့ကျရင် ဒီစံအိမ်ကြီးရဲ့ အရှင်သခင်မ ဖြစ်လာမှာလေ'

'စန္ဒကူးကို သည်းခံပေးပါဗျာ၊ ဇေလည်း ကိုယ့်ကိုယ်ကို မယုံနိုင်တော့ဘူး၊ စန္ဒကူးကို ချစ်နေတယ်၊ သိလား ပျို၊ ဒါကို စန္ဒကူးသိအောင် ပြောဖို့လည်း ခက်နေတယ်လေ'

ဇေက ပျို့ကို အားကိုးတကြီး ရင်ဖွင့်နေပေမယ့် ပျိုကတော့ ရင်ထဲမှာ မီးတောက်နေတယ်၊ ဇေ့အကျင့်ကိုက သူ့ရင်ထဲမှာ ရှိသမျှ ပျို့ကို ဖွင့်ပြောပြတတ်တာ အကျင့်ပင်။

'စန္ဒကူးနဲ့ ဇေက ဖူးစာရှင်တွေ ဖြစ်နိုင်တယ် ပျို၊ ဇေလေ စန္ဒကူးကို မြင်မြင်ချင်းပဲ ချစ်မိသွားတာ'

'အမလေး'

'ဟင်... ပျို'





ဇေ ပြောနေတာတွေကို မကြားချင်တော့သဖြင့် ပျို ခလုတ်တိုက်မိသလိုနှင့် ခန္ဓာကိုယ်လေး ယိုင်လဲပြိုကျသွားရာ ဇေ့ရင်ခွင်ထဲသို့ အလိုက်သင့် ဝိကျသွားသည်။

'ပျို ဘယ်လိုဖြစ်တာလဲ'

'ဇေရယ် ဘာဖြစ်သွားလဲ မသိဘူး၊ ပျိုခေါင်းထဲမှာ မိုက်ခနဲ ဖြစ်သွားတယ်၊ ကိုယ့်ကိုယ်ထိန်းတာ အရေးထဲ ခလုတ်က တိုက်မိသေးတယ်'

ဇေ့ရင်ခွင်ကိုမှီကာ အကြာကြီး နေပစ်မိသည်။ ဇေလည်း ပျာယာခတ်ကာ ဆေးအိတ်ယူလာ၏။ သွေးပေါင်တွေချိန်သည်။

'ပျို သွေးတိုးနေတယ်နော် သတိထား၊ ဘယ်လို ဖြစ်ရတာလဲ၊ အရင်က သွေးမတိုးပါဘူး၊ အသက်ကြီးလာလို့ ထင်တယ်'

ပျို့ကို ဇေက အစ်မကြီးတစ်ယောက်ကဲ့သို့ ဆက်ဆံပြောဆိုနေတာကိုပဲ ပျို မကျေနပ်မိ။ မင်း ပျိုအပေါ် နည်းနည်းတောင် ချစ်တဲ့စိတ်တွေ မဖြစ်ခဲ့ဘူးလား ဇေရယ်။ ဇေ့လက်မောင်းတွေကို ဆုပ်ကိုင်ထားမိသည်။

'စန္ဒကူးကြောင့် ပျို စိတ်သောကတွေ ရောက်ရတာ



www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်၊ အချိန်လေးနည်းနည်းစောင့်ပေးပါဗျာ၊ စန္ဒကူး လိမ်မာလာမှာပါ'

'ဇေ့အတွက်ပဲ ပျို့ စိတ်ပူတာပါကွယ်၊ အရမ်းစိတ်ပူတယ်'

'စိတ်မပူပါနဲ့ဗျာ၊ အားလုံး သူ့ဟာသူ ဖြစ်သွားမှာပါ၊ ဇေကတော့ စန္ဒကူးနဲ့ ဇေ တကယ့်ကို ဖူးစာရှင်စစ်စစ်တွေဖြစ်မယ်လို့ စိတ်က ခံစားနေရတယ်'

တော်ပါတော့ကွယ်။ ပျို့ ဆက်ပြီး မကြားပါရစေနဲ့တော့။ မင်းလေးကို ဘယ်သူမှ ပိုင်ဆိုင်ခွင့် မပေးနိုင်ပါဘူး။ ငါပဲ ပိုင်ဆိုင်ရမှာပါ။ ပျို့ အသာလေးမှိန်းနေသည်။

'ကဲ… ပျို့အခန်းကို ဇေတွဲပြီး လိုက်ပို့ပေးမယ်နော်၊ ဇေလည်း အပြင်သွားစရာရှိတယ်၊ အနားယူလိုက်ပါ၊ နောက်ဆို စန္ဒကူးကို ဘာမှမသင်နဲ့တော့၊ ပျို့ စိတ်ပင်ပန်းပါတယ်'

မင်းဟာမလေး ပင်ပန်းမှာစိုးရိမ်လို့ မဟုတ်လား ဇေ။ ပျို့ကတော့ ဘာမှ အတိုက်အခံပြောမနေတော့ဘဲ သဘောကောင်းချင်ယောင်ပဲ ဆောင်နေလိုက်သည်။ ဇေက တွဲပြီး ပျို့အိပ်ခန်းအထိ လိုက်ပို့၏။ တို့နှစ်ယောက်ပဲ ဖူးစာရှင်ဖြစ်သင့်တာပါ ဇေရယ်၊ ပျို့က သခင်မကြီးရဲ့သမီးအရင်းပါ။





ဇေက အိပ်ရာပေါ် လှဲအိပ်စေပြီး ပြန်ထွက်သွားသည်။ ပျို့ သွေးတောင်တိုးတယ်။ ဘယ်လောက်အထိများ စိတ်လှုပ်ရှားရလဲလို့။ မေမေ့သမီးအရင်းဆိုတာ သိတဲ့နေ့က အတိုင်းအဆမရှိအောင် ဝမ်းသာပျော်ရွှင်ကာ ဇေနှင့် ပိုနီးစပ်သွားသလို ခံစားလိုက်ရသည်။ စန္ဒကူး နင်ကတော့ မောင်းထုတ်ခံရမှာပါ။ ပျို့ စိတ်တွေ ပေါက်ကွဲမတတ် မွန်းကျပ်နာကျင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၆)

မပျိုမဒီ ပဲများနေတာပါ။ အားနည်းနေလို့တဲ့။ အိပ်ရာပေါ် လဲနေတယ်။ စန္ဒကူး ဆုံးဖြတ်ထားလိုက်ပါပြီ။ ကိုကိုဇေရတုကို ချစ်ချစ် မချစ်ချစ် လက်ထပ်တော့မည်။ မာမီကိုယ်တိုင်က စန္ဒကူး ထွက်လာမှာကို လက်မခံပေ။ ဒက်ဒီစီစဉ်ထားခဲ့တာကို ဖျက်ဆီး ပစ်လို့ မဖြစ်ဘူးတဲ့။

စန္ဒကူး အောက်ထပ်ဆင်းပြီး အိမ်ဖော်ကောင်မလေး တွေနှင့် ထမင်းဟင်းချက်ပြုတ်နည်း သင်ရသည်။

'ပျိုကို သခင်မကြီးက ချွေးမတောင်တော်ချင်နေတာ၊ အရမ်းအရေးပေးတယ်'





'ဟဲ့… ညီညီ ဘာတွေ လျှောက်ပြောနေတာလဲ၊ နင် အလုပ်ပြုတ်ချင်လို့လား'

စန္ဒကူးကတော့ နှုတ်ခမ်းကို မဲ့သည်။ တော်လိုက်ပါလား သူ့သားနှင့် အလိုက်ဖက်ဆုံးက ဒီမိန်းမပဲဟာ။ စန္ဒကူး စိတ်ပျက် နေ၏။ တခြားအလုပ်သမား ကောင်မလေးတွေက ပျိုလောက် မဆိုးကြ၊ ရိုသေလေးစားကြသည်။

'မမလေး နားနေလေ၊ ကျွန်မတို့ ချက်တာပဲ ကြည့်ပါ'

'အေး… ကောင်းတယ်၊ ဒါပေမယ့်လေ မိန်းကလေးဆို တာကတော့ အိမ်မှုကိစ္စတွေ တတ်ထားတာ ကောင်းပါတယ်၊ မမလေးကို ကောင်းကောင်းမွန်မွန် ခိုင်းပါလား၊ လူကို အကျော ကြီးနဲ့ ညှင်းပန်းနှိပ်စက်သလို ခိုင်းရင်တော့ စန္ဒကူးတို့က ပြဿနာ ရှာပစ်မှာပဲ'

စန္ဒကူးကို တခြားအိမ်ဖော် ကောင်မလေးတွေကလည်း ထောက်ခံကြသည်။ စန္ဒကူးပျော်လာ၏။ ပျိုမဒီကိုပဲ အမြင်ကတ် တာပါ။ သူမအလုပ်တွေ ရှုပ်နေတုန်း သခင်ကြီး ဝင်လာ၏။ အလုပ်သမားကောင်မလေးတွေ ပြားပြားဝပ်သွားသည်။

'စန္ဒကူး'



www.burmeseclassic.com

www.burmeseclassic.com



'ရှင်'

'မင်း အခုချိန်ကစပြီး မီးဖိုဆောင်ကိစ္စတွေ လုပ်စရာ မလိုတော့ဘူး၊ မင်းဆန္ဒအတိုင်းပဲ လွတ်လွတ်လပ်လပ်နေထိုင်ပါ'

'ရှင်... သခင်ကြီး'

'မင်းက ငယ်သေးတာပဲ၊ သခင်ကြီးတို့က အရမ်းမတင်း ကျပ်သင့်ဘူးလေ၊ သားဖေနဲ့လည်း မင်းသံယောဇဉ်တွယ်လာမှ ကြည်ကြည်ဖြူဖြူ နှစ်သက်လက်ခံလာမှ လက်ထပ်စေရမှာပါ'

'အမလေး ဝမ်းသာလိုက်တာ သခင်ကြီးရယ်၊ စန္ဒကူး လေ သေပစ်ချင်လောက်အောင် စိတ်ညစ်နေတာပါ၊ ကိုကိုနဲ့လည်း သိပ်မရင်းနှီးသေးတော့ စန္ဒကူး လက်ထပ်ဖို့အထိတော့ ဆန္ဒမရှိ သေးပါဘူး'

'ဟုတ်ပါတယ် စန္ဒကူး မမှားပါဘူး၊ သခင်ကြီးတို့က အတ္တကြီးနေကြတာပါ၊ သားဖေရဲ့ ဆန္ဒကလည်း သခင်ကြီး ဆန္ဒအတိုင်းပဲ'

'ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် သခင်ကြီး၊ စန္ဒကူး ဘက်ကလည်း အကောင်းဆုံးဖြစ်အောင် ကြိုးစားပါ့မယ်'

'သမီးလေး ပျော်သလိုနေပါကွယ်၊ အချိန်တော့ပေးရ





မှာပေါ့၊ သားဖေကလည်း သမီးလေးကို စိတ်မညစ်စေချင်ဘူး၊ သံယောဇဉ်တွယ်နေတယ်'

'ရှင်'

'သားဖေက သမီးလေးကို ချစ်တယ်လို့ ဝန်ခံတယ်လေ'

သခင်ကြီး ပြန်ထွက်သွားတော့ စန္ဒကူး ခပ်ကြောင် ကြောင် အူလယ်လယ်နှင့် ကျန်ရစ်ခဲ့သည်။ ဘာကြီးလဲ ကိုယ်တိုင် တော့ မပြောဘဲ ဖခင်ကတစ်ဆင့် ပြောခိုင်းတာလား။ ဘာလဲ ရှင်က မာနပြတာလား။ စန္ဒကူးလို ကောင်မလေးတစ်ယောက်ကို အောက်ကျမခံနိုင်ဘူးပေါ့လေ။ စန္ဒကူး ပျော်ရွှင်တက်ကြွစွာ ပြန် ထွက်လာခဲ့သည်။

မျှော်လင့်ထားသည့်အတိုင်းပင် မီးဖိုခန်းအပေါက်ဝ၌ ပျို့မဒီနှင့် တန်းတွေ့သည်။

'စန္ဒကူး'

'သခင်ကြီးက စန္ဒကူးကို လွတ်လပ်ခွင့် ပေးလိုက်ပြီ၊ အိမ်မှုကိစ္စတွေ လုပ်စရာမလိုတော့ဘူး'

'ဘာပြောတယ်'

'အမိန့်လေ'



www.burmeseclassic.com

www.burmeseclassic.com



'အေးပေါ့လေ၊ ဘယ်တတ်နိုင်မလဲ၊ ဒါပေမဲ့လည်း အရမ်းပျော်မနေနဲ့ဦး၊ ရယ်ပြီးရင် ငိုရတတ်တယ်တဲ့'

'စန္ဒကူးဘဝမှာ ငိုတယ်ဆိုတာ မရှိစေရဘူး၊ ကိုကို ဖေရတုနဲ့ လက်မထပ်ရလည်း ဝမ်းနည်းမယ် ထင်နေလို့လား၊ မချစ်ဘူး'

ကောင်းတယ် စန္ဒကူး၊ ညည်း အဲဒီလိုပဲ ဆက်နေလိုက်စမ်းပါ။ မကြာခင် ဒီစံအိမ်ကြီးရဲ့ အရှင်သခင်က ပျိုမဒီဖြစ်လာတော့မှာလေ။ နင်တို့ သခင်ကြီးလည်း မကြာခင် မရဏာလမ်းကို ကြွမြန်းရတော့မယ်။ ပျို စိတ်ထဲကနေ ကြိမ်းနေသည်။

'မပျိုမဒီရေ... စန္ဒကူးနဲ့ ကိုကိုဖေရတုက ဖူးစာရှင်တွေပါနော်၊ သခင်ကြီးက ပြောတယ် ကိုကိုက ကျွန်မကို ချစ်နေတာတဲ့'

'ဘာ'

မပျိုမဒီ ဒေါသတကြီး အော်ဟစ်လိုက်တာကို တွေ့ရ၍ စန္ဒကူး အရမ်းသဘောကျသွားသည်။ ရှင်ကြီးက ကြိတ်ပိုးနေတာလား။ ကျွန်မနဲ့ ကိုကို လက်ထပ်ပြီးရင်တော့ ရှင်ကြီး အလုပ်ပြုတ်ပြီသာ မှတ်ထားတော့။





စန္ဒကူး ပျော်နေ၏။ ကိုကိုက သူမကို ချစ်တယ်ဆိုတာ ဝန်ခံတယ်ဆို၍လည်း ပို၍ ပျော်မိသည်။

'သခင်ကြီးက ကိုကို မပြောဘဲနဲ့တော့ လူကြီးဖြစ်ပြီး လိမ်ညာမပြောပါဘူး'

သူမလည်း ဒီစကားကြားရတာ အရမ်းစိတ်လှုပ်ရှားနေသည်။ စန္ဒကူးတောင် ကိုကို့ကို စိတ်ဝင်စားသွားပြီလား။ တစ်နေကုန်ပဲ အိပ်ရာပေါ်မှာ လိမ့်ပိတ်အိပ်ပစ်သည်။

'စန္ဒကူး... စန္ဒကူး'

'စန္ဒကူး'

'ဟင်'

အပြင်မှ သူမနာမည်ခေါ်သံကြောင့် စန္ဒကူး အိပ်မောကျနေရာမှ လန့်နိုးသွားသည်။ အိပ်ရာပေါ်မှ လူးလဲထလိုက်၏။ တံခါးဖွင့်ပေးလိုက်တော့ ကိုကို ရပ်နေသည်။

'စန္ဒကူး မနက်ကတည်းက အိပ်နေတာဆို'

'အင်း'

'ဘာဖြစ်လို့လဲ နေမကောင်းဘူးလား'

'ကောင်းပါတယ်၊ သခင်ကြီးက စန္ဒကူး အိမ်မှုကိစ္စတွေ



www.burmeseclassic.com

www.burmeseclassic.com



လုပ်စရာမလိုတော့ဘူးတဲ့ နေတတ်သလိုနေတဲ့၊ ကိုကိုနဲ့လည်း စန္ဒကူး သံယောဇဉ်တွယ်မှ လက်ထပ်ပါတဲ့၊ အဲဒါကြောင့်လေ ပျော်ပြီး အိပ်ပစ်လိုက်တယ်'

'ဩော်... ဒီလိုလား'

စန္ဒကူးက ဇေ့ကို လုံးဝစိတ်ဝင်စားဟန်မပြ။ ဇေနှင့် လက်မထပ်ရတာကိုပင် ပျော်နေသည်။

ဇေ စိတ်မောသွားရ၏။ ဇေနှင့် စန္ဒကူးတို့ ပေါင်းဖက်မှုက မျှော်လင့်ချက်ရေးရေးလေးပဲ ရှိတော့၏။ မင်းပျော်မယ်ဆိုရင်လည်း ကိုကို ကျေနပ်ပါတယ်လေ။ စန္ဒကူးမျက်နှာလေးက ဝင်းတောက်နေသည်။

'ဘာမှ မဟုတ်ပါဘူး၊ မင်းအိပ်နေတယ်ဆိုတော့ ကိုကို စိတ်ပူတာပါ၊ မင်း ဆန္ဒအတိုင်းပဲ နေပါ၊ မင်းတစ်ခုခုဖြစ်ရင်လည်း ကိုကို့ကို ပြောနော်'

'ဟုတ်ကဲ့ပါ'

စန္ဒကူးက ပြောင်စပ်စပ် မျက်နှာလေးနှင့် အရိုအသေပေးပြီး ဟုတ်ကဲ့ပါဟု ပြောသည်။ မင်းဟာ ဘယ်အရာကိုမှ အလေးအနက်မရှိတဲ့ ကောင်မလေးပဲ။ သူပြန်ထွက်လာသည်။





'ကိုကို'

'ဟင်'

'သခင်ကြီးက ပြောတယ်၊ ကိုကိုက ကျွန်မကို ချစ်နေတယ်ဆို၊ အဲဒါ အမှန်ပဲလားဟင်'

'ဘာပြောတယ်'

'ကျွန်မ သိချင်လို့ပါ၊ ကိုကို ကျွန်မကို ချစ်လား'

'ဘာတွေ မေးနေတာလည်း စန္ဒကူး၊ အဲဒါ မိန်းကလေး မေးရမှာလားကွ'

'ဟွန်း... သိချင်လို့ပါဆို ပြောပါ ကိုကိုရာ၊ သခင်ကြီး ပြောတာ အမှန်ပဲလား'

'တော်ပြီကွာ'

'ကျွန်မတို့နှစ်ယောက် လက်ထပ်မယ်ဆိုရင် တစ်ယောက်ယောက်က ချစ်နေမယ်ဆိုရင် တော်သေးတယ်လေ၊ ကိုကိုက ချစ်ရေးဆိုမှ ကျွန်မက ပြန်ချစ်ဖို့ စဉ်းစားမိမှာ၊ ကျွန်မ သိပါပြီနော်၊ ကိုကိုလည်း ကျွန်မကို မချစ်ပါဘူး'

'ဒုန်း'

တံခါးကို ဒုန်းခနဲ ဆောင့်ပိတ်ပစ်သည်။ ဇေ နောင်တရမိသလိုလိုနှင့် စန္ဒကူးအခန်းဝမှာ ရပ်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို ဇေက ချစ်တယ်လို့ ဝန်ခံရမှာ။ ဂုဏ်သိက္ခာတွေအတွက် ဇေ့နှုတ်တွေက ဆွံ့အနေသည်။ ကိုကို့ရင်ထဲမှာ ချစ်နေမိပါပြီကွာ၊ ကိုကို ဝန်ခံချင်ပါတယ်။

ဒါပေမဲ့ ကိုကို့အသက်အရွယ်၊ ဂုဏ်သိက္ခာအရ ပြောမထွက်ဘူး။ ဖေဖေ့ကိုလည်း စန္ဒကူးရင်ထဲမှာ အမုန်းတွေ အစိုင်အခဲကြီးမသွားစေရန် လွတ်လပ်ခွင့် ပေးလိုက်ပါဟုပင်။

ဇေ့စိတ်အစဉ်ကို အမြဲတမ်း လွှမ်းမိုးနေတာက စန္ဒကူးပဲ။ တခါးပြန်ခေါက်ပြီး စန္ဒကူးမေးတဲ့မေးခွန်းကို ပြန်ဖြေလိုက်ရင် ကောင်းမလားပဲ။ မဖြစ်သေးပါဘူး။

သူ ရယ်နေမိသည်။

'သား'

'ဟင်... မေမေ'

'ဘာလုပ်နေတာလဲ၊ ဒီကောင်မလေးက သားကို တံခါးမဖွင့်ပေးဘူးလား'

'မဟုတ်ပါဘူး မေမေ၊ အခုပဲ စကားပြောပြီး ပြန်ထွက်လာခဲ့တာပါ'

'မင်း ဖေဖေကတော့ စည်းကမ်းတွေ ထုံးတမ်းစဉ်လာ





တွေကို ပယ်ဖျက်လိုက်ပြီ ထင်တယ်၊ အင်းလေ... သခင်ကြီးအမိန့်အတိုင်းပဲပေါ့'

'သားကိုယ်တိုင်ကလည်း စန္ဒကူးကို ချစ်မိနေပြီ မေမေ'

'သားချစ်ရင် မေမေ မကန့်ကွက်ပါဘူး၊ ဒါပေမဲ့ မေမေနှစ်သက်သဘောကျတဲ့ ချွေးမတစ်ယောက် မဟုတ်ဘူးနော်'

ဒေါ်တိမ်သခင်မက သားကို အချိုသပ်လိုက်သည်။ မင်းဟာမင်း ဘယ်သောက်ပဲ ချစ်နေပါစေ။ လက်ထပ်ခွင့် မရှိဘူး။ သခင်ကြီးမရှိတော့တဲ့ နောက်ပိုင်းမှာတော့ ငါ့သဘောပဲလေ။ မင်းဘာတတ်နိုင်မှာလဲ။

မိမိအား သားဇေရတုက မိခင်အရင်း မဟုတ်ဘူးဆိုတာ မသိခင် ဦးမိုးသခင်ကို ရှင်းပစ်ရမယ်။ ဒင်းက ပြောတော့မှာပါ။ မိမိနှင့် ပျို့အကြောင်းလည်း သခင်ကြီး ရိပ်မိနေပုံရသည်။ သားနှင့်လမ်းခွဲပြီး ဒေါ်တိမ်သခင်မ သခင်ကြီးအိပ်ခန်းထဲ ဝင်လာသည်။

'သခင်ကြီး'

'ပြောပါ မတိမ်ဖြူ'

မတိမ်ဖြူတဲ့၊ ရင်နာတယ်။ မိမိအား မူရင်းနေရာကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်ထားချင်ပုံပင်။ ရမလား ရှင်ကြီး ပြောင်းလဲသွားတာ ကျွန်မတို့သားအမိအကြောင်း ရိပ်မိသွားလို့ မဟုတ်လား။ ဒေါ်တိမ်သခင်မ အံကို တင်းကျပ်စွာ စေ့ကပ်ထားသည်။

'သခင်ကြီးထားရာမှာ မတိမ်ဖြူ နေပါ့မယ်၊ သခင်ကြီး အမိန့်အတိုင်းပါပဲလေ'

'မင်းက မတိမ်ဖြူနေရာပဲ တန်တယ်ထင်တယ်၊ သားဖေရဲ့ အမေနေရာနဲ့မတန်ဘူး၊ ပြီးတော့ ပျိုမဒီက မင်းရဲ့သမီးပဲ'

'ရှင်'

'မင်း သွားတော့'

'ဟုတ်ကဲ့ပါ သခင်ကြီးရယ်၊ မတိမ်ဖြူ မှားသွားပါတယ်၊ သားဖေကိုတော့ မသိစေချင်ပါဘူး၊ မတိမ်ဖြူကို ဒီအခွင့်အရေးလေးပဲ ပေးပါ၊ တောင်းပန်ပါတယ်၊ စန္ဒကူးနဲ့ လက်ထပ်ဖြစ်ဖို့လည်း မတိမ်ဖြူ အားပေးပါ့မယ်၊ အမြန်ဆုံး စီစဉ်ပေးမယ်လေ'

ရှင်ကြီးက အားလုံးသိနေတာပဲ။ မတိမ်ဖြူက အောက်ကျို့လိုက်ပြီး သခင်ကြီးအား ခြေသလုံးဖက်တောင်းပန်သည်။ ပြီးတော့ ချော့မြူယုယကာ မိမိဖျော်လာတဲ့ ကော်ဖီကိုတိုက်၏။





မိမိရင်တွေ တဒိန်းဒိန်းခုန်နေပြီး သခင်ကြီးက လိုလိုလားလား မော့သောက်ပစ်လိုက်မှ စိတ်အေးသွားရသည်။

'မတိမ်ဖြူ… မင်း… မင်း ဘာတွေလုပ်လာလဲ၊ ငါ ငါ့ရင်တွေ အရမ်းတုန်နေတယ်၊ သားကို ခေါ်ပေးပါ'

'ဟင်း… ဟင်း… ဟင်း'

'မတိမ်ဖြူ… မင်း… မင်း မိန်းမယုတ်မပဲ၊ ငါ့ကို သေကြောင်းကြံစည်တယ်'

ဦးမိုးသခင် သိလိုက်သည်။ မိမိနှလုံးတွေ တဆတ်ဆတ်တုန်ရီလာပြီး ခြေလက်တွေပင် မသယ်နိုင်တော့။ မျက်ဝန်းတွေလည်း ပြာဝေလာသည်။

'ဟွန်း… ဟွန်း… ဟွန်း၊ အဲဒါ ရှင်ကြီးကြောင့်ပဲလေ၊ ကျွန်မ အတိတ်ကို သိသွားပြီ မဟုတ်လား၊ ဘာမှ မဟုတ်ပါဘူး၊ ရှင်ကြီးသောက်နေကျဆေးကိုပဲ အလွန်အကျွံ ထည့်တိုက်မိတာပါ၊ ကျွန်မ သွားပြီနော်'

'မတိမ်ဖြူ… မင်း… မင်း… အား…'

ဦးမိုးသခင် ဘယ်လိုမှ ရပ်တည်လို့မရတော့။ အိပ်ရာပေါ်သို့ ပစ်လဲကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ရက်စက်တယ်။ မတိမ်ဖြူ ငါ မင်းကို မြှောက်စားလာခဲ့တာ မှားတာပဲ။ ငါ့သားဇော်ကို မင်းရဲ့သမီးနဲ့ လက်ထပ်ပေးတော့မယ်။ ဦးမိုးသခင် သားကိုခေါ်ဖို့ ကြိုးစားသည်။ မရ။ ဖေဖေ့ကို ကယ်ပါဦး သားရယ်။ မင်းဘယ်မှာလဲ၊ မတိမ်ဖြူတို့ သားအမိအတွက် အခွင့်အရေးတွေ ရနေပြီပဲ။

ရင်တွေက တုန်ရင်း တဖြည်းဖြည်းနှင့် ခုန်နေတဲ့နှလုံးတွေက ရပ်တန့်သွားတော့သည်။

❀



## အခန်း(၁၇)

'ဇေရေ… သားဇေ၊ ပျိုရေ… လာကြပါဦး၊ ဒီမှာ သခင်ကြီး… သခင်ကြီး'

'မေမေ… ဘာဖြစ်လို့လဲ၊ ဖေဖေ ဘာဖြစ်လို့လဲဟင်'

'သခင်မကြီး… ဘာဖြစ်တာလဲ၊ သခင်ကြီး ဘာဖြစ်လို့လဲ'

'သခင်ကြီး… အသက်မရှိတော့ဘူး၊ အိပ်ရာထဲမှာ ငြိမ်နေတယ်၊ မေမေက ဆေးသောက်ချိန်ရောက်လို့ သွားကြည့်တာပါ၊ အမလေး… သခင်ကြီးရယ်၊ သခင်မတို့ သားအမိကို ဘာဖြစ်လို့များ နှုတ်မဆက်ပဲ ထားခဲ့ရတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမ်သခင်မ ရင်ပတ်စည်တီး ငိုပစ်သည်။ အားလုံး သခင်ကြီး အိပ်ခန်းထဲ ဝင်လာခဲ့ကြ၏။ ဦးမိုးသခင် ဘာတတ်နိုင်သေးလဲ။ ရှင်ကြီးက ကျွန်မကို နေရာမှန်ပြန်ပို့ချင်တဲ့ သူလေ။ သေပြီ။ ပျိုလည်း ငိုသည်။

'သခင်ကြီးရယ်… ဖြစ်မှဖြစ်ရလေ၊ သနားလိုက်တာ ပျိုတို့ကို ထားခဲ့ပြီလား'

ဇေကတော့ အသက်ဝိညာဉ် ကင်းမဲ့နေတဲ့ ဖေဖေ့ရုပ်အလောင်းအား ကြေကွဲဝမ်းနည်းစွာ ငေးစိုက်ကြည့်မိသည်။

ယောက်ျားပီသစွာ ခံ့ညားချောမောပြီး စည်းစနစ်ကြီးမားသူပါ။ ဖေဖေ့မှာ နှလုံးရောဂါတော့ရှိသည်။ ဇေ အသေအချာ စမ်းသပ်ခဲ့၏။ နှလုံးကြောင့်ပါပဲ။

ဖေဖေ့ခန္ဓာကိုယ်က ပြာနှမ်းနှမ်း။ နှလုံးရဲ့ တိုက်ခိုက်မှုဒဏ်ကို အလွန်အမင်းခံရတဲ့ လက္ခဏာပင်။ ဇေ့မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်လျှံကျလာ၏။ ဖေဖေက ဇေ့ကို မျက်ကွယ်ပြုသွားတာ စောလိုက်တာ။

စန္ဒကူးပါ ရောက်လာသည်။

'စန္ဒကူးကြောင့်လား သခင်ကြီးရယ်၊ သခင်ကြီး ဖြစ်စေ





ချင်တဲ့ ချွေးမတစ်ယောက်ပုံစံကို စန္ဒကူးမဝင်လို့ စိတ်ထိခိုက်သွားရတာလားဟင်'

သခင်ကြီးကို ကြည့်ပြီး စန္ဒကူးရင့်ထဲကနေ ပြောမိသည်။ သခင်ကြီး ကွယ်လွန်ရတာ ရုတ်တရက်ကြီး ဆိုတော့ စန္ဒကူးပင် မယုံနိုင်။ ဒေါက်တာမ်သခင်မနှင့် ပျိုကတော့ လူးလိမ့်ငိုယိုနေကြသည်။

'သားဇေရယ်… သခင်ကြီး မရှိတော့ရင် မေမေတို့ ဘယ်လိုလုပ်ကြမလဲဟင်၊ မေမေက ဘာမှလုပ်တတ်တာ မဟုတ်ပါဘူး၊ သခင်ကြီးအမိန့်ကို အမြဲတမ်း နာခံခဲ့ရတာပါ'

'သားရှိပါသေးတယ် မေမေ၊ အားမငယ်ပါနဲ့၊ ဘယ်တတ်နိုင်မလဲလေ၊ မေမေပါ ရောဂါရသွားပါဦးမယ်၊ ပျိုလည်း မငိုပါနဲ့တော့'

'ဇေလေးရယ်'

မပျိုမဒီက အဖြစ်သည်းစွာ ကိုကိုဇေရတုကို ဖက်ငိုသည်။ Over ပဲ။ စန္ဒကူးလည်း စိတ်ထိခိုက်ကြေကွဲရ၏။ ဒါပေမဲ့ မငိုတတ်။ အရေးထဲမျက်ရည်တွေက ဘယ်ရောက်ကုန်မှန်း မသိပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီကွယ်လွန်တုန်းကလည်း စန္ဒကူး မငိုခဲ့။ ကြေကွဲမှုတွေက စန္ဒကူးရင်ထဲမှာပဲ ရှိနေခဲ့သည်။

'ဟဲ့… စန္ဒကူး၊ အံ့ပါရဲ့အေ ညည်းက မျက်ရည်တစ်စက်တောင် မကျဘူး၊ အင်းလေ… သားဖေနဲ့ အတင်းအကျပ် လက်ထပ်ပေးမယ့် သခင်ကြီးမှ မရှိတော့တာ ညည်းပျော်နေမှာပေါ့'

ဒုက္ခပါပဲ။ ယောက္ခမလောင်းကြီးက အပြစ်တင်နေသေးသည်။ စန္ဒကူးကတော့ ဒေါ်တိမ်သခင်မနှင့်မပျိုမဒီကို ဟန်ဆောင်ကြေကွဲပြနေတာဟုပဲ ထင်နေ၏။ ကြည့်ပါလား Over ဖြစ်လွန်းတယ်။

အမြဲတမ်း သခင်ကြီးအမိန့်ပဲ နာခံနေရတဲ့သူတွေ ဒီလောက်အထိ ကြေကွဲနေကြမလား။ စန္ဒကူး ထွက်လာခဲ့သည်။

'အမလေး… သခင်ကြီးရယ်၊ ခုထိ အကျောမာတုန်းပဲ သခင်မကြီးကိုတောင် မလေးစားတော့ဘူး'

ဖေ့စိတ်ထဲမှာလည်း စန္ဒကူးရိုင်းသည်ဟု ထင်သည်။ ဖေဖေသေဆုံးသွားရတာ စန္ဒကူးအတွက် ပျော်ရွှင်ခြင်းလား။ မင်းက ဒီလောက်အထိတောင် ကိုကို့ကို လက်မထပ်ချင်ဘူးလား





စန္ဒကူးရယ်။ ဖေဖေမရှိတော့တဲ့ နောက်ပိုင်း စန္ဒကူးနှင့် ဝေးကွာသွားပြီဆိုတဲ့ အသိဝင်လာသည်။

'သခင်ကြီးရယ် သခင်မကြီးတို့ သားအမိအတွက် မှီခိုအားထားရာ ရွှေတောင်ကြီး ပြိုလဲသွားပါပြီရှင်'

'ဟီး… အီး… အီး…'

'အဟင့်… ဟင့်… အဟင့်…'

ဒေါ်တိမ်သခင်မနှင့် ပျိုမဒီတို့ကတော့ အပြိုင်ငိုနေကြသည်။ သခင်ကြီးကလည်း မကြာခဏ နှလုံးကဖောက်တတ်သဖြင့် သားဖေပင် မရိပ်မိ။ အလောင်းကို အမြန်ဆုံးသင်္ဂြိုဟ်ဖို့ ဒေါ်တိမ်သခင်မ ပြောရ၏။ သခင်ကြီးရဲ့ဆန္ဒလေ။

သခင်ကြီးမရှိတော့ စံအိမ်ကြီးရဲ့အမိန့်အာဏာတွေ အားလုံးက ဒေါ်တိမ်သခင်မလက်ထဲ ရောက်လာသည်။

'သခင်ကြီးကို ချက်ချင်းသင်္ဂြိုဟ်မယ် သားဖေ၊ သခင်ကြီး ဆန္ဒပဲ၊ သူက အကြီးအကျယ် သင်္ဂြိုလ်တာတွေ မကြိုက်ဘူး၊ ကဲ… အိမ်တော်ဝန်ထမ်းတွေ ပြင်ဆင်ကြ'

သခင်မကြီးအမိန့် ဆိုတော့လည်း အားလုံးနာခံကြသည်။ ဖေကိုယ်တိုင်ပင် မိမိအမိန့်ပဲ အကြောင်းကြားစရာလည်း သိပ်မရှိ



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ နဂိုထဲက သခင်ကြီးက ပတ်ဝန်းကျင်နဲ့ ကင်းကင်းနေသည်။

'အကြောင်းကြားစရာ လူဆိုလို့ စန္ဒကူးအမေ ဒေါ်မြတ်မြတ်ပဲ ရှိတယ်၊ ခေါ်လိုက်ပါ သားဇေ၊ အင်းလေ··· သူလည်း ကြိတ်ပြီးပျော်နေမှာပဲ'

ဇေ့ရင်ထဲမှာ တင်းကြပ်နေသည်။ ဒေါ်မြတ်မြတ်ကိုယ်တိုင် ဇေတို့ အသိုင်းအဝိုင်းကို မနှစ်သက်ခဲ့။ သမီးကို ခေါ်ပြီး ဝေးရာမှာ သွားနေထိုင်ခဲ့သည်။

သူက အကြောင်းမကြားချင်ပေမယ့် ပျိုက မေမေ့အမိန့်နှင့် စန္ဒကူးမာမီ့ကို ခေါ်ခဲ့၏။ ဖေဖေ ဇေ ဘာဆက်လုပ်ရမလဲ။ ဇေနဲ့ စန္ဒကူးလက်ထပ်ဖို့ မဖြစ်နိုင်တော့ဘူးလေ။ ဖူးစာရှင်တွေ မဟုတ်ဘူးထင်တယ် ဖေဖေ။

ဝန်ထမ်းတွေက ဖေဖေ့ကို သင်္ဂြိုဟ်ဖို့ ပြင်ဆင်နေကြသည်။ ဒေါ်မြတ်မြတ်လည်း ရောက်လာ၏။ အရာရာတင်းမာနေသည်။

'ကိုမိုးသခင်ကို သေသေချာချာ စစ်ဆေးပြီးပြီလား ဇေ၊ အံ့သြဖို့ကောင်းလိုက်တာ၊ မနက်ကပဲ အန်တီမြတ်ဆီ ဖုန်းဆက်





တယ်၊ သားနဲ့ စန္ဒကူးကို အမြန်ဆုံး လက်ထပ်ဖို့ စီစဉ်ချင်တယ်တဲ့'

'မြတ်မြတ်··· ညည်း ဘာစကားပြောတာလဲ၊ အသေအချာစစ်ဆေးရအောင် ဘယ်သူ့ကို မသင်္ကာဖြစ်နေလို့လဲ'

'မဟုတ်ပါဘူး မမသခင်မရယ်၊ မြတ် အံ့သြလွန်းလို့ပါ၊ ယုံတောင်မယုံနိုင်ဘူး၊ လက်ခံဖို့တောင် ခက်နေတယ်'

'အပိုတွေ ပြောမနေပါနဲ့အေ၊ သခင်ကြီးမရှိတော့ ညည်းသမီးနဲ့ ဇေ့ကို လက်ထပ်ပေးစရာ မလိုတော့ဘူး မဟုတ်လား၊ ညည်းတို့သားအမိ ကြိုက်ပြီး ဝမ်းသာနေကြမှာပါ'

'မမ ဘယ်လိုပြောလိုက်တာလဲ၊ သခင်ကြီး ကျေးဇူးတွေက မြတ်တို့မိသားစုအပေါ် အများကြီးပါ၊ ဆပ်လို့တောင် မကုန်ဘူး'

'တော်ပါတော့ဗျာ၊ ဖေဖေ သေဆုံးသွားပါပြီ၊ ဖေဖေ့ဆန္ဒဆိုတာလည်း ဖေဖေနဲ့အတူတူ မြေမြုပ်သင်္ဂြိုဟ်ပစ်လိုက်ပါတော့'

'မောင်ဇေရတု'

'သားဇေ'



www.burmeseclassic.com

www.burmeseclassic.com



ထပြီး ခုန်ပေါက်ကပစ်ချင်သည်အထိ ဝမ်းသာပျော်ရွှင်သွားရသူက ဒေါ်တိမ်သခင်မနှင့် ပျိုမဒီတို့ပင်။ ဇေကိုယ်တိုင်က အပြတ်သားဆုံး ငြင်းပယ်ပစ်လိုက်၍ ဖြစ်သည်။

'မောင်ဇေရတု… ဒီကိစ္စတွေ နောက်မှပြောသင့်တယ်၊ ကိုမိုးသခင်တောင် မသင်္ဂြိုဟ်ရသေးဘူးလေ'

'ဇေ့ဆုံးဖြတ်ချက်ပါ'

ဒေါ်မြတ်မြတ်ကို မနက်က ဖုန်းဆက်ပြောတဲ့ စကားများထဲတွင် ဒေါ်တိမ်သခင်မကို မယုံကြည်တော့ကြောင်းပါသည်။

'မြတ်မြတ်… သားနဲ့စန္ဒကူးလေးကို အမြန်ဆုံးလက်ထပ်ပေးကြရအောင်၊ သခင်ကြီးကတော့ ဒေါ်တိမ်သခင်မကိုတောင် မယုံတော့ဘူး'

'ဘာဖြစ်လို့လဲ အစ်ကိုကြီး၊ မမသခင်မက သားဇေရဲ့ မိခင်ပဲလေ၊ ကိုယ့်သား အဖိုးတန်လေးကို မြတ်တို့ သမီးနဲ့ ဘယ်သဘောတူပါ့မလဲ၊ မြတ်တောင် သဘောမတူလို့ အစ်ကိုကြီးတို့ ဘက်က ပျက်ကွက်ပါစေလို့ ဟိုအရင်ထဲက ဆုတောင်းနေခဲ့တာပါ'

'ဒီကိစ္စက မြတ်မြတ်တို့ အခြေအနေနဲ့ မတူဘူးလေ၊





အစ်ကိုကြီး ရှင်းပြချင်တယ်၊ မြတ်မြတ်တို့မသိသေးတဲ့အကြောင်းအရာတွေ ရှိတယ်၊ အစ်ကိုကြီးတို့ တွေ့ကြရအောင်'

'ရှင်'

'သားဇေကိုယ်တိုင်လည်း စန္ဒကူးလေးကို ချစ်နေပြီ၊ သူတို့က ပူးစာရင်တွေပါ၊ ဒါပေမယ့် အကြံပက်စက်ပြီး နှောင့်ယှက်ဖျက်စီးဖို့ ကြံစည်နေကြတဲ့သူတွေလည်း ရှိတယ်'

'ဟင်'

'အစ်ကိုကြီး ပြောပြမယ်၊ တွေ့မှပြောမယ်လေ'

ကိုမိုးသခင်ပြောသွားတဲ့ စကားအဓိပ္ပာယ်တွေက ဘာတွေလဲ။ အသေစောလိုက်တာ၊ ဒေါ်တိမ်သခင်မကို မယုံကြည်ဘူး ဆိုတာ ဘာသဘောလဲ။ ဇေကိုယ်တိုင်က သမီးနှင့် လက်ထပ်ပွဲအတွက် ငြင်းပယ်နေသည်။

'ကဲ… သခင်ကြီးကို ကန်တော့ကြလေ၊ မီးသင်္ဂြိုဟ်ဖို့အတွက် စီစဉ်တော့မယ်'

ဒေါ်တိမ်သခင်မက သခင်ကြီးကို ဘာဖြစ်လို့များ ဒီလောက်အထိ အရေးတကြီး သင်္ဂြိုဟ်ချင်နေရတာလဲ။ ဒေါ်မြတ်မြတ်ကတော့ စိတ်ထဲမှာ မသင်္ကာမိ။ ဒါပေမယ့် ဘာပြောနိုင်တော့



www.burmeseclassic.com

www.burmeseclassic.com



မလဲ။ မိမိပဲ အလွန်ဖြစ်မှာပါ။ သခင်ကြီးကို သဂြိုဟ်ဖို့ လုပ်နေသည်။

'မာမီ'

'စန္ဒကူး'

'ဒေါ်တိမ်သခင်မနဲ့ မပျိုမဒီက သမီးကို ညှင်းပန်းနှိပ်စက်နေတာပါ'

'မာမီ သိပါတယ်၊ ဘယ်တတ်နိုင်တော့မလဲလေ၊ အခြေအနေကြည့်ပြီး နေကြတာပေါ့'

စန္ဒကူးလည်း သခင်ကြီးအတွက် နာကျင်ကြေကွဲနေသည်။ ပြီးတော့ ကိုကိုဇေရတုကို စန္ဒကူးချစ်မိသွား၏။ ထူးဆန်းလိုက်တာ ဒါပေမဲ့လည်း ကိုကိုကတော့ စန္ဒကူးကို မုန်းသွားပြီလား။

မာမီ့ရင်ခွင်ထဲ စန္ဒကူး တိုးဝင်ဖက်ထားမိသည်။

'စန္ဒကူး အရမ်းမှားသွားပြီ မာမီ၊ ကိုကိုဇေရတုက စန္ဒကူးကို အရမ်းဂရုစိုက်ခဲ့တာပါ၊ သမီးလေ… သမီး'

'သမီးရယ်'

ဒေါ်မြတ်မြတ် ထင်ထားတာက မောင်ဇေရတုကို သမီး





မချစ်ဘူး ထင်ခဲ့တာပါ။ အခုတော့ သမီးနှလုံးသားထဲမှာ မောင်ဇေရတုက ရှိနေသည်။

'သားနဲ့ သမီးက ဖူးစာရှင်တွေပါ မြတ်မြတ်၊ သခင်ကြီး သိပါတယ်၊ ဘယ်တော့မှမကွဲဘူး၊ ပေါင်းဖက်ကြရမှာပါ'

သခင်ကြီး ပြောတဲ့စကားတွေကို ကြားယောင်နေရင်း ဝမ်းနည်းကြေကွဲရသည်။ ဖေကာ လက်ထပ်ဖို့ ကိစ္စ ပျက်ပြယ်သွားပြီတဲ့။ သမီးစန္ဒကူး မျက်ဝန်းလေးတွေထဲမှာ မျက်ရည်တွေ ပြည့်နေသည်။

'သခင်ကြီးနဲ့အတူ သခင်ကြီးရဲ့ဆန္ဒတွေက ပျောက်ကွယ်သွားတော့မယ် ထင်တယ်နော်'

'အင်းလေ… ဖူးစာရှင်မှန်ရင်တော့ ဘယ်လိုလူကမှ လာပြီး ဖျက်ဆီးပစ်လို့မရပါဘူး၊ ကူးလေးရယ်'

'အင်းနော်'

'လာလေ… သခင်ကြီးကို နောက်ဆုံး ဂါရဝပြုရမယ်၊ လောလောဆယ်တော့ သခင်မကြီး အမိန့်ပဲလေ၊ မတတ်နိုင်တော့ပါဘူး'

ရှင်းလင်းစရာရှိတာတွေကို အေးအေးဆေးဆေးမှ ရှင်းရ



www.burmeseclassic.com

www.burmeseclassic.com



မည်။ လောလောဆယ်မှာ မိမိအမှားဖြစ်မယ်။ သခင်ကြီး နောက်ဆုံးပြောခဲ့တဲ့ စကားတွေကို အသံသွင်းထားခဲ့သည်။

ဒေါ်တိမ်သခင်မကို သံသယဖြစ်နိုင်ပေမယ့် သခင်ကြီးအား သတ်တဲ့အထိတော့ အထောက်အထား မရှိပေ။

ဒေါ်မြတ်မြတ် မကျေနပ်ပေ။ ကံကြမ္မာပဲလေ။ သခင်ကြီးရုပ်ကလပ်အား ကန်တော့ရန်လာတော့ သားအမိနှစ်ယောက်ကို ဒေါ်တိမ်သခင်မက တင်းတင်းမာမာ ဆက်ဆံနေသည်။ သင်္ဂြိုဟ်ပြီးတာနှင့် ထွက်သွားစေချင်တဲ့သဘော ပြနေကြ၏။ မောင်ဇေရတုကိုယ်တိုင်က စိမ်းနေသည်။

'သခင်ကြီးကို သင်္ဂြိုဟ်ပြီးတာနဲ့ မြတ်မြတ်သမီးကို ခေါ်ပြီး ပြန်ကြပါ၊ ပတ်သက်စရာအကြောင်းလည်း မရှိတော့ဘူးလေ'

ဒေါ်မြတ်မြတ်ကလည်း ပြန်ဖို့ပဲ ဆုံးဖြတ်ထားသည်။ ပြီးပြီပေါ့ ဖူးစာမရှိကြလို့ပဲလေ။ မိမိ မကျေနပ်တာက သခင်ကြီးအလောင်းအား ဒေါ်တိမ်သခင်မက အလောတကြီး မီးသင်္ဂြိုဟ်ပစ်ဖို့ ပျာယာခတ်အောင် မလိုအပ်ဘဲ စီစဉ်နေခြင်း ဖြစ်သည်။



## အခန်း(၁၈)

သခင်ကြီးအား မီးသင်္ဂြိုဟ်ပြီးတော့ စန္ဒကူးအတွက် ပြန်ဖို့ပဲရှိသည်။

ကိုကိုဇေရတုကိုယ်တိုင်ကပင် အေးစက်စက်။ ဒေါ်တိမ်သခင်မက ပြန်ကြတော့ အမိန့်တဲ့။ စန္ဒကူး ဘာဖြစ်သွားရတာလဲ။ ကိုကိုနှင့်လက်ထပ်ဖို့ ဘယ်တုန်းကမှဆန္ဒမရှိတဲ့ သူမနှလုံးသားတွေက ဒေါ်တိမ်သခင်မကိုပင် ခြေသလုံးဖက်၍ သခင်မကြီးထားရာမှာ နေပါ့မယ်။ ထုံးတမ်းစဉ်လာတွေအတိုင်း နေထိုင်လိုက်နာပါ့မည်ဟု တောင်းပန်ချင်သည်။

'စန္ဒကူး… ညည်းက ငါ့သားကို လက်ထပ်ချင်တာမှမဟုတ်ဘာပဲ၊ အမွေတမ်း ပြဿနာရှာနေတာလေ၊ အခုတော့



www.burmeseclassic.com

www.burmeseclassic.com



ငါ့သားဖေနဲ့ လက်ထပ်စရာ မလိုတော့ဘူး၊ အားလုံး ပြီးဆုံးသွားပါပြီ၊ ပြန်ကြပါတော့'

'စန္ဒကူး… တောင်းပန်ပါတယ် သခင်မကြီး၊ ကိုကိုနဲ့ လက်ထပ်ချင်ပါတယ်'

'ဘာ'

'စန္ဒကူး မှားသွားပါတယ်၊ ကိုကိုနဲ့ လက်ထပ်ပါရစေ၊ သခင်မကြီး ချမှတ်ထားတဲ့ ထုံးတမ်းစဉ်လာ စည်းကမ်းတွေနဲ့ နေထိုင်ပါ့မယ်၊ ကိုကို့ဇနီးကောင်းဖြစ်ဖို့လည်း ကြိုးစားသင်ယူပါ့မယ်'

သခင်မကြီးမျက်နှာက တင်းမာခက်ထန်သွားသလို ကိုကို့အကြည့်တွေကလည်း ဆတ်ခနဲ မော့ကြည့်ပြီး အကြည့်ကို ပြန်လွှဲပစ်သည်။

'ဘာလဲ၊ ငါ့သားရမယ့် အမွေတွေအတွက်လား စန္ဒကူး၊ အဲဒါ မဖြစ်နိုင်ဘူး၊ ကျုပ် လုံးဝသဘောမတူဘူး၊ သခင်ကြီးမရှိမှ ငါ့သားကို လက်ထပ်ပါ့မယ်ပြောတာ မရိုးသားမှုပဲ'

'စန္ဒကူး တောင်းပန်ပါတယ်၊ သခင်ကြီးက စန္ဒကူးကို ကိုကိုက ချစ်နေတယ်လို့ ပြောလိုက်ထဲက ကိုကို့ကို စန္ဒကူးချစ်မိသွားရတာပါ'





'အပိုတွေ… ညည်းအကျင့်စရိုက်ကို ငါ မကြိုက်ဘူး၊ ပြန်ကြတော့၊ ညည်း မူရာမာယာ များမနေနဲ့တော့၊ ပြန်ကြ၊ ချက်ချင်းပဲ၊ ငါတို့ခြံထဲက ထွက်သွားကြစမ်း'

ဒေါ်တိမ်သခင်မ အော်ဟစ်မောင်းထုတ်ပစ်သည်။ ရမယ်ထင်လား၊ ဇေက ငါ့သမီး ဖို့အတွက်ပဲ ဖိုနဲ့ လက်ထပ်ပေးမယ်။ တကယ့် ဖူးစာရှင်အစစ်က ဖိုပဲ။ ဒီဟာမလေးကို အမြန်ဆုံးထွက်သွားစေချင်သည်။

'ကိုကို'

'ဟင်'

'စန္ဒကူး ကိုကို့ကို ချစ်တယ်'

'ဟဲ့… ကောင်မလေး၊ နင် အရှက်မရှိလိုက်တာ၊ သခင်ကြီးရှိတုန်းက နင်ပဲ ငြင်းနေတာ၊ အခု ငါ့သားအမွေတွေအတွက် နင်အရှက်မရှိ လာပြောနေတယ်၊ သားဇေ မင်းယုံလား၊ မာယာတွေများနေတာ၊ မင်းကို ချစ်တာမထင်နဲ့၊ မင်းရမယ့် အမွေတွေ မက်နေကြတာ၊ ဟန်တောင်မဆောင်နိုင်ကြတော့ဘူး၊ အမျိုးယုတ်တွေ'

စန္ဒကူးက ဘာမှဆက်မပြောတော့ဘဲ ကိုကို့မျက်ဝန်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို စူးခနဲ စိုက်ကြည့်ကာ လှည့်ထွက်လာခဲ့သည်။ ကျွန်မရင်ထဲက စကားတွေကို ပြောပြီးပြီပဲ ကိုကို၊ အမွေတွေအတွက် မဟုတ်ဘူးနော်၊ ကျွန်မလည်း ချမ်းသာတဲ့ သူဌေးသမီးလေး တစ်ယောက်ပါပဲနော်။

ဒါပေမဲ့ ကျွန်မနလုံးသားတွေက ထူးဆန်းစွာနဲ့။ ကိုကို့ကို ချစ်မိနေတယ်။ ဒေါ်တိမ်သခင်မပြောသလိုပဲ အားလုံးက ပြီးဆုံးသွားပါပြီလေ။ ကျွန်မ သွားပါတော့မယ်၊ သူမနှင့် မာမီပြန်ထွက်လာခဲ့ကြသည်။

'သားဖေ…တွေ့လား၊ သခင်ကြီးက ဒင်းကြောင့် စိတ်သောကတွေရောက်ပြီး သေရတာ၊ ဒင်းပဲ မရှိမသေနဲ့ ပြဿနာတွေရှာနေတာ'

ဖေ ဘာဆက်လုပ်ရမလဲ၊ စန္ဒကူးကိုတော့ ဖေ မယုံပေ။ မေမေပြောတာလည်း ဖြစ်နိုင်တယ်။ အမွေတွေကြောင့်ပဲ ဖြစ်မှာပါ။ စန္ဒကူး မင်းက တော်တော်လေး မာယာများတာပဲ။ အရှက်မရှိလိုက်တာကွာ၊ ငါ့ကို ချစ်တယ် ဟုတ်လား၊ ငါက မင်းအတွက် မက်မောစရာတွေ ပြည့်နှက်နေတာပဲ မဟုတ်လား။

စန္ဒကူးတို့သားအမိ ထွက်သွားကြပြီ ဖြစ်သည်။ သူ





စိတ်တွေကို ထိန်းချုပ်ထားသည့်ကြားမှပင် စန္ဒကူးကို တမ်းတလွမ်းဆွတ်သလိုလို ရင်တွေဟာ ကျန်ရစ်ခဲ့၏။ စန္ဒကူးစကားတွေက ယုံကြည်နိုင်စရာမရှိပေမယ့် ဖေ ခံစားနေသည်။

'ပျို'

'အမိန့်ရှိပါ သခင်မကြီး၊ သားဖေ အနားယူပါစေ၊ အိပ်ခန်းထဲ ပို့ပေးလိုက်ပါကွယ်'

ပျိုကလည်း ဖေ့လက်မောင်းလေးကို ဆွဲမထူသည်။ စန္ဒကူး ညည်းဘာမှ မတတ်နိုင်တော့ဘူး မဟုတ်လား။ ဖေ့ကို ငါပိုင်ပြီ။ ဖေကို ဖေးဖေးမမနှင့် အခန်းထဲခေါ်လာသည်။

'ဖေ'

'ဗျာ'

'နေမကောင်းဘူးလား၊ မျက်နှာလေး အရမ်းညှိုးငယ်နေတာပဲကွယ်'

'ဘာမှ မဖြစ်ပါဘူး ပျို'

'ဖေရယ်… ဖေ့ကိုကြည့်ရတာ သံပတ်ပေးထားတဲ့ စက်ရုပ်လေးလိုပဲ၊ ပျို အရမ်းစိတ်ထိခိုက်ရတယ်'

ဖေ့ပါးပြင်လေးနှစ်ဖက်ကို ပျိုက သူမလက်ဝါးပြင်တွေနှင့် ထိကပ်ဖျစ်ညှစ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဇေ နေကောင်းပါတယ် ပျို၊ ထားခဲ့ပါ'

'ဇေ'

'ဟင်'

'ပျို့ကို ကြည့်ပါဦးကွယ်'

ပျို့ရဲ့ညှိုးမြူမျက်ဝန်းတွေကိုမြင်မိရင်း ဇေ အထိတ်တလန့် ဖြစ်သွားသည်။

ဖေဖေက ပျို့ကို အစေအပါးတစ်ယောက်ကဲ့သို့ပဲ ဆက်ဆံစေ၏။ ဇေ့အနေနှင့် တခြားမိန်းကလေးတစ်ယောက်ကို ချစ်ခွင့်မရှိပေ။ အမှန်အတိုင်းဝန်ခံရရင်တော့ သူ့ရင်ထဲမှာ စန္ဒကူးအား တမ်းတလွမ်းဆွတ် သတိရနေသည်။

ဒေါ်တီမ်သခင်မလည်း သမီးပျို့ဆန္ဒတွေကို လိုက်လျောဖြည့်ဆွမ်းပေးဖို့ ဆုံးဖြတ်လိုက်သည်။ သားဇေနှင့်ကိစ္စ အမြန်ဆုံးပြတ်သွားအောင် လုပ်ရမည် ဖြစ်၏။ အချိန်ဆွဲမနေတော့ဘဲ သားဇေ အိပ်ခန်းထဲ ဝင်လာခဲ့သည်။

'သားဇေ'

'မေမေ'

'သားလေး စိတ်ထိခိုက်နေမယ်ဆိုတာ မေမေ သိပါတယ်လေ'





သားဇေကို မိမိရင်ခွင်ထဲ ပွေ့ဖက်ပြီး ခေါင်းလေးကို မွှတ်သပ်ပေးသည်။ ဇေက မိခင်ကို ချစ်၏။ မိခင်စကားကိုလည်း နားထောင်တဲ့ သားလိမ္မာလေးပါ။ မိမိကိုလည်း မိခင်အရင်းဟု ပင် ထင်မှတ်နေသည်။

'သခင်ကြီး မရှိတော့တဲ့အချိန်မှာ အရာရာ သားရှေ့ရေးအတွက် မေမေပဲ စီစဉ်ဆောင်ရွက်ပေးရတော့မယ်၊ ပြီးတော့ မေမေလည်း သခင်ကြီးလို ရုတ်တရက် သေဆုံးသွားခဲ့ရင် သားအတွက် စိတ်အေးသွားစေချင်တာယ်'

'သား ဆရာဝန်တစ်ယောက်တောင် ဖြစ်နေပါပြီ မေမေ၊ ဘာမှ စိတ်မပူပါနဲ့'

'မဟုတ်သေးပါဘူး၊ မေမေကတော့ စီစဉ်သွားရမှာပဲ၊ မေမေ့အမိန့်လေ'

'မေမေ ဘာပြောချင်တာလဲ၊ ဇေတစ်ယောက်တည်း နေပါရစေ'

'မေမေကတော့ ချွေးမ ရှာထားပြီးပြီလေ'

'ဗျာ'

'ပျို့လေ'

'မေမေ'

'သား ဘဝရှေ့ရေးအတွက် အသင့်တော်ဆုံး အပြည့်...



www.burmeseclassic.com

www.burmeseclassic.com



ဆုံး ဇနီးကောင်းက ပျိုမဒီပဲ၊ မေမေလက်ခံနိုင်မယ့် ချွေးမလေ'

'မေမေ မဖြစ်နိုင်ပါဘူး၊ ပျိုနဲ့ဇေ ဘယ်လိုမှ မလိုက်ဖက်တာပါ၊ သား လက်မခံပါရစေနဲ့'

'မင်း လက်ခံရမယ် ဇေ၊ မေမေ့အမိန့်ပဲ၊ မင်းလက်ခံပါ စန္ဒကူးက မင်းရဲ့ ဖူးစာရှင် မဟုတ်လို့ သခင်ကြီးသေဆုံးရတာလေ၊ အခု မေမေ့ဆန္ဒပြည့်ပြီ၊ ပျိုပဲ သားဇေရဲ့ ဖူးစာရှင်အစစ်အမှန်ပါ'

'ပျိုကို အစ်မတစ်ယောက်လို့ပဲ သတ်မှတ်ထားပါတယ်'

'သခင်ကြီးမရှိတော့ရင် အရာရာ မေမေ့အမိန့်ကိုပဲ နာခံရမယ် ဇေ၊ သားဇေက မေမေ့စကားကို မဖယ်ရှားသင့်ပါဘူး အမိန့်ပဲလေ'

တစ်လအတွင်း လက်ထပ်ဖို့ကိစ္စကို စီစဉ်မည့်အကြောင်း သားဇေကို အပြတ်သားဆုံးပြောခဲ့သည်။ သခင်ကြီးရှိစဉ်ကတည်းကပဲ သားဇေက မိဘစကားကို တသွေမတိမ်းနာခံရ၏။ မေမေ ရွေးချယ်ထားတဲ့ သားဇနီးလောင်းက ပျိုပဲလေ။ မင်း လက်ထပ်ရမယ်။ ပျို့လက်ထဲမှာ မင်းကိုအပ်ထားမှ မေမေအသေဖြောင့်မှာပါသားရယ်ဟု မျက်ရည်အပြည့်နှင့်ပြောပြီး ပြန်ထွက်ခဲ့သည်။

❀



## အခန်း(၁၉)

'ကိုကို့ကို စန္ဒကူး ချစ်တယ်'

စန္ဒကူးပြောသွားတဲ့ စကားတွေကို သူကြားယောင်ပြီး ဆောင်တည်ရာမရအောင် ပေါက်ကွဲချင်နေသည်။

မေမေ့အမိန့်နှင့် ပျိုကို လက်ထပ်ရတော့မည်။ မေမေ သဘောကျတဲ့ ချွေးမတဲ့။ ပျိုက ဇေ့ကို အမြဲတမ်း ပြုစုယုယပေးခဲ့တဲ့ မိန်းမတစ်ယောက် ဖြစ်နေပေမယ့် ဇေ ဇနီးအဖြစ်ပေါင်းဖက်ဖို့ မဖြစ်နိုင်ပေ။

ကိုကို ဘာဆက်လုပ်ရမလဲ စန္ဒကူး။ ကိုကို့ ဖူးစာရှင်က ဘယ်သူလဲကွာ။ ကိုကိုဖြစ်စေချင်တာက မင်းပဲ။ မေမေ့စကားကိုလည်း ဇေ ငြင်းဆန်လို့မဖြစ်ပေ။ မိဘစကားတွေကို ဇေ ငယ်စဉ်လေးကတည်းက နာခံရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကိုကို ရူးချင်နေပြီ စန္ဒကူးရေ၊ မင်းအတွက် ကိုကို ဘာဆက်လုပ်ရမလဲ၊ ဘယ်လိုပဲဖြစ်ဖြစ် မင်းငွေမက်တဲ့ ကောင်မလေးပဲဖြစ်ဖြစ် ကိုကိုချစ်တာ မင်းပဲလေ၊ ကိုကို့ ဖူးစာရှင်က မင်းပဲ ဖြစ်စေချင်တယ်'

မေမေကတော့ ပျိုနှင့် လက်ထပ်ပေးဖို့ စီစဉ်နေသည်။ ဖေ ငြင်းခွင့်မရှိ။ ဖေဖေမရှိတော့လို့ မေမေ့ကို မလေးမစား ကလန်ကဆန် လုပ်တာမျိုးလည်း ဖေမလုပ်လိုပေ။ မေမေ့ကိုလည်း ချစ်သည်။ မေမေ့ဆန္ဒကို ဖေ ဖြည့်ဆွမ်းပေးရမည် ဖြစ်၏။ တစ်ခါတစ်ရံ စည်းတွေဘောင်တွေကြားမှ သူ့ဘဝကိုလည်း မုန်းတီးနေမိသည်။

'ပျိုက သားဘဝတစ်လျှောက်လုံးအတွက် အကောင်းဆုံး ရွေးချယ်သင့်တဲ့ ဇနီးလောင်းပဲ၊ ပျိုက သားအပေါ် သည်းခံမယ်၊ သားကို အနစ်နာခံ ပြုစုမယ်၊ သားထက်ငယ်တဲ့ စန္ဒကူးဆိုရင် သားဟာစိတ်သက်လုံး စိတ်ညစ်နေရမယ်၊ ဒီကောင်မလေးက ငွေမက်တယ်၊ ရိုင်းတယ်၊ ထင်ရာစိုင်းမှာလေ'

ဖေဖေရှိစဉ်ကတောင် မေမေက ဒီလောက်အထိ စန္ဒကူးနှင့် လက်ထပ်ဖို့ ကန့်ကွက်နေတာပါ။ သူ ဘာပဲဖြစ်ဖြစ် ပျိုနှင့် မလွဲမသွေ လက်ထပ်ရမည် ဖြစ်သည်။





'ဖေ'

'ဟင်'

'ဖေလေး… ဆေးရုံသွားရမယ် မဟုတ်လား၊ ထတော့လေကွယ်၊ ရေချိုးခန်းထဲ ဝင်တော့လေ၊ ပျို စားစရာတွေ ပြင်ပြီးပြီ'

ပျိုက သူ့အပေါ် ဇနီးမယားတစ်ယောက်လို ဆက်ဆံနေသည်ဟု ထင်လာသည်။ ထို့ကြောင့်ပင် ဘာမှ ပြောမနေတော့ဘဲ ရေချိုးခန်းထဲ ပြေးဝင်လာခဲ့၏။ စိတ်ညစ်တယ်။ အဲဒီလိုကြီး မဆက်ဆံချင်ဘူး။ သူ့အသိထဲမှာ ပျိုက သူ့အထိန်းတော် အစေအပါးတစ်ယောက်ပဲ ဖြစ်နေသည်။ ရေချိုးခန်းထဲမှာ အကြာကြီးနေတော့ အပြင်မှ ပျိုက တံခါးဖွင့်နိုင်းနေသည်။

'ဖေရေ… ကြာတယ်၊ ဒီလောက်အထိ ရေမချိုးနေနဲ့လေ၊ အအေးပတ်မယ်၊ ထွက်တော့၊ တံခါးဖွင့်စမ်း'

'ဒုန်း… ဒုန်း…'

'ဖေ'

သူ အပြင်ထွက်ခဲ့ရသည်။ ပျိုက သူ့အဝတ်အစားက အစ ပြင်ဆင်ပေးထား၏။ စိတ်ညစ်တယ်။ စိတ်ရှုပ်တယ်။ သူ



www.burmeseclassic.com

www.burmeseclassic.com



လုံးဝမပျော်တော့ဘူး။ ပျို့ ရှိနေတာကိုပင် စိတ်ရှုပ်နေသည်။

'ဇေကြိုက်တဲ့ အုန်းနို့ခေါက်ဆွဲလေ၊ အစ်မပျို့ချက်ထားတယ်၊ ထမင်းချိုင့်လည်း ဇေကြိုက်တဲ့ ဟင်းတွေ အသုပ်တွေပဲ ပြင်ထားပြီးပြီကွယ်'

ပျို့ကို သူ့ပတ်ဝန်းကျင်မှာ သိထားတာက သူ့အထိန်းတော်ပင် အစေအပါးတစ်ယောက်ပါ။ မေမေက ဘာဖြစ်လို့များ ချွေးမအဖြစ် လက်ခံချင်ရတာလဲ၊ ရှက်စရာကောင်းသည်။

'ပျို့ကို သေသေချာချာ ကြည့်ပါဦး ဇေရယ်၊ ဘာဖြစ်နေတာလဲ၊ ဒီလောက် နှစ်ပေါင်းများစွာ အတူနေလာတာ၊ ပျို့ပဲ တယုတယနဲ့ ဇေ့ကို ပြုစုယုယလာခဲ့ရတာပါ'

ဇေ့လက်မောင်းတွေကို ဖက်တွယ်ပြီး ဇေ့မေးစေ့လေးကို ဆွဲမော့ကာ ပျို့နှင့် မျက်နှာချင်းဆိုင်စေသည်။ မေမေကတော့ လက်ထပ်ပွဲ ဖြစ်မြောက်ရေးအတွက် ဥပဒေပညာရှင်တွေနှင့် ညှိနှိုင်းကာ အိမ်ဝင်းထဲမှာပဲ ကျင်းပဖို့ စီစဉ်နေသည်။

'ပျို့ကို မစိမ်းပါနဲ့ ဇေရယ်၊ ပျို့လေ ဇေ့ကို အရမ်းချစ်ခဲ့ရတာပါ၊ ကံကောင်းလို့ ဇေနဲ့ လက်ထပ်ခွင့်ရတဲ့သူပါနော်'

ဇေ ဘာမှမပြောချင်တော့ဘူး။ ပျို့အသံလည်း မကြား





ချင်ပေ။ ဒါပေမဲ့ ဇေ လွဲဖယ်လို့ မရဘူးဆိုတဲ့အသိပဲ ရှိသည်။ မေမေကြောင့်ပါ။ မိတ်ဆွေ နည်းနည်းဖိတ်ပြီး ဘုန်းကြီးဆွမ်းကပ်ပြီး တရားဝင်လက်မှတ်ထိုးပွဲလေးလောက်ပဲလုပ်လို့ သူ နည်းနည်းလေး စိတ်သက်သာရသည်။

'နောက်တစ်ပတ်ဆို ပျို့နဲ့ ဇေ ဇနီးမောင်နှံတွေ ဖြစ်ကြတော့မှာပါ၊ ဇေ ရှက်နေလားဟင်၊ မရှက်ပါနဲ့ကွယ်၊ မင်းဘဝအတွက် အလိုအပ်ဆုံးက ပျို့ပါ'

'ဖယ်ပါ ပျို့၊ ဇေ တောင်းပန်တာပါ၊ ဒီလိုအခြေအနေကို ဇေ လက်ခံနိုင်ဖို့တော့ အများကြီးအချိန်ယူ ကြိုးစားရဦးမယ်၊ အချိန်ပေးပါ'

'ဇေက စိမ်းသွားတာကို ပျို့ဘယ်လောက် စိတ်သောကတွေ ရောက်နေရလဲ'

'ဇေ တောင်းပန်ပါတယ်ဗျာ၊ မေမေ့ဆန္ဒအရ ပျို့နဲ့ လက်ထပ်ပါ့မယ်လို့ ကတိပေးထားပြီးပါပြီ'

'ဇေ့ဘက်က စိမ်းနေတော့ ပျို့အရမ်းစိတ်ပူရတယ် သိလား'

'တောင်းပန်ပါတယ်၊ **ဇေ့ကို အချိန်ပေးပါဗျာ**'



www.burmeseclassic.com

www.burmeseclassic.com



'အေးပါကွယ်၊ ဖေလေး ဆန္ဒအတိုင်းပါပဲ၊ ပျို့က ဖေ ထားရာနေ စေရာသွားမှာပါ'

ပျို့က သူ့လက်ကိုဆွဲကာ စားသောက်ခန်းထဲ ခေါ်လာသည်။ မေမေလည်း ရှိနေ၏။ မိသားစုမျက်နှာချင်းဆိုင် မနက်စာ စားကြသည်။

'သားဖေ'

'ပြောပါ မေမေ'

'ပျို့နဲ့ သားဖေတို့ မင်္ဂလာဦးဆွမ်းကျွေးပွဲကို မင်းသူငယ်ချင်း ဆယ်ယောက်လောက် ဖိတ်ပါ'

'မဖိတ်တော့ပါဘူး မေမေ၊ သားပတ်ဝန်းကျင်နဲ့ မပတ်သက်ချင်တာပါ'

'ဖိတ်ရမယ်၊ ဒါမှ ပျို့အတွက်လည်း ကောင်းမှာလေ၊ ပတ်ဝန်းကျင်ကိုတော့ အသိအမှတ်ပြုအောင် လုပ်ရမယ်၊ ဖိတ်ပါ'

မေမေက ဖိတ်စာဆယ်စောင်ပေးတော့ ဖေ စိတ်ညစ်သည်။ သူ့အသိုင်းအဝိုင်းထဲသို့ ဒီမိန်းမကို ဘယ်လိုသွင်းမလဲ။ မေမေက ဖွတ်စီစဉ်နေ၏။ မဖိတ်လို့ မရ။

သားရဲ့ဆန္ဒကို မေမေက ဖေဖေ့ထက်ပင် ဂရုမစိုက်ဘဲ လုပ်နေသည်ဟု ထင်သည်။





'မင်း ဖိတ်ဖြစ်အောင်ဖိတ်နော်၊ ပျို့အတွက်လည်း စဉ်းစားပေးရမယ်၊ ပျို့ပဲ မေမေ့ချွေးမအစစ်အမှန်၊ ငယ်ငယ်လေးကတည်းက မေမေ ရည်မှန်းထားတာနော်'

'ဟုတ်ကဲ့ပါ မေမေ'

ဖေ ဘယ်လိုမှ လွဲဖယ်မရနိုင်တော့ကြောင်း သိလိုက်သည်။ ထွက်သွားချင်လာ၍ အုန်းနို့ခေါက်ဆွဲကို အမြန်စားသည်။ ပျို့က အသားတွေထည့်ပေးရင်း တယုတယ ပြုစုနေတာ ဖေ မကြိုက်။

မေမေ့ရှေ့မှာဖြစ်နေ၍ ငြိမ်သက်နေရသည်။

'ဖေသွားပြီ မေမေ'

'သားဖေ မင်းဖိတ်နော်၊ သခင်ကြီးမရှိတော့တာနဲ့ မေမေ့ကို မလေးမစားမလုပ်ပါနဲ့ ဖေ'

'ဟုတ်ကဲ့ပါ မေမေ၊ ဖေ ဖိတ်ပါ့မယ်၊ မေမေ့ကို ဖေ စိတ်အနှောင့်အယှက် ဖြစ်အောင် မလုပ်ပါဘူး၊ လောလောဆယ်တော့ ဖေ့ကို အချိန်ပေးပါ'

'အင်းလေ... လက်ထပ်ပြီးရင်တော့ သူဟာနဲ့သူ ဖြစ်သွားမှာပါလေ၊ မင်းက သားလိမ္မာပါ၊ မေမေ့ဆန္ဒကို မင်း ဖြည့်စွမ်းပေးမယ် မဟုတ်လားကွယ်'



www.burmeseclassic.com

www.burmeseclassic.com



ဖေ ထလာခဲ့သည်။ စန္ဒကူး မင်းကြောင့်ပဲ။ တကယ်လို့သာ ဖေဖေရှိစဉ်ကတည်းက မင်း အမိန့်ကိုနာခံခဲ့ရင် ဒီလိုဖြစ်မလား။ မင်းကြောင့်လည်း ဖေဖေ စိတ်သောကတွေရောက်ပြီး နှလုံးဖောက်သွားတာပါ။

မင်းကိုလည်း စိတ်နာတယ်။ ဘာ ကိုကို့ကို ချစ်တာလဲ။ မင်း အရမ်းပျော်နေပြီ မဟုတ်လား။ ငါ့ကို မင်းလက်ထပ်ချင်တာမှ မဟုတ်တာ။

ဘယ်လိုမှ မလွဲသာတော့ဘဲ သူငယ်ချင်းဆယ်ယောက်ကို ဖိတ်လိုက်ရသည်။

'ဒီမိန်းမက မင်းအထိန်းတော် မဟုတ်လား ဖေ၊ ဘာဖြစ်တာလဲ၊ မင်းဖူးစာရှင်က စန္ဒကူးဆို… အရမ်းလှတဲ့ ကောင်မလေးဆို…'

'ဘာမှ မမေးပါနဲ့ကွာ၊ ပျိုက မေမေရွေးချယ်တဲ့ ချွေးမလောင်းလေ'

ဖေစိတ်ညစ်လွန်း၍ ဆေးရုံဂျူတီပြီးလည်း အိမ်မပြန်ပဲ ဆေးရုံမှာပဲ နေပစ်သည်။ ဖေ Posting ကျရင်တော့ နယ်ကို ပြောင်းရမှာပါ။ အဲဒီတော့လည်း ပျိုက လိုက်မှာပဲ။ ရှောင်လွှဲလို့





မရပါလား။ ညအိပ်ရာဝင်ခါနီးမှ ဖေ ပြန်ရောက်လာတော့ ပျိုက သူ့အိပ်ခန်းထဲအထိ လိုက်လာသေးသည်။ အိပ်ရာပေါ်တက်ပြီး သူ့မျက်လုံးတွေ မှိတ်ပစ်မှ ထွက်သွားသည်။

'ဖေဖေရေ… ဖေ့ရဲ့ဖူးစာရှင်အစစ်အမှန်က စန္ဒကူးပဲဆို၊ အခုတော့ ဘယ်လိုဖြစ်ရတာလဲ၊ မကြာခင် အစ်မပျိုနဲ့ လက်ထပ်ရတော့မယ်၊ မေမေ့အမိန့်လေ၊ သား ဖေဖေ့နောက်ကိုတောင် လိုက်ချင်တယ်'

ဖေ နာကျင်စူးရှတဲ့ နှလုံးသားတွေနှင့် ဖေဖေ့ကို တမ်းတမိသည်။ ဖေချစ်တာက စန္ဒကူးပါ။ ဘာဖြစ်လို့များ ဖေ့ဖူးစာရှင်က ပျို ဖြစ်နေရတာလဲ။ ညဥ့်နက်မှ ဖေ အိပ်ပျော်သွားသည်။

'သားဖေ'

'ဟင်… ဖေဖေ'

'ပျိုမဒီဆိုတဲ့ ကောင်မကို သားလက်မထပ်ရဘူး၊ တိမ်ဖြူကိုလည်း မယုံနဲ့'

'တိမ်ဖြူ… ဘယ်က တိမ်ဖြူလဲ'

သူ့ကို ဖေဖေက ခပ်လှမ်းလှမ်းကနေ ဖေဖေသေဆုံးစဉ်ကဝတ်စုံနှင့် ခေ့ခေ့စူးစူးစိုက်ကြည့်ကာ ပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'တိမ်ဖြူဆိုတာ သားမိတွေးလေ၊ တိမ်သခင်မအမည် ခံထားတာ၊ မင်းအမေအရင်း မဟုတ်ဘူး၊ မိတွေးပဲ၊ ဖေဖေကလွဲပြီး ဘယ်သူမှ မသိကြဘူး၊ သူ့နာမည်က မတိမ်ဖြူပဲ'

'ဖေဖေ ဘာတွေပြောနေတာလဲ၊ မေမေက သားအမေအရင်း မဟုတ်ဘူးလား'

'အေး… မိတွေးပဲ၊ ဖေဖေ့ကိုလည်း သူသတ်တာ၊ ဖေဖေ သောက်နေကျ နှလုံးဆေးကို အလွန်အကျွံ ကော်ဖီထဲ ထည့်ပြီး သူတိုက်တာလေ၊ ဖေဖေ့အိပ်ခန်းထောင့်မှာ ရှိတယ်၊ စစ်ဆေးပါ'

'ဖေဖေ..'

'မြတ်မြတ်ဆီမှာ သက်သေရှိတယ်၊ စန္ဒကူးက သားရဲ့ ဖူးစာရှင်ပဲ'

'ဖေဖေ'

'ဖေဖေ'

ဖေဖေက သူ့ရှေ့ကနေ ကျောခိုင်းထွက်ခွာသွားသည်။ နောက်ကနေ သူလိုက်ခေါ်ရင်း လန့်နိုးသွား၏။ ဇေ့ ခန္ဓာကိုယ် တစ်ခုလုံး ချွေးတွေ ပျံနေသည်။

'ဖေဖေက ဘာပြောသွားတာလဲ၊ မေမေက ဇေ့မိထွေး တဲ့၊ အိပ်မက်က ပီပြင်လွန်းလိုက်တာ'





သူ ထပြီး ထိုင်သည်။ ဖေဖေဝိညာဉ်က သတိလာပေးတာပဲ။ အံ့သြစရာကောင်းလောက်အောင် ပီပြင်နေ၏။ မေမေက ဇေ့အမေအရင်း မဟုတ်ဘူးတဲ့။ ဖေဖေ့နောက်မိန်းမတဲ့ နာမည်က မတိမ်ဖြူတဲ့။ ဇေ ဘာမှနားမလည်နိုင်တော့ပေ။ အန်တီမြတ်ဆီမှာ သက်သေရှိတယ်တဲ့။ ပြီးတော့ ဖေဖေ့အိပ်ခန်းထောင့်မှာ ကော်ဖီခွက် ရှိတယ်။ စစ်ဆေးပါတဲ့။ ဇေ တုန်လှုပ်ချောက်ချားနေသည်။ ဒါတွေသာ အဖြစ်မှန်တွေဆိုရင်တော့ သူ စိတ်မထိန်းချုပ်နိုင်ဘဲ အန်တီမြတ်ဆီ ဖုန်းဆက်သည်။

'အန်တီမြတ် ဖေဖေနဲ့ပတ်သက်ပြီး ဘာသက်သေရှိလဲ ဟင်'

'သက်သေ၊ အင်း… ကိုမိုးသခင် မသေခင် အန်တီ့ဆီ ဖုန်းဆက်တယ်၊ အဲဒီအသံတော့ အန်တီ အသံသွင်းထားတာ ရှိတယ်၊ ဒါပါပဲ'

'ဇေ လိုချင်တယ်၊ အမြန်ပို့ပေးပါ၊ စန္ဒကူးရော'

'စန္ဒကူးကတော့ အရင်နဲ့ မတူအောင်ဘဲ ပြောင်းလဲနေပြီ ဇေ၊ မင်းနဲ့တော့ ပြီးဆုံးသွားပါပြီကွယ်၊ မင်းလက်ထပ်ရမှာက ပျိုမဒီပဲ၊ မိခင်စကားကိုပဲ နာခံပါ၊ စန္ဒကူးကို မေ့ပစ်လိုက်ပါ'



www.burmeseclassic.com

www.burmeseclassic.com



တော့။ ကိုသခင်နဲ့ ဖုန်းပြောတဲ့အသံကိုတော့ကူးပြီး အန်တီ ပို့ပေးမယ်၊ မင်းဆေးရုံကိုလေ'

အန်တီမြတ် ဖုန်းပိတ်လိုက်သည်။ ဇေနှင့် ဆက်မပြောချင်ပုံပင်။ စန္ဒကူး လိမ္မာနေပြီတဲ့။ ဖေဖေကတော့ စန္ဒကူးကပဲ သားဇေရဲ့ ဖူးစာရှင်အစစ်အမှန်တဲ့။

ထုံးစံအတိုင်း ပျိုကတော့ သူ့ကို တယုတယ ပြုစုပေးသည်။

'ဇေ… ဒီနေ့တော့ ပျိုတို့ အဝတ်အစားတွေ သွားယူရမယ်လေ၊ မင်းဆေးရုံကနေ ဘယ်တော့ Duty ပြီးမလဲ'

'ဇေ မအားသေးဘူး ပျို၊ လုပ်စရာအလုပ်တွေ ရှိသေးတယ်'

'လက်ထပ်ပွဲက နီးနေပြီလေ၊ ခွင့်ယူသင့်တယ်၊ မေမေကလည်း ဇေ့ကို ခွင့်ယူဖို့ ပြောထားတယ် မဟုတ်လား'

'အချိန်တွေ ရှိပါသေးတယ် ပျို'

'ကြည့်စမ်းကွယ်၊ မောင်ကလည်း… အဲဒီလောက်ကြီး မစိမ်းပါနဲ့'

ပျိုမျက်နှာက သူ့မျက်နှာအနား တိုးကပ်လာသဖြင့် ဇေ





အထိတ်တလန့် နောက်ဆုတ်ပစ်လိုက်ကာ သူ့အခန်းထဲကနေ ထွက်လာပြီး ဖေဖေ့အိပ်ခန်းထဲ ဝင်လာခဲ့သည်။ ကော်ဖီခွက်ကို ရှာ၏။ သူ စာတ်ခွဲခန်းပို့ပြီး စစ်ဆေးရမယ်။

ဖေဖေ သေဆုံးစဉ်က ခန္ဓာကိုယ်တစ်ခုလုံး ပြာနှမ်းနေတာ သဘာဝလွန် ဖြစ်နေသည်။ ဖေဖေ့အိပ်ခန်းက ယခင်အတိုင်းပဲ မရှင်းလင်းရသေးဘဲ ထား၏။ သူ သေသေချာချာ ရှာတော့မှ အခန်းထောင့်တွင် ကော်ဖီခွက်ကို တွေ့လိုက်ရသည်။

'အိပ်မက်က မှန်နေပါလား၊ ကော်ဖီခွက်လည်း တွေ့တယ်၊ ဒါဆို…'

ဇေ အသားတွေပင် တဆတ်ဆတ်တုန်ယင်လာပြီး ဇောချွေးတွေ ပျံလာသည်။

ဘာတွေဖြစ်နေပြီလဲ။

အိပ်မက်တွေက အမှန်တွေ ဖြစ်နေပြီလား။ အတွေးနှင့်ပင် ဇေ ချောက်ချားလာ၏။ ကော်ဖီခွက်ကိုယူပြီး ဇေဆေးရုံသို့ ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၀)

အန်တီမြတ် ပို့ပေးလိုက်တဲ့ ဖေဖေ့အသံကို ကြားလိုက်ရ၍ နေ့ရင်ထဲမှာ သံသယတွေ ပိုကြီးထွားသွားရသည်။ ဖေ ဘာဆက်လုပ်ရမလဲ။

ဖေဖေ လုပ်ကြံခံရတာပဲ။ ပို၍ သေချာသွားရတာက မာတ်ခွဲခန်းအဖြေပင်။ ကော်ဖီထဲမှာ နှလုံးဆေးမှုန့်တွေက ရှိနေခဲ့၏။ ဖေ့ရှေ့မှာ လောကကြီးတစ်ခုလုံး ချာချာလည်သွားသလိုပင်။ တကယ်ပဲ မေမေက သူ့မိထွေးလား။ ပျိုကရော မေမေ့သမီးဖြစ်နိုင်၏။ ထို့ကြောင့်ပင် သူနှင့် စန္ဒကူး လက်ထပ်မှာ ကန့်ကွက်၍ ပျိုကျတော့ အတင်းအကျပ် လက်ထပ်ပေးဖို့ စီစဉ်နေသည်။

အထောက်အထားတွေယူပြီး ဖေအိမ်ပြန်လာခဲ့၏။ မေမေ့အိပ်ခန်းထဲသို့ ဝင်လာခဲ့သည်။





'ဒေါ်တီမ်ဖြူ'

'ရှင်... အဲ...'

သူ့ကို တွေ့လိုက်တော့ မေမေ့မျက်နှာ သွေးဆုတ်ဖြူရော်သွားသည်။

'မေမေ့နာမည်အရင်းက ဒေါ်တီမ်ဖြူ မဟုတ်လား၊ ကျွန်တော့်အဖေရဲ့ နောက်မိန်းမ တစ်ယောက်လေ'

'မင်း... မင်းကို ဘယ်သူပြောတာလဲ ဖေရတ့၊ မင်း ဘာတွေ လာပြောနေတာလဲ၊ ဖေါ့ရဲ့အတိတ်အကြောင်းကို မင်း ဘယ်လိုလုပ်သိတာလဲ၊ မြတ်မြတ်ပြောတာလား၊ သူလည်း မသိပါဘူး၊ မင်း... မင်း...'

မေမေက ဝန်ခံလိုက်သဖြင့် ဖေပို၍ပင် တုန်လှုပ်ချောက်ချားသွားရသည်။ မေမေက မိထွေးပီသစွာ သူ့အပေါ် ရက်စက်ခဲ့၏။

ဖေက 'ကော်ဖီခွက်ကိုပြလိုက်တော့ မေမေ့မျက်နှာ လုံးဝ သွေးမရှိတော့။ မျက်လုံးပြူးကြီးတွေနှင့် ကြည့်ကာ လက်ညှိုးကြီးထိုး၍ မေးသည်။

'ဒါ... ဒါ မင်းဘယ်က ရလာတာလဲ၊ ဒီကော်ဖီခွက်က မင်းအားလုံး သိသွားပြီလား ဖေရတ့၊ မေမေ တောင်းပန်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



မေမေ မှားသွားပါတယ်၊ မေမေ့ကို ရဲလက်ထဲ မအပ်ပါနဲ့၊ အမှု မဖွင့်ပါနဲ့၊ ဒီစံအိမ်ကြီးထဲကနေ သမီးပျို့မဒီကို ခေါ်ပြီး ထွက်သွားပေးပါ့မယ်ကွယ်'

ဇေ ဘာတစ်ခုမှ မမေးရသေးဘဲနှင့် ဒေါ်တိမ်ဖြူက ဝန်ခံပြီး တောင်းပန်သည်။ ကြမ်းပြင်ပေါ်မှာ ဒူးထောက်ထိုင်ချ၏။ ပျို့မဒီလည်း ဝင်လာသည်။

'ဟင်… မေမေ ဘာလုပ်နေတာလဲ၊ ဇေ ဘာဖြစ်တာလဲ'

'သမီးပျို့ မေမေတို့ ဒီကနေ ထွက်သွားရအောင် မေမေတို့ လုပ်ကြံမှုတွေကို ဇေ သိသွားပြီ၊ ထောင်ထဲပို့တော့မယ်၊ ထွက်သွားကြရအောင်'

'ဟင်… မေမေပြောတာတွေ ဟုတ်လား ဇေ၊ မင်းကို ဘယ်သူ ပြောလိုက်တာလဲ၊ ပျို့တို့ တောင်းပန်ပါတယ်၊ ခွင့်လွှတ်ပေးပါ၊ ဒီကနေ ထွက်သွားဆိုရင်လည်း ထွက်သွားပေးပါ့မယ်နော်'

သူတို့ဟာသူတို့ မလုံမလဲနှင့် မစစ်ဆေးမမေးမြန်းရသေးဘဲနှင့် ဝန်ခံပြီး တောင်းပန်နေကြသည်။





'သားဇေ… မေမေ့ကို ဒီတစ်ကြိမ်ပဲ ခွင့်လွှတ်ပေးပါ၊ အပြစ်မပေးပါနဲ့၊ ထောင်ထဲ မပို့ပါနဲ့'

'နောက်ကျသွားပါပြီ ဒေါ်တိမ်ဖြူ၊ ရဲတွေ ရောက်လာပါပြီ'

'ဟင်'

'အမလေး'

'ဒေါ်တိမ်ဖြူတို့ကို ဘာမှ မစစ်ဆေးမမေးမြန်းရသေးဘဲ ဝန်ခံလိုက်တော့ သက်ဆိုင်ရာတွေက ကြားသွားပြီလေ၊ ကျူးလွန်ထားတဲ့ ပြစ်မှုအတွက် ဥပဒေအရပဲ ရှင်းပါတော့'

'ဇေရတု'

'ဇေ'

အိမ်ထဲမှာ အဆင်သင့်ရောက်နေကြတဲ့ သက်ဆိုင်ရာတွေ ရောက်လာပြီး ဒေါ်တိမ်ဖြူနှင့် ပျို့မဒီတို့ကို လက်ထိပ်ခတ် ဖမ်းဆီးခေါ်ဆောင်သွားကြသည်။

'မေမေတို့ မှားပါတယ်၊ အမှုကို ရုပ်သိမ်းပေးပါ သားဇေရယ်'

'ဇေရယ်… ပျို့လည်း တောင်းပန်ပါတယ်၊ အမှုကို ရုပ်သိမ်းပေးပါ၊ ဇေ့ကို ချစ်လွန်းလို့ အရယူဖို့ ကြိုးစားခဲ့မိတာပါ'



www.burmeseclassic.com

www.burmeseclassic.com



ဖေလည်း စိတ်မကောင်းပါဘူး ပျို။ ဖေ့အနားမှာ အကြံနဲ့နေကြတာပဲ။ ဒေါ်တီမိဖြူက ဖေ့ထက် ပျိုကိုပို၍ ဂရုတစိုက်ရှိခဲ့သည်။ အရေးပေးနေ၏။ စန္ဒကူးကိုလည်း နှိပ်စက်ခဲ့သည်။ ပြီးတော့ ကျေးမွေးစောင့်ရှောက်လာခဲ့တဲ့ ခင်ပွန်းကိုလည်း ရက်စက်စွာ ကြံစည်ခဲ့ကြ၏။ အားလုံး ဥပဒေအတိုင်းပဲ ရင်ဆိုင်ကြရမှာပဲ ဖြစ်သည်။ ဘယ်လိုမှ ခွင့်လွှတ်ပေးနိုင်စရာမရှိပေ။ ဖေဖေပင် သူ့စိတ်နှင့် မကျွတ်မလွှတ်နိုင်ဘဲ ဖြစ်နေသည်။

'ဖေဖေ… အားလုံး ရှင်းသွားပါပြီ၊ တမလွန်ဘဝကနေ ဖေဖေ ကျေနပ်ပါတော့၊ ပြီးတော့လည်း သားဖေရဲ့ဖူးစာရှင် စန္ဒကူးကိုလည်း သားကိုချစ်နေအောင် စောင့်ရှောက်ပေးပါ ဖေဖေ'

❀



BURMESE CLASSIC .com

ဖေ ဖေဖေ့ကို တမ်းတပြီး ဆုတောင်းမေတ္တာပို့မိသည်။ စန္ဒကူးဆီသွားတွေ့ဖို့ သူ ဝန်လေးနေဆဲပင်။

စန္ဒကူးက သူ့ကို ပုံတုံးကြီးဆိုပြီး လက်မထပ်ချင်တာပါ။ ဖေဖေက ရိုးရာအဝတ်အစားတွေ ဝတ်ဆင်တာပဲ နှစ်သက်လက်ခံခဲ့၏။ စန္ဒကူးရေ ကိုကို ဘာဝတ်ရမှာလဲ။ မင်း နှစ်သက်သဘောကျမယ့်ဝတ်စုံ ရွေးနေရတယ်။

အန်တီမြတ်ကတော့ အရေးတကြီး မလုပ်နဲ့တဲ့။ အမှုပြီးအောင် စောင့်တဲ့။

ဒေါ်တီမိဖြူနှင့် ပျိုမဒီတို့ကလည်း ဝန်ခံလိုက်၍ အမှုကပြီးဆုံးသွားကာ ဥပဒေရဲ့ အပြစ်ပေးတဲ့အပြစ်ဒဏ် အသီးသီးကျခံသွားကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှုပြီးတဲ့နောက်တစ်နေ့မှာပဲ ဇေ ဘယ်လိုမှ မာနတွေပြမနေနိုင်တော့ဘဲ စန္ဒကူးဆီ သွားခဲ့၏။ ဇေ့ကိုမြင်တော့ စန္ဒကူးက နှုတ်ခမ်းလေးမဲ့ရွဲ့ကာ စေ့စေ့ကြည့်သည်။

'ဘယ်သူလဲ'

'ကိုကိုဇေရတုလေ စန္ဒကူး၊ မင်း ဘာကြောင့်ကြည့်နေတာလဲ'

'သြော်… ကိုကိုဇေရတုလား၊ ဟွန်း… ဒီဝတ်စုံကြီးနဲ့ မလိုက်ဖက်လိုက်တာ၊ စန္ဒကူး တလေးတစားချစ်ရတဲ့ ကိုကိုဇေရတုက မရမ်းစေ့ရောင်ချည်ပုဆိုးနဲ့ ရှပ်အင်္ကျီလည်ကတုံးအဖြူရောင်လက်ရှည်လေးနဲ့ အရမ်းခံ့ညားပြီးချောမောကျက်သရေရှိတဲ့ ယောကျ်ား'

'ဟာကွာ… ကူးလေးကလဲ၊ ကိုကိုက မင်းသဘောကျမယ့် ဂျင်းဘောင်းဘီနဲ့ တီရှပ်ကို မနည်းရွေးပြီး ဝတ်လာရတာ၊ မနောက်ပါနဲ့၊ ကိုကို ဘယ်လောက်အထိ အနေအထိုင်ရခက်လဲသိလား'

'စန္ဒကူး နောက်တာ မဟုတ်ပါဘူး၊ တကယ်ပြောတာပါ၊





အခု စန္ဒကူးတောင် မြန်မာဆန်ဆန် အဝတ်အစားတွေ ဝတ်ပြီးမိန်းကလေးပီပီသသ နေတတ်အောင် လေ့ကျင့်ခဲ့တာလေ၊ ကိုကို မတွေ့ဘူးလား'

ဟုတ်သားပဲ၊ စန္ဒကူးက ယခင်ကနှင့်မတူအောင် ပြောင်းလဲနေသည်။ ဝတ်စားပြင်ဆင်ထားတာကအစ ကျက်သရေရှိလွန်းနေ၏။

ဇေ့စိတ်တွေ ဘယ်လိုမှ ထိန်းချုပ်မထားနိုင်တော့ဘဲ ဘာကိုမှ ဂရုမစိုက်နိုင်တော့သလို ပေါက်ကွဲစွာဖြင့် စန္ဒကူးခန္ဓာကိုယ်လေးအား သိမ်းကြုံးပွေ့ဖက်ပစ်လိုက်သည်။

'ဟင်… ကိုကို ဘာလုပ်တာလဲ၊ လွှတ်ပါ၊ တကယ်ပဲ ကိုကို အရမ်းသွက်နေပြီ'

'ချစ်တယ်၊ စန္ဒကူးကို အရမ်းချစ်တယ်ကွာ၊ ကံကောင်းလို့ စန္ဒကူးနဲ့ ကိုကိုတို့ မဝေးရတာပါ၊ စန္ဒကူးလည်း ကိုကို့ကို ချစ်တယ် မဟုတ်လား၊ ပြောပါကွာ၊ ချစ်တယ်လို့ ကိုကို့ကို စန္ဒကူး ချစ်တယ်လို့'

'ဘာတွေ လာမေးနေတာလဲ၊ ပြောပြီးပြီလေ'



www.burmeseclassic.com

www.burmeseclassic.com



'ထပ်ပြောစမ်းပါ၊ ကိုကို ထပ်ကြားချင်တယ်'

'ကိုကိုရယ်၊ စန္ဒကူးလေ ကိုကို့ကို အရမ်းချစ်ပါတယ်၊ ကိုကိုနဲ့ စန္ဒကူးတို့က ဖူးစာရှင်တွေပဲလေ၊ မချစ်ဘဲ ဘယ်လိုမှ မနေနိုင်ပါဘူးနော်၊ ကိုကို့ကို စန္ဒကူး အရမ်းချစ်တယ်'

'စန္ဒကူးရယ်'

စန္ဒကူးကိုယ်လုံးလေးအား တင်းကျပ်စွာ ပွေ့ဖက်ရင်း မျက်နှာလေးအနံ့ နမ်းရှိုက်မိသည်။

ဝေးပြီလို့ ထင်ထားတဲ့ ချစ်သူကို ဖူးစာရှင်စစ်မှန်၍ ပြန်လည်ပေါင်းဆုံခွင့် ရခဲ့တာပဲ မဟုတ်လား။ ဖေနှင့် စန္ဒကူး အမြန်လက်ထပ်ကြမယ်။

ဖေဖေလည်း ကျေနပ်သွားမှာပါ။ ဖေဖေ့အတွက်လည်း ကောင်းမွန်ရာဘဝသို့ စိတ်အေးလက်အေး ဝင်စားနိုင်ရန် ဆွမ်းကျွေးအလှူလုပ်ပြီး အမျှဝေရမည် ဖြစ်သည်။

ကိုကိုက ကျွန်မရဲ့ ဖူးစာရှင်ပါကိုကိုရယ်ဟု စန္ဒကူး နှုတ်ခမ်းလေးဆီမှ တတွတ်တွတ် ရေရွတ်သံ ဖေ့နှလုံးသားဆီ ပဲ့တင်ထပ်နေ၏။



BURMESE CLASSIC .com



ဇေရတုက တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားမှုကြောင့် ချစ်သူနှစ်ယောက်ရဲ့ရင်ခုန်သံတွေ ရောထွေးသွားစေတော့သည်။

သင်မြတ်နိုး



www.burmeseclassic.com